# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လောကကိုထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏) **လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၈၀ ပြည့်နှစ်၊ နယုန်လကွယ် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၃)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနက သီးသန့်တွေ့ဆုံမေးမြန်းခြင်း



(ယမန်နေ့မှ အဆက်) စာမျက်နှာ » ၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက် မြောက်နေ့ ကျင်းပ


**နေပြည်တော် ဇွန် ၁၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

### ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်မည်ဖြစ်ကြောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

အစည်းအဝေးတွင် ပြည်သူ့ လွှတ်တော်ကော်မတီဝင်များ ထပ်မံ ထည့်သွင်းဖွဲ့စည်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ မိုင်းရှူး မဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ) ဦးစိုင်းထွန်းအေး၊ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ) ဦးအောင်ရွှေ၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးဌေး၊ ကျေးသီး မဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ လွိုင်ကော်မဲဆန္ဒနယ်မှ

*စာမျက်နှာ ၆ ကော်လံ ၁* ❍




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက် မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ




**နေပြည်တော် ဇွန် ၁၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုခဲ့သည်။

### ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ ဆောင်ရွက်

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ◆

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်အရေးဆိုင်ရာ ဒဿန

**NHK** သတင်းဌာနနှင့် တွေ့ဆုံရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အရေး၏ သော့ချက်ကျသော အတွေးအခေါ်တစ်ရပ်ကို ဖွင့်ဟပြောဆိုခဲ့ပါသည်။ ဤသည်မှာ “ပြဿနာတစ်ခုကို ဘက်ပေါင်းစုံက မစဉ်းစား၊ မတွေးခေါ်ဘဲ ရှေ့တိုးနေသရွေ့ဘယ်သူ့အတွက်မဆို အန္တရာယ်များလွန်းတယ်လို့ ကျွန်မထင်ပါတယ်”ဟု ဖွင့်ဟပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဖွင့်ဟပြောဆိုခဲ့သော သဘောထားသည် ရခိုင်ပြည်နယ်အရေး ချဉ်းကပ်ရာ၌ မလွှဲမသွေဆုပ်ကိုင်ရမည့် သဘောထားဖြစ်ပါသည်။ ချဉ်းကပ်ပုံလွဲမှားနေပါက ပြဿနာ၏အဖြေကို ရှာဖွေနိုင်စွမ်းမရှိသည်မှာ လူ့ဘောင်လောကထုံးစံ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် အဆင့်ဆင့်အချိန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်သာ ဖြစ်ပါသည်။ တချို့သော နိုင်ငံတကာအင်အားစုတို့သည် မြန်မာနိုင်ငံက စုံစမ်းရေးကော်မရှင် ဖွဲ့စည်းခြင်းအပါအဝင် ကုလသမဂ္ဂအေဂျင်စီနှစ်ရပ်နှင့် လက်မှတ်ရေးထိုးခဲ့ခြင်းအပေါ် နိုင်ငံတကာဖိအားကြောင့် လိုက်လျောရခဲ့လေဟန် အနုတ်လက္ခဏာသဘော ဝေဖန်ကြပါသည်။ သို့သော် အချက်အလက်အမှန်မှာ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်ပြဿနာ၏ ရေရှည်တည်တံ့သော အဖြေတစ်ရပ်ရရှိရေးဟူသောရည်ရွယ်ချက်ဖြင့် ဒေါက်တာကိုဖီအာနန်၏ ကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်နှင့်အညီ ဤကော်မရှင်၏ အကြံပြုချက်များအရ လိုအပ်သော လုပ်ငန်းစဉ်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်။ သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် အပြန်အလှန်ညှိနှိုင်းကြရာ၌ အချို့သောကိစ္စရပ်တို့ကို ချက်ချင်း သဘောတူညီနိုင်သော်လည်း တချို့သောကိစ္စရပ်များ၌မူ နှစ်ဦးနှစ်ဖက်ကြားက အစိုင်အခဲတချို့အား ချေဖျက်ရသည်ဖြစ်၍ အချိန်ယူရပါသည်။ ဤကဲ့သို့ အချိန်ယူရသည်ကို လိုက်လျောဖို့ခက်ခဲသည်ဟု မယူဆသင့်သကဲ့သို့ မေးသင့်မေးထိုက်သော မေးခွန်းတို့အား မေးမြန်းခြင်းကိုလည်း ဖြေရှင်းမရနိုင်ဟု အဓိပ္ပာယ်မဖွင့်ဆိုသင့်ပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထက်ပါ အယူအဆတို့ကို သုံးသပ်ကြည့်လျှင်ပင် မှန်ကန်မျှတ ဟန်ချက်ညီသော အတွေးအခေါ်တို့ရှိနေသည်မှာ ပေါ်လွင်ထင်ရှားနေပြီ ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ ကြားဝင်စေ့စပ်မှုအား မလိုလားဟူသော စွပ်စွဲပြစ်တင်မှုတို့ကို တချို့သော နိုင်ငံတကာအင်အားစုတို့က ပြုလုပ်ကြပါသည်။ ရာစုနှစ်ချီကြာလာခဲ့သော ရခိုင်ပြည်နယ်ပြဿနာအား (၂) နှစ်သက်တမ်းရှိသော အစိုးရက လပိုင်းအတွင်း ဖြေရှင်းနိုင်မည်ဟု ပြောဆိုနေသည့် အင်အားစုတို့သည် အာဏာရှင်အတွေးအခေါ် ဆုပ်ကိုင်သူတို့သာ ဖြစ်သည်ဟု ပြောဆိုရမည် ဖြစ်ပါသည်။ အမိန့်ပေးအင်အားသုံးဖြေရှင်းခြင်းသည် အာဏာရှင်တို့၏ အမူအကျင့်သာ ဖြစ်ပါသည်။

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဝေဖန်အပြစ်တင်နေသည့် အင်အားစုများအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ယုံကြည်မှုဆိုတာ အသွားအပြန်ရှိတဲ့ လုပ်ငန်းကိစ္စပါ၊ ယုံကြည်မှု တည်ဆောက်တယ်ဆိုတဲ့နေရာမှာ မြန်မာဘက်ကချည်း တာဝန်ရှိတယ်ဆိုတာမျိုးကတော့ ကျွန်မလက်မခံပါဘူး”ဟု ထောက်ပြခဲ့ခြင်းသည် အမှန်တရားကို မြတ်နိုးသူတိုင်းက လေးစားလိုက်နာရမည့် အချက်ဖြစ်ပါသည်။ ဤအချက်ကို ပိုမိုပေါ်လွင်စေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “တချို့တွေ ပြန်လာကြတယ် ဆိုပေမယ့် တရားဝင်လမ်းကြောင်းတွေ အတိုင်းတော့ မဟုတ်ပါဘူး၊ အဲဒီပြန်လာသူတွေ ကိုယ်တိုင်ကလည်း ပုံစံစာရွက်တွေဖြည့်ဖို့ လိုတယ်ဆိုတာ၊ တိတိကျကျ သတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်တွေရှိတယ်ဆိုတာ လုံးဝမသိခဲ့ဘူးလို့ ပြောကြပါတယ်”ဟု မီးမောင်းထိုးပြသခဲ့ခြင်းသည် နေရပ်စွန့်ခွာသူများ ရခိုင်ပြည်နယ်သို့ အစီအစဉ်တကျ ပြန်လည်မရောက်ရှိကြသေးခြင်း၏ အဖြစ်မှန်ကို ညွှန်ပြလိုက်ခြင်းဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် **NHK** သတင်းဌာနနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ဆိုချက်တို့သည် ရခိုင်ပြည်နယ်၏ ရေရှည်တည်ငြိမ် ငြိမ်းချမ်းဖွံ့ဖြိုးမှုကို လိုလားသည့် ပုဂ္ဂိုလ်တိုင်းက ထွေးပွေ့ရမည့် ဒဿနတို့ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ဘားအံ၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတို့ကို ရှင်းလင်း

**ဘားအံ ဇွန် ၁၁**

ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ၂၀၁၈ ခုနှစ် မေလအထိ မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှစ်ခု၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတစ်ခုတို့ကို ဆောင်ရွက်ခွင့်အတည်ပြုမိန့်ထုတ်ပေးခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးငွေကျပ်သန်း ၁၀၁၀၀ နှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကျော်ကို ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ၄၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ဇွန် ၁၁ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးမှူးဦးစီးဌာန (DICA) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် (DICA) မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာလွင်သူဇာရွှေက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်က မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးဦးနိုင်ဝင်းတိုးက ပြည်နယ်နှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို လည်းကောင်းရှင်းလင်းတင်ပြကြပြီး ဒေါက်တာ မာလာမျိုးညွန့်၊ ဦးနိုင်ဝင်းတိုး၊ ဒေါက်တာဝဏ္ဏအောင်၊ ဒေါ်သင်းသင်းမြတ်နှင့် ဒေါ်စောသက်စုဝင်းတို့က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စကားဝိုင်းကို ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။



ကရင်ပြည်နယ်သည် ကောင်းမွန်သည့်မြေဆီသြဇာများ၊ သာယာလှပသည့်မြစ်ချောင်းတောတောင်များ၊ ရှေးဟောင်းဂူဘုရားများ၊ အဖိုးတန်သတ္တုသိုက်များ စသည်ဖြင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် ဒေသတစ်ခုဖြစ်ပြီး ထိုင်း-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိ၍ ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် အချက်အချာကျကာ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသော ဒေသတစ်ခုဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအရသော်လည်းကောင်း၊ သဘာဝအရင်းအမြစ်အနေအထားအရသော်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်သော်လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာပြီး ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်နယ်အစိုးရ အဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ထီးစဲခါးရေတံခွန် အပန်းဖြေစခန်းလှပရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**လွိုင်ကော် ဇွန် ၁၁**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် လွိုင်လင်လေးမြို့အနီးရှိ ကယားပြည်နယ်၏ အထင်ကရ ထီးစဲခါးရေတံခွန်အပန်းဖြေစခန်း သာယာလှပရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့က ဘက်စုံတည်ဆောက်ပြုပြင်မွမ်းမံအလှဆင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထီးစဲခါးရေတံခွန်အပန်းဖြေစခန်း သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှာ ထီးစဲခါးကျေးရွာထိပ်မှ ရေတံခွန်အပန်းဖြေစခန်း ယာဉ်များ ရပ်နားရန် နေရာအထိ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းသစ်ဖောက်လုပ်ခြင်း၊ ရေတံခွန်အပေါ်ဘက် နမ့်တန်ဖခေါ် နမ့်တဘက်ချောင်းအတွင်း အရှည်ပေ ၁၂၀၊ အကျယ်ခြောက်ပေရှိ လူကူးတံတားတစ်စင်း၊ အရှည် ၂၅ ပေ၊ အကျယ်ခြောက်ပေရှိ လူကူးတံတားနှစ်စင်း၊ အရှည်ပေ ၄၀၊ အကျယ်ခြောက်ပေရှိ လူကူးတံတားတစ်စင်း အရှည် ၄၆ ပေ အကျယ်ခြောက်ပေရှိ လူကူးတံတား စုစုပေါင်း ငါးစင်း တည်ဆောက်ခြင်း၊ ရေတံခွန်အောက်ဘက်ရှိ အရှည် ၁၂၆ ပေ၊ အကျယ်ခြောက်ပေရှိ လူကူးတံတားအဟောင်းကို တံတားလက်ရန်းမွမ်းမံပြီး အဆိုပါ တံတားပေါ်၌ ကိန္နရီကိန္နရာမောင်နှံရုပ် တည်ဆောက်ခြင်း၊ ရေတံခွန်အပေါ်ဘက် နမ့်တန်ဖခေါ် နမ့်တဘက်ချောင်းအတွင်း ကိန္နရီကိန္နရာမောင်နှံ နှစ်ဖော်ရုပ်တု တည်ဆောက်ခြင်း၊ ယာဉ်များရပ်နားရန် မြေရှင်းခြင်း၊ အပန်းဖြေနားနေရန် မြေနေရာများ သန့်စင်ခြင်းတို့ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၀၇ ဒသမ ၁၄ သန်းကုန်ကျခဲ့ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေတံခွန်သည် ရှမ်းပြည်နယ်မှ အစပြုစီးဆင်းပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ်ကို ဖြတ်သန်းလျက် ပွန်ချောင်းအတွင်း စီးဝင်သော နမ့်တန်ဖခေါ် နမ့်တဘက်ချောင်းပေါ်တွင် ဖြစ်ပေါ်လျက်ရှိကာ ၂၀၀၁ ခုနှစ်မှစတင်၍ ထင်ရှားလာခဲ့သည်။

အစကနဦး ကာလများဆီက လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် ပွင့်လင်းရာသီကာလများတွင်သာ အပန်းဖြေလေ့လာရေးခရီးသည်များ လာရောက်အပန်းဖြေကြသော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီဖြစ်၍ အပန်းဖြေ ခရီးသွားများ အမြဲမပြတ်လာရောက်လျက်ရှိသည်ကို တွေ့မြင်ရသည်။ အမှတ်တရပစ္စည်း အရောင်းဆိုင်နှင့် စားသောက်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## ဂုတ်တွင်းတံတား ခြောက်ထပ်ကွေ့အဆင်း၌ ကားလမ်းခေတ္တပိတ်ဆို့

**နောင်ချို ဇွန် ၁၁**

နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ် အကြားရှိ ဂုတ်တွင်းကားလမ်းပိုင်း မိုင်တိုင်အမှတ် ၈၄/၂-၃ အကြား နောင်ချိုမြို့ဘက်အဆင်း ခြောက်ထပ်ကွေ့ကြီး၌ ဇွန် ၉ ရက် ည ၇ နာရီက ၂၂ ဘီးကုန်တင် ယာဉ်တစ်စီး၏ နောက်တွဲယာဉ်သည် အဆိုပါနေရာအရောက်၌ ကားလမ်းကွေ့၌ တိမ်းစောင်းမှုကြောင့် ကားလမ်းပိုင်းမတော်တဆပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကားလမ်းပိတ်ဆို့မှု မကြန့်ကြာစေရေးအတွက် ကျောက်မဲမြို့ နယ်မြေရဲစခန်း ကျောက်မဲခရိုင် အမှတ် ၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ ကျောက်မဲနောင်ချိုယာဉ်ထိန်းများ၊ နောင်ချိုမြို့မရဲစခန်း၊ ဂုတ်တွင်းတံတားလုံခြုံရေး တာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ အိုရီယမ် တယ်လမ်းစီမံကိန်းတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ည ၁၁ နာရီတွင် ခရီးသည်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



**ကမာရွတ်မြို့နယ် ပညာတန်ဆောင်စာကြည့်တိုက်အား စာအုပ်များလှူဒါန်းပွဲကို ဇွန် ၈ ရက်က အမှတ် ၆ ရပ်ကွက်တွင် ပြုလုပ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်က ပေးအပ်လှူဒါန်းသည့် စာအုပ်များကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်စိုးတို့က လက်ခံရယူနေစဉ်။**
ခင်မောင်သော်(ကမာရွတ်)

## ဒုတိယအကြိမ် ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) ဒုတိယအကြိမ်ဆရာဝန်ညီလာခံဖြစ်မြောက်ရေး ကော်မတီသည် ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇွန်လ ၁၅ ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင် (အေ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သဖြင့် ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားကြောင်း သတင်းရရှိသည်။

**ဗထူး**

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနမှ သတင်းထောက် Orie Sugimoto က သီးသန့်တွေ့ဆုံမေးမြန်းခဲ့သည်။ ယင်းတွေ့ဆုံမေးမြန်းမှုကို NHK ၏ ခွင့်ပြုချက်ဖြင့် ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်။**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနက သီးသန့်တွေ့ဆုံမေးမြန်းခြင်း

**ဘာသာပြန် - အောင်ထိန်**

ဒေါ်အောင်ဆန်းစုကြည်နှင့် NHK တို့သီးသန့်တွေ့ဆုံမေးမြန်းခန်း ပြုလုပ်နိုင်ခြင်းမှာ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသော ပြဿနာကို နေ့ချင်း ညချင်း ဖြေရှင်းနိုင်မည် မဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

*(ယမန်နေ့မှ အဆက်)*

**မေး။ ။ သိပ်မကြာသေးမီက ဂျပန်သံအမတ်ကြီး Mr. Maruyama ကိုမောင်တောနဲ့ စစ်တွေကိုကွင်းဆင်းကြည့်ရှုဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီကိစ္စမှာ ဂျပန်နိုင်ငံရဲ့အခန်းကဏ္ဍကို ဘယ်ပုံဘယ်နည်း အကဲဖြတ်သုံးသပ်လိုပါသလဲ။**

### လေ့လာနိုင်အောင် မူဝါဒချမှတ်ထား

ဖြေ။ ။ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့အခြေအနေနဲ့ ပတ်သက်ပြီး ဖြေရှင်းနိုင်ဖို့ အလွန်အပြုသဘောဆောင် စွာနဲ့ လက်တွေ့ကျကျ အကူအညီပေးနေတဲ့ နိုင်ငံကတော့ ဂျပန်နိုင်ငံဖြစ်ပါတယ်။ အခုလို ကူညီပေးတဲ့အတွက် ကျွန်မတို့ လေးစားတန်ဖိုးထားပါတယ်။ ရခိုင်ဒေသအတွက် အကူအညီ အထောက်အပံ့ပေးနေတဲ့နိုင်ငံတွေအနေနဲ့ အဲဒီမှာ ကျွန်မတို့ စီမံကိန်းတွေ ဘယ်လိုအကောင်အထည်ဖော်နေသလဲ ဆိုတာကို အသေအချာ မျက်မြင်ကြည့်ရှုနိုင်ဖို့ မကြာခဏ သွားရောက်လေ့လာနိုင်အောင်လည်း မူဝါဒချမှတ်ထားပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံရဲ့သဘောထားရပ်တည်ချက်ဟာ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် အနည်းငယ် ကွဲပြားခြားနားမှု ရှိတယ်လို့ ယူဆပါသလား။**

ဖြေ။ ။ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ သဘောထားရပ်တည်ချက်ဟာ တစ်မျိုးတစ်ဘာသာစီဖြစ်ပါတယ်။ နိုင်ငံအချို့က ဘုံသဘောထားရပ်တည်ချက်ကို ကိုင်စွဲကြသလို နိုင်ငံအချို့ကတော့ တစ်သီးပုဂ္ဂလ သဘောထားရပ်တည်ချက်ကို ကိုင်စွဲကြတယ်။ ဒါပေမယ့် ကျွန်မတွေးမိတာကတော့ သဘောထားရပ်တည်ချက်တစ်ခုတည်းကို တစ်ထပ်တည်း လက်ခံထားတဲ့ နိုင်ငံ နှစ်နိုင်ငံဆိုပြီး မရှိနိုင်ဘူးဆိုတာပါ။ ကွဲလွဲချက်အသေးအဖွဲ့ဆိုတာ ရှိစမြဲပေါ့။

**မေး။ ။ မြန်မာ-ဂျပန် ဆက်ဆံရေးရဲ့ ထူးခြားချက်အဖြစ် ဘယ်လိုယူဆပါ သလဲ။**

### အစဉ်အမြဲတန်ဖိုးထား

ဖြေ။ ။ မြန်မာ-ဂျပန် ဆက်ဆံရေးနဲ့ပတ်သက်ပြီး ထူးခြားချက်တစ်ရပ်လို့ ကျွန်မ မသတ်မှတ်ချင်ဘူး။ အဲဒီလို သတ်မှတ်မယ်ဆိုရင် အခြားနိုင်ငံတွေနဲ့ ကျွန်မတို့နိုင်ငံ ဆက်ဆံရေးဟာမကောင်းဘူးလို့ အဓိပ္ပာယ်သက်ရောက်နေလိမ့်မယ်။ ဒါပေမယ့် နှစ်နိုင်ငံပြည်သူတွေအကြား ရင်းနှီးချစ်ကြည်မှုနဲ့ အပြန်အလှန်နားလည်မှုအပေါ် အခြေခံထားတဲ့ ဂျပန်နဲ့ မြန်မာအကြား ဆက်ဆံရေးခိုင်ကျည်မှုကို ကျွန်မတို့အနေနဲ့ အစဉ်အမြဲ တန်ဖိုးထားတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်မ အမြဲပြောလေ့ရှိတာက နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုဆိုတာ ပြည်သူတွေရဲ့ရင်းနှီးချစ်ကြည်မှုအပေါ်မှာပဲ မူတည်ပါတယ်။

နှစ်နိုင်ငံပြည်သူတွေအကြား ရှိနေတဲ့ရင်းနှီးချစ်ကြည်မှုနဲ့ အပြန်အလှန်နားလည်မှုတို့ကို ဘာအရာနဲ့မှလည်း အစားထိုးလို့ မရနိုင်ပါဘူး။ အစိုးရတွေ ပြောင်းလဲသွားပေမယ့် ပြည်သူဆိုတာ ထာဝရရှိနေပါတယ်။ ရှင်ပြောဆိုနေတဲ့ ဂျပန်နဲ့ထူးခြားတဲ့ ဆက်ဆံရေးဆိုတာ နှစ်နိုင်ငံပြည်သူတွေအကြား ရင်းနှီးချစ်ကြည်မှု နက်ရှိုင်းစွာတည်ရှိခြင်းကြောင့် တစ်စိတ်တစ်ဒေသ ဖြစ်ပေါ်လာတယ်လို့ ကျွန်မယူဆပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးရေးတို့နဲ့ ပတ်သက်ပြီး ဆက်ပါရစေ။ အစိုးရအဖွဲ့သစ် တာဝန်ယူခဲ့ပြီးတဲ့နောက် နှစ်နှစ်အကြာမှာ တိုးတက်အောင်မြင်မှု ကိန်းဂဏန်းတွေကို ပြောပြပေးပါဦး။**

### စိန်ခေါ်မှုတွေ ရင်ဆိုင်နေရဆဲဖြစ်

ဖြေ။ ။ တိုးတက်အောင်မြင်မှုတွေကို ရာခိုင်နှုန်းတွေ၊ ကိန်းဂဏန်းတွေနဲ့ရှင်းပြဖို့ လုံးဝမဖြစ်နိုင်ဘူး။ ရာခိုင်နှုန်းတွေနဲ့ ကိန်းဂဏန်းတွေနဲ့ ယှဉ်ပြီးတော့လည်း ကျွန်မ မတွေးခဲ့ဘူး။ "လုပ်ငန်းစဉ်" ဆိုတဲ့အကြောင်းကိုပဲ ကျွန်မ ပြန်ပြောရလိမ့်မယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးရေးဆိုတာ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်။ လုပ်ငန်းစဉ်ဆိုတာ ပြီးဆုံးခြင်းဆိုပြီး မရှိနိုင်ဘူး။ ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံတွေမှာတောင် စိန်ခေါ်မှုတွေကို ထပ်တလဲလဲ ရင်ဆိုင်နေကြရဆဲဖြစ်ပါတယ်။ ကမ္ဘာကြီးပြောင်းလဲမှုနဲ့အတူ စိန်ခေါ်မှုအသစ်တွေ ပေါ်လာစမြဲပဲ။ ရှင်ပြောတဲ့အတိုင်း စံဒီမိုကရေစီအတွက် ပုံသေအတိုင်း ကျွန်မတို့ မလုပ်ဆောင်နိုင်ဘူး။ ဒီအရာဟာ အချိန်တိုင်းမှာ ပြောင်းလဲနေတယ်။

ဒါပေမယ့် ကျွန်မတို့အတွက် အခြေခံကျတဲ့ အရေးကြီးဆုံးအချက်ကတော့ ကျွန်မတို့ပြည်သူတွေအနေနဲ့ နိုင်ငံတော်အတွင်း ဒီမိုကရေစီတည်ဆောက်ရာမှာ ကျရာအခန်းကဏ္ဍကနေပြီး တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ကြရမယ်ဆိုတာကို သိရှိထားကြဖို့ပါ။ ဒီမိုကရေစီတည်ဆောက်ရေးဆိုတာ အစိုးရအဖွဲ့ရဲ့တာဝန်ဝတ္တရားမျှသာ မဟုတ်ပါဘူး။ အမှန်အတိုင်းဆိုရင် ဒီအချက်ဟာ ဆန့်ကျင်ဘက်သဘောတောင် သက်ရောက်နေပါတယ်။

ဒီမိုကရေစီလိုလားတယ်ဆိုရင် ဒီမိုကရေစီဟာ ပြည်သူအပေါ်အခြေခံတာကြောင့် ဒီမိုကရေစီစနစ် အောင်မြင်ရေးဆိုတာ အစိုးရအဖွဲ့ရဲ့လက်ထဲမှာ လုံးလုံးလျားလျား ရှိတယ်လို့ ဆိုရင် လုံးဝဆန့်ကျင်ဘက် ဖြစ်နေလိမ့်မယ်။ ဒီမိုကရေစီလုပ်ငန်းစဉ်မှာ ပြည်သူတိုင်းပါဝင်ဖို့ လိုပါတယ်။ အဲဒီလုပ်ငန်းစဉ်မှာ ပြည်သူတွေ ဘယ်ရွေ့ဘယ်မျှ ပါဝင်နေတယ်၊ ဘယ်အတိုင်းအတာအထိ ပြည်သူတွေက ကိုယ်တိုင်ပါဝင်နေတယ်လို့ သတ်မှတ်ထားတယ်ဆိုပြီး ကျွန်မတို့အနေနဲ့ တွက်ချက်ဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ၂၀၁၅ ရွေးကောက်ပွဲကို ပြန်ပြောင်းကြည့်ရင် ကျွန်မတို့ရဲ့ မဲဆန္ဒရှင်တွေ မဲရုံတွေဆီကို သွားခဲ့ကြတဲ့ အချိုးအစားကတော့ ကောင်းမွန်တယ်ဆိုတာ ပြန်ပြောင်းသိနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတစ်ခုအနေနဲ့ ပညာရေးနိမ့်ကျခဲ့ပြီး



ယခုထက်တိုင်အောင်လည်း ပညာရေးနိမ့်ကျမှုကို ခံစားနေကြရတုန်းပါပဲ။ လမ်းပန်းဆက်သွယ်ရေးမှာလည်း သာမန်လမ်းမျိုးတွေတောင် မတည်ဆောက်နိုင်လောက်အောင် နိမ့်ကျနေခဲ့ပါတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုရဲ့ နိုင်ငံသားများအဖြစ် သူတို့ရဲ့တာဝန်ဝတ္တရား ကျေပွန်ဖို့ မဲရုံတွေဆီကိုသွားခဲ့တဲ့ ရာခိုင်နှုန်းမြင့်မားခဲ့တာကတော့ ကြီးမားတဲ့အောင်မြင်မှုတစ်ရပ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့အနေနဲ့ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီနိုင်ငံတော် မဟုတ်သေးပါဘူး။ လွှတ်တော်ကို ကြည့်မယ်ဆိုရင် ဒီမိုကရေစီ ၇၅ ရာခိုင်နှုန်းပဲ ရှိတယ်ဆိုတာ ထင်ရှားစွာ မြင်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ် ဦးရေရဲ့ ၇၅ ရာခိုင်နှုန်းကိုပဲ ပြည်သူတွေက ရွေးချယ်တင်မြှောက်ခဲ့လို့ပါပဲ။

ဒါပေမယ့်လည်း ဒီမိုကရေစီ ရပြီးတဲ့အဆင့်နဲ့ ပတ်သက်လာရင် ဒီရာခိုင်နှုန်းနဲ့ ဆုံးဖြတ်နိုင်တယ်လို့တော့ ကျွန်မ မထင်ဘူး။ ကျွန်မတို့ရဲ့ပြည်သူတွေဟာ ရွေးကောက်ပွဲမတိုင်မီ အခြေအနေနဲ့နှိုင်းယှဉ်ကြည့်ရင်တော့ အကြောက်တရားတွေ ပိုနည်းသွားတယ်။ ပြည်သူတွေအနေနဲ့ အတိတ်ကာလနဲ့ နှိုင်းယှဉ်ရင် သူတို့ရဲ့အစိုးရအဖွဲ့ကိုရော အစိုးရနဲ့ ပတ်သက်နေသူတွေကိုပါ ယခင်ကထက် ပိုပြီးပွင့်ပွင့်လင်းလင်း ဝေဖန်လာကြနိုင်တယ်ဆိုတာ ရှင်သတိပြုမိလိမ့်မယ်လို့ ကျွန်မ ထင်မြင်မိတယ်။ ဒီမိုကရေစီလွတ်လပ်ခွင့် တိုးတက်လာခဲ့ပြီဆိုတာကို ဒီအချက်က ဖော်ညွှန်းနေတာပါ။ ဒါပေမယ့် လွတ်လပ်မှုဆိုတာ တာဝန်ယူမှုနဲ့ ဒွန်တွဲနေတယ်ဆိုတာကို ကျွန်မတို့အားလုံး သိရှိနားလည်ကြရပါလိမ့်မယ်။ ဒီမိုကရေစီ လုပ်ငန်းစဉ်မှာ ပြည်သူတွေရဲ့တာဝန်ယူမှုတွေ ဘယ်လောက်အတိုင်းအတာအထိ တိုးတက်လာပြီဆိုတာကို ကျွန်မတို့ အသေအချာ သိအောင်လုပ်ဖို့ လိုပါသေးတယ်။

**မေး။ ။ ဒီမိုကရေစီဟာ ပြည်သူအပေါ် အခြေပြုတယ်လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဖော်ပြခဲ့တဲ့အတိုင်း ပြည်သူတွေရဲ့စိတ်ဓာတ်တွေဟာ လွန်ခဲ့တဲ့ နှစ်နှစ်နဲ့ နှိုင်းယှဉ်ရင် ပြောင်းလဲသွားခဲ့ပြီလို့ ထင်မြင်ယူဆပါသလား။**

### အကြောက်တရား ပိုလျော့နည်းသွား

ဖြေ။ ။ အစောပိုင်း ကျွန်မပြောခဲ့တဲ့အတိုင်း ပြည်သူတွေဟာ အကြောက်တရား ပိုလျော့နည်းသွားပြီ။ ဒါကို ထောက်ချင့်ပြီး ပြည်သူတွေရဲ့စိတ်ဓာတ်ပြောင်းလဲနေတယ်လို့ ဆိုနိုင်တယ်။ ကျွန်မတို့အစိုးရဟာ တာဝန်ယူမှုဆိုတာကို အကြိမ်ကြိမ်သုံးစွဲခဲ့ပြီး ပြည်သူတွေအနေနဲ့ တာဝန်ယူမှု ရှိကြဖို့ဆိုတဲ့အချက်ကို ကျွန်မတို့ ထပ်တလဲလဲ ပြောနေမှာပါ။ ကျွန်မတို့အစိုးရဟာ "တာဝန်ယူမှု" ဆိုတဲ့ ဝေါဟာရကို မကြာခဏ သုံးစွဲလေ့ရှိတယ်။ ဒီလိုသုံးစွဲရတာဟာ အရေးကြီးတယ်လို့ ကျွန်မ ထင်မြင်မိပါတယ်။

**မေး။ ။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအပြည့်အဝမရသေးဘူးလို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နိုင်ငံရေးမှာ တပ်မတော်ရဲ့ဩဇာလွှမ်းမိုးမှု ရှိနေဆဲဖြစ်လို့။ ရခိုင်ပြဿနာ ဒါမှမဟုတ် တိုင်းရင်းသားလူမျိုးများ ပြန်လည်သင့်မြတ်ရေးတို့လို ကြီးကျယ်လှတဲ့ ကိစ္စရပ်တွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ဒီအချက်ကအတားအဆီး ပိုပြီးဖြစ်စေပါသလား။**

### ဒီမိုကရေစီ အပြည့်အဝမဆန်သေး

ဖြေ။ ။ ကျွန်မတို့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ဘူးလေးရာဖရုံဆင့် ဆိုတာမျိုးလို့ပဲ ပြောပါရစေ။ ရှင်ပြောခဲ့တဲ့အတိုင်း၊ ကျွန်မရှင်းပြခဲ့သလို ကျွန်မတို့ရဲ့နိုင်ငံဟာ တင်းပြည့်ဒီမိုကရေစီလူ့ဘောင်မဟုတ်သေးဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီ အပြည့်အဝ မဆန်သေးတာကြောင့်ပါ။

**မေး။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့မှာ ခိုင်မာတဲ့ တိုးတက်မှုတွေကို ကျွန်မတို့ မတွေ့မြင်ရသေးပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ဆိုတဲ့ ရည်မှန်းချက် ပေါက်မြောက်စေဖို့ လမ်းပြမြေပုံတစ်ရပ်ရပ် ရှိပါသလား။**

ဖြေ။ ။ ကျွန်မတို့အနေနဲ့ လမ်းပြမြေပုံတစ်ရပ် သေချာပေါက်ရှိပါတယ်။ ပြည်သူကိုတော့ ချမပြပါဘူး။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ပြောချင်တာကတော့ ၂၀၁၄ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့နဲ့ပတ်သက်ပြီး လွှတ်တော်မှာ အချေအတင် ဆွေးနွေးပွဲလုပ်ခဲ့ပါတယ်။ ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းခြင်းမှတစ်ဆင့်၊ တရားဥပဒေမူဘောင်အတွင်းကနေ ပြင်ဆင်ချက်လုပ်နိုင်ဖို့ ကျွန်မတို့ လိုလားတယ်ဆိုတာ သိသာထင်ရှားစွာ ပြသခဲ့ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံမှာ ဒီမိုကရေစီယန္တရားလည်ပတ်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အခြေခံမှုတွေ ချမှတ်နိုင်ဖို့ ကျွန်မတို့လိုလားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်ရဲ့ ပကတိအခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဒါမှမဟုတ် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်ရာမှာ တပ်မတော်ရဲ့ဩဇာကြောင့် ထိန်းကျောင်းဖို့ ရံဖန်ရံခါ အခက်အခဲတွေ့ရပါသလား။**

ဖြေ။ ။ ရှင်ဆိုလိုချင်တာကို ကျွန်မ နားမလည်ဘူး။ ဘာကြောင့်လဲဆိုတော့ ရခိုင်ပြည်နယ်မှာ ဖြစ်ပျက်နေသမျှအပေါ် တပ်မတော်ရဲ့အင်အားကြောင့် တိုက်ရိုက်အကျိုး သက်ရောက်မှုရှိတယ်လို့တော့ ကျွန်မ မထင်ဘူး။

*စာမျက်နှာ ၄ သို့*

> **" ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ ပတ်သက်ပြီး ဖြေရှင်းနိုင်ဖို့ အလွန် အပြုသဘောဆောင်စွာနဲ့ လက်တွေ့ကျကျ အကူအညီပေးနေတဲ့ နိုင်ငံကတော့ ဂျပန်နိုင်ငံဖြစ်ပါတယ်။ အခုလိုကူညီပေးတဲ့အတွက် ကျွန်မတို့ လေးစားတန်ဖိုးထားပါတယ်။ ရခိုင်ဒေသအတွက် အကူအညီ အထောက်အပံ့ပေးနေတဲ့ နိုင်ငံတွေအနေနဲ့ အဲဒီမှာ ကျွန်မတို့ စီမံကိန်းတွေ ဘယ်လို အကောင်အထည်ဖော်နေသလဲဆိုတာကို အသေအချာ မျက်မြင်ကြည့်ရှုနိုင်ဖို့ မကြာခဏ သွားရောက်လေ့လာနိုင်အောင်လည်း မူဝါဒချမှတ်ထား "**

*စာမျက်နှာ ၃ မှ*

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ခံအစိုးရအဖွဲ့ဟာ စစ်ဆင်ရေးလုပ်ငန်းတွေ လုပ်ဖို့ ညွှန်ကြားခွင့်မရှိဘူးဆိုတာကို ကျွန်မလည်းသိတယ်၊ ရှင်သိမယ်လို့လည်း ထင်တယ်။ အဲ့ဒါကြောင့် တင်းပြည့်ဒီမိုကရေစီအစိုးရအဖွဲ့တစ်ရပ် ကျင့်သုံးနိုင်တဲ့ အလုံးစုံထိန်းချုပ်မှုမျိုး ကျွန်မတို့မှာ မရှိပါဘူး။

**မေး။ ။ မကြာသေးမီက ရခိုင်ပြည်နယ်အရေး သတင်းရယူနေတုန်း ရိုက်တာ သတင်းထောက်နှစ်ဦး အဖမ်းခံခဲ့ကြရပါတယ်။ လွတ်လပ်စွာပြောဆိုခွင့်အပေါ် ကန့်သတ်ပိတ်ပင်မှုနဲ့ ဒီမိုကရေစီနည်းလမ်းနဲ့အညီ လျော်ကန်မှုမရှိဘူးဆိုပြီး မြန်မာနိုင်ငံကို ဝေဖန်ကြပါတယ်။ ရခိုင်ပြည်နယ်မှာ လူ့အခွင့်အရေးကိစ္စနဲ့ ပတ်သက်ပြီး သတင်းယူဖို့ လုပ်ဆောင်နေချိန်မှာ သတင်းထောက်တွေ အဖမ်းခံခဲ့ရပါတယ်။ ဒီဝေဖန်ချက်တွေနဲ့ပတ်သက်ပြီး ဘယ်လိုတုံ့ပြန်ပြောချင်ပါသလဲ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ နိုင်ငံတကာအသိုက်အဝန်းက ယုံကြည်ယူဆတဲ့ ဒီမိုကရေစီနဲ့ ကွဲပြားခြားနားနေပါသလား။**

## တရားစီရင်ရေးအပိုင်းကပဲ ဆုံးဖြတ်ရမှာပါ

ဖြေ။ ။ ရခိုင်အရေးသတင်းယူမှုအတွက် သူတို့အဖမ်းခံခဲ့ကြရတာ မဟုတ်ပါဘူး။ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေကို သူတို့ချိုးဖောက်ခဲ့တာကြောင့် အဖမ်းခံခဲ့ကြရတာပါ။ ဘယ်သူမဆို တရားရုံးတော်ရဲ့ကြားနာစစ်ဆေးမှုတွေကို လွတ်လပ်စွာရယူနိုင်တယ်ဆိုတာ ရှင်သိလိမ့်မယ်လို့ ကျွန်မထင်တယ်။ ဒါတွေအားလုံးဟာ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ သွားနေတာပါ။ NHK သတင်းထောက်အနေနဲ့ တရားရုံးတော်ကြားနာစစ်ဆေးမှုတွေကို ပုံမှန်တက်ရောက်သတင်းရယူနေတယ် မဟုတ်ဘူးလား။

တရားဥပဒေနဲ့အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဥပဒေစိုးမိုးရေးနဲ့အညီ လုပ်ဆောင်နိုင်တဲ့အတိုင်း ကျွန်မတို့ လုပ်ဆောင်ရမှာကတော့ အရေးကြီးလှပါတယ်။ သူတို့ဟာ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေကို ချိုးဖောက်ခဲ့တာကြောင့် အဖမ်းခံခဲ့ကြရတယ်။ သူတို့ အပြစ်ရှိတယ် မရှိဘူးဆိုတာကို လောလောဆယ် ကျွန်မတို့ မပြောနိုင်ပါဘူး။ အဲဒါကတော့ တရားစီရင်ရေးအပိုင်းပဲ ဖြစ်ပါတယ်။ တရားစီရင်ရေးအပိုင်းကပဲ ဆုံးဖြတ်ရမှာပါ။ ရခိုင်အရေး သတင်းရရှိဖို့ လုပ်ဆောင်နေတာကြောင့် သူတို့အဖမ်းခံရတာ မဟုတ်ပါဘူး။

**မေး။ ။ ဒီကိစ္စသတင်းရရှိဖို့ လုပ်ဆောင်နေတာကြောင့် အဖမ်းခံရတာ မဟုတ်ဘူး၊ ဒါပေမယ့် သူတို့ သတင်းယူနေတုန်း ... ။**

ဖြေ။ ။ အခြားကိစ္စတွေလည်း ပါပါတယ်။ တရားရုံးတော်ရဲ့ကြားနာစစ်ဆေးမှုတွေအတိုင်း ရှင်စောင့်ကြည့်ခဲ့မယ်ဆိုရင်၊ ကျွန်မထင်တယ် နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေချိုးဖောက်မှုနဲ့ ပတ်သက်နေတဲ့ တခြားကိစ္စရပ်တွေနဲ့ ပတ်သက်နေတယ်ဆိုတာကို ရှင်နားလည်ပါလိမ့်မယ်။

**မေး။ ။ အဲဒီသတင်းထောက်နှစ်ဦးကို ချက်ချင်းလွှတ်ပေးဖို့ နိုင်ငံတကာအသိုက်အဝန်းရှိ အမျိုးမျိုးသော အဖွဲ့အစည်းတွေက တောင်းဆိုနေပါတယ်။ နိုင်ငံတကာအသိုက်အဝန်းရဲ့အသံတွေကို ဘယ်လိုရှုမြင်ပါသလဲ။**

ဖြေ။ ။ ကျွန်မပြောခဲ့တဲ့အတိုင်း လုပ်ထုံးလုပ်နည်းနဲ့အညီ သွားနေပြီး မည်သူမဆို တရားရုံးတော်ရဲ့ကြားနာစစ်ဆေးမှုတွေကို လွတ်လပ်စွာရယူနိုင်မှာဖြစ်လို့ တရားမျှတမှု ရှိ၊ မရှိ၊ တရားဥပဒေစိုးမိုးရေးနဲ့ ညီ၊ မညီ စောင့်ကြည့်ရပါလိမ့်မယ်။

**မေး။ ။ မြန်မာ-ဂျပန် ဆက်ဆံရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်လာဖို့၊ အထူးသဖြင့် စီးပွားရေးဆက်ဆံမှုကောင်းမွန်လာဖို့အတွက် ဂျပန်နိုင်ငံအနေနဲ့ ဘယ်လိုအခန်းကဏ္ဍမျိုးကနေ ရပ်တည်သင့်တယ်လို့ မျှော်လင့်ထားပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံအနေနဲ့ နားလည်မှုရှိပြီး ထာဝရမိတ်ဆွေနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်မယ့် အခန်းကဏ္ဍမျိုးကို ကျွန်မတို့ မျှော်လင့်ပါတယ်။

**မေး။ ။ ဂျပန်ကုမ္ပဏီအများအပြားဟာ မြန်မာနိုင်ငံကိုလာရောက်ဖို့ ဆန္ဒရှိနေကြပြီး မြန်မာ့စီးပွားရေးမှာ ပါဝင်လှုပ်ရှားချင်ကြပါတယ်။ ဒါပေမယ့် အထူးသဖြင့် လျှပ်စစ်ဓာတ်အားလိုမျိုး အခြေခံအဆောက်အအုံတွေနဲ့ပတ်သက်လို့ ဂျပန်ကုမ္ပဏီတွေ စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်။ ဒီကုမ္ပဏီတွေအတွက် ပိုမိုကောင်းမွန်တဲ့ ပတ်ဝန်းကျင်တစ်ရပ်မျိုးကို ကျွန်မတို့ မျှော်လင့်နိုင်ပါ့မလား။**

## ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့

ဖြေ။ ။ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ကျွန်မတို့ ဘာလုပ်ခဲ့တယ်ဆိုတာကို သူတို့လေ့လာသင့်တယ်။ သိသာသောတိုးတက်မှုတွေ ကျွန်မတို့ လုပ်ဆောင်နိုင်ခဲ့တယ်ဆိုတာကို သူတို့တွေ့မြင်လိမ့်မယ်လို့ ကျွန်မထင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလမှာ ကျွန်မတို့ရဲ့ စီးပွားရေးလိုအပ်ချက်တွေထက် နိုင်ငံရေးလိုအပ်ချက်တွေအပေါ် ကျွန်မတို့ ပိုမိုအာရုံစိုက်ခဲ့ကြတယ်ဆိုတဲ့ အချက်ကို ရှင်သိစေချင်ပါတယ်။

ဆိုလိုတာကတော့ စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းစေဖို့ဆိုတဲ့ အကြောင်းပြချက်တွေထက် နိုင်ငံရေးလိုအပ်ချက်နဲ့အညီ မြန်မာနိုင်ငံရဲ့ဒေသတွေမှာ လမ်းတွေဖောက်ပေးဖို့၊ လျှပ်စစ်ဓာတ်အား ဖြန့်ချိပေးဖို့ဆိုတာကို ဦးစားပေးလုပ်ငန်းအဖြစ် ကျွန်မတို့သတ်မှတ်ခဲ့ပါတယ်။ ဒါပေမယ့် ယခုအချိန်ထိ ပထမဦးစားပေးလုပ်ငန်းကို ကျွန်မတို့လိုသလောက် လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်လို့ ယခုအခါမှာ စီးပွားရေးအရ အကျိုးကျေးဇူးပိုမိုရရှိနိုင်တဲ့ ကဏ္ဍတွေကို ကျွန်မတို့ အာရုံစိုက်နေပါတယ်။

**မေး။ ။ မြန်မာနဲ့ဂျပန်နိုင်ငံတို့ စီးပွားရေးဆက်ဆံမှုဟာ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် ပံ့ပိုးလိမ့်မယ်လို့ ယုံကြည်ယူဆပါသလား။**

ဖြေ။ ။ ဒါကတော့ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်အတွက်သာမက ဂျပန်နိုင်ငံရဲ့ အနာဂတ်အတွက်လည်း ပံ့ပိုးပါလိမ့်မယ်။

**မေး။ ။ ဒါပေမယ့် မြန်မာနိုင်ငံအတွက်ရော။**

ဖြေ။ ။ နည်းမှန်လမ်းမှန် လုပ်ဆောင်ကြမယ်ဆိုရင် နှစ်နိုင်ငံစလုံးရဲ့အနာဂတ်အတွက် ပံ့ပိုးမှုဖြစ်လာမှာပေါ့။ ကျွန်မပြောခဲ့တဲ့အတိုင်း ကျွန်မတို့ မျှမျှတတဖြစ်သင့်တယ်။ ကျွန်မတို့ နှစ်နိုင်ငံဟာ တစ်နိုင်ငံစီရဲ့လိုအပ်ချက်တွေနဲ့ အကျိုးစီးပွားတွေကို နှစ်ဦးနှစ်ဖက် ကြည့်ရမှာပါ။ ကိုယ့်နိုင်ငံအတွက်ပဲ တစ်ဖက်သတ် ကြည့်လို့တော့မရဘူး။ ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး **H.E.Mr.Jukr Boon-Long** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Jukr Boon-Long အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ထိုင်း-မြန်မာနှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စ၊ ဘဏ်နှင့်အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများ၏ အလုပ်သမားအခွင့် အရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နှစ် (၁၂၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နှစ် (၁၂၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပသည်။

အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် ဖွင့်လှစ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး H.E. Eduardo E. Kapunan Jr နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့က ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နှစ် (၁၂၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကိတ်ကို




လှီးဖြတ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က ညှော်ခံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

ညှော်ခံပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြို ဆင့်ပွားသင်တန်းများအတွက် ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၁**
တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအား ပို့ချသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြို ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ သင်တန်းပို့ချခြင်းသည် ရွေးကောက်ပွဲမဟာဗျူဟာစီမံကိန်းပါအတိုင်း ရွေးကောက်ပွဲတာဝန်ထမ်းဆောင်သူအားလုံး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းစဉ်များ အားလုံးကိုသိရှိပြီး နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံနိုင်ရန်နှင့် ဆင့်ပွားသင်တန်းများ ပို့ချနိုင်ရန်အတွက် ဖြစ်ပါကြောင်း။

သင်တန်းတွင် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များပါဝင်ပြီး ခေါင်းစဉ် ၁၂ ခုဖြင့် ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီးနောက် ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများကို ဆင့်ပွားသင်တန်းများ ပို့ချပေးကြရမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ဝန်ထမ်းများကိုလည်း လုပ်ငန်းကျွမ်းကျင်မှုရှိရန် လိုအပ်သော အရည်အသွေးမြှင့်သင်တန်းများ ပို့ချပေးခြင်း၊ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ပြည်သူ့အကျိုးကို ဆောင်ရွက်မည့် ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် နိုင်ငံသားတစ်ဦးအနေဖြင့် မဲပေးရမည့် တာဝန်ကိုသိရှိပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်ရန်နှင့် ယခုမှ အသက် ၁၈ နှစ်ပြည့်သည့် လူငယ်မဲဆန္ဒရှင်များကို ရွေးချယ်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်တို့ကို သိရှိပြီး ဆန္ဒမဲပေးတတ်စေရန် ပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းရင်းသားများအနေဖြင့် ပိုမိုနားလည်နိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ကော်မရှင်၏ ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် သိရှိပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

သင်တန်းကို ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတစ်ခုလျှင် အဖွဲ့ဝင်နှစ်ဦးစီဖြင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၇၉ ခုမှ သင်တန်းသား ၁၅၈ ဦးကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရပြီး ဇွန် ၁၁ ရက်မှ ၂၃ ရက်အထိ လေးသုတ်ခွဲ၍ တစ်သုတ်လျှင် သင်တန်းသား ၄၀ ဖြင့် သုံးရက်စီ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား၌ ရွှေ့ပြောင်းအလုပ်သမားလေးဦး လွှဲပြောင်းပေးအပ်

**တာချီလိတ် ဇွန် ၁၁**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ် ၂ ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားလေးဦးကို ဇွန် ၁၁ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံ Border Pass သက်တမ်းလွန်ခြင်း၊ အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံမယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့မှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမား လေးဦးအပါအဝင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁၁ ရက်အထိ တရားမဝင်မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၂၃၇ ဦး၊ အမျိုးသမီး ၁၀၅ ဦးနှင့် ကလေး ၁၅ ဦး စုစုပေါင်း ၃၅၇ ဦး ရှိပြီးဖြစ်ကြောင်း သိရသည်။


**စိုင်းအောင်ဇော်လင်း (မြန်/ဆက်)**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဗီယက်နမ်ပြည်သူ့တပ်မတော် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၁**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ဗီယက်နမ်ပြည်သူ့တပ်မတော် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Senior Lieutenant General Tran Don နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဗီယက်နမ်ပြည်သူ့တပ်မတော် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **Senior Lieutenant General Tran Don** နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပုဂံဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ်မြောက်အစည်းအဝေး ကျင်းပ

**ပုဂံ ဇွန် ၁၁**
ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အဆိုပြုစာတွဲ တင်သွင်းထားပြီးဖြစ်၍ ကျွမ်းကျင်ပညာရှင်များ မကြာမီလာရောက်စစ်ဆေးမည်ဖြစ်ရာ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးရန်၊ ရေးဆွဲထားသည့် ရေရှည်ကာကွယ်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကို ဆက်စပ်ဌာနများ၊ ဒေသခံများ ပူးပေါင်းဆွေးနွေးညှိနှိုင်း အဖြေရှာပြီး ညီညီညွတ်ညွတ်ဖြင့် တာဝန်ခွဲဝေ စီမံခန့်ခွဲသွားနိုင်ရန် ဆွေးနွေးညှိနှိုင်းကြသည့် "ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan Com) ၏ ပထမအကြိမ်အစည်းအဝေး" ကို ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ဇွန် ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပသည်။



အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယခုအစည်းအဝေးသည် ပုဂံဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ BAGAN COM ၏ ပထမအကြိမ်အစည်းအဝေးဖြစ်ပါကြောင်း၊ BAGAN COM တွင် ပါဝင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်ဌာနများ၏ လုပ်ငန်းတာဝန်များရှင်းပြရန်၊ တာဝန်ခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ရန်၊ ဒေသဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းပြီး အဆိုပါ အဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆွေးနွေးအတည်ပြုရန်၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ပုဂံဒေသကို ကျွမ်းကျင်ပညာရှင်အဖွဲ့ လာရောက်စစ်ဆေးခြင်း မပြုမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးရန်နှင့် ဆက်စပ်ဌာနများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများ၊ ပုဂံဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အတည်ပြုရန်ကိစ္စများကို ပူးပေါင်းဆွေးနွေးညှိနှိုင်း အဖြေရှာရင်း ပုဂံဒေသကို အနာဂတ်တွင် စနစ်တကျစီမံခန့်ခွဲသွားနိုင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပုဂံဒေသသည် အညာဒေသ၏ ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ရှေးဟောင်းမြို့တော်များအနက် ပုဂံဒေသသည် ထိပ်ဆုံးမှ လေ့လာသင့်သည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ပုဂံဒေသတွင်နေထိုင်သည့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မေ့ထား၍ မရပါကြောင်း၊ ဟန်ချက်ညီညီ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပုဂံဒေသ စည်ပင်ဖွံ့ဖြိုးတိုးတက်သည်ကို မြင်တွေ့လိုပါကြောင်း၊ ပုဂံဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကိုလည်း စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သင့်သည်မှာ ကြာပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေး အားပေးသဖြင့် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များထဲမှ ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာ စသည့် ပျူမြို့ဟောင်း (၃) မြို့သည် ၂၀၁၄ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ဖြစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုပျူမြို့ဟောင်းများအနက် ဗိသနိုးမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီးအတွင်းတွင် ပါဝင်နေသည့်အတွက်လည်း ဂုဏ်ယူမိပါကြောင်း၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသည် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် အဓိကပါဝင်လျက်ရှိသည်ကိုလည်း အများသိပြီးဖြစ်ပါကြောင်း၊ ယခုပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းသည့်အခါတွင် ပုဂံမြို့တစ်ဖက်ကမ်းတွင်ရှိသည့် မကွေးတိုင်းဒေသကြီးအတွင်းက စွယ်တော်လေးဆူအပါအဝင်ဖြစ်သည့် တန့်ကြည့်တောင်စေတီတော်မြတ်နှင့် ပတ်ဝန်းကျင်ဒေသအချို့ ပါဝင်လျက်ရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်တင်သွင်းရာတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အမွေအနှစ်ဇုန်အတွင်းနှင့် ကြားခံဇုန်အတွင်းတွင် မိမိတို့ကလည်း ဥပဒေ၊ စည်းကမ်းများနှင့်အညီ ပုဂံဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan Com) အဖွဲ့ကြီးနှင့် သက်ဆိုင်ရာအဖွဲ့စည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက မိမိတို့ဌာနများနှင့် သက်ဆိုင်သော စီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်းကောင်း၊ အထွေထွေလိုအပ်ချက်များကို လည်းကောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးနှင့် BAGAN COM ၏ လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းပြီး အဆိုပါ အဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးသတ်မှတ် တာဝန်ခွဲပေးရေး၊ ဒေသတွင်းနေ ပြည်သူလူထု လူနေမှုဘဝမြှင့်တင်ရေး၊ စားဝတ်နေရေးများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းရေးတို့ကို သဟဇာတဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရေးများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ရွှေဖုံးမှ*

ဒေါက်တာ ဒေါ်ခင်စည်သူ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မဲဆန္ဒနယ်မှဦးမြစိန်၊ ချောင်းဆုံမဲဆန္ဒ နယ်မှ ဦးအောင်ကြည်သိန်း၊ လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဝင်းမင်းနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်တို့ကို ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံဖွဲ့စည်းမည်ဖြစ်ပြီး ဥပဒေကြမ်း ကော်မတီမှ အဖွဲ့ဝင် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ်ကို နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသို့ ပြောင်းလဲတာဝန် ပေးအပ်မည်ဖြစ်ကာ၊ နိုင်ငံ သားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးကို အခြားတာဝန်ပေးအပ်ရန်ရှိသောကြောင့် ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်မည်ဖြစ်ကြောင်း လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ထီးချိုင့်မြို့နယ် ထီးချိုင့်မြို့မဈေးလမ်း အနောက်ဘက်ရှိ စားသုံးသူရေးရာဦးစီးဌာနပိုင် လက်ရှိအသုံးမပြုသေးသော မြေကွက်အား ထီးချိုင့်မြို့မဈေး တိုးချဲ့အသုံးပြုရန် လွှဲပြောင်းပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ အမှတ်(၂) ရပ်ကွက် ကွင်းအမှတ် ၈၃၇ ဦးပိုင်အမှတ် ၃၉၄/၈၇၅ တွင် သိုလှောင်ရုံအမှတ် (၄)နှင့် (၆)တည်ရှိခဲ့ပြီး ပျက်စီးမှုရှိလာသောကြောင့် သိုလှောင်ရုံ နှစ်ခုကို ရောင်းချခဲ့ပါကြောင်း၊ ရောင်းချပြီးဖြစ်ပေါ်လာသည့် မြေသည် မိမိဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံပိုင်မြေ ၀ ဒသမ ၉၁ ဧက ဖြစ်ပါကြောင်း။

မြေ ၀ ဒသမ ၉၁ ဧကအနက် မြေ ၀ ဒသမ ၁၅ ဧကကို တစ်လလျှင် ငွေကျပ် သုံးသောင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင် ဦးယဉ်ထွေးနှင့် မြေ ၀ ဒသမ ၆၈ ဧကကို တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် ရွှေထီးရော မော်တော်ယာဉ်အသင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ် ၃ နှစ် သက်တမ်းဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ငှားရမ်းခဲ့ပါကြောင်း၊ မူလငှားရမ်းခအပေါ်တွင် တစ်လလျှင် ၅ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်ပြီး တစ်နှစ်တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းလျက်ရှိပါကြောင်း၊ ယင်းစာချုပ်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါကြောင်း။

## စစ်ကိုင်းတိုင်းဒေသကြီး မြေယာစီမံခန့်ခွဲမှုအောက်သို့ လွှဲပြောင်းပေးနိုင်ရန် တည်ဆဲမြေအသုံးချမှုဆိုင်ရာ ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့အပ်နှံပေးသွားမည်

အဆိုပါမြေများကို စည်ပင်သာယာဈေးအဖြစ် ပြည်သူများအကျိုးအတွက် တည်ဆောက်မည်ဆိုပါက မြေယာစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်သမ္မတရုံးထံ အသုံးပြုခွင့်ရရှိရေးကို တင်ပြနိုင်ပါကြောင်း၊ ယင်းမြေကွက်အား ထီးချိုင့်စည်ပင်သာယာဈေးအတွက် အသုံးချနိုင်ရန် နိုင်ငံတော်က သဘောတူညီပါက လက်ရှိငှားရမ်းစာချုပ်သက်တမ်း ကုန်ဆုံးသည့်ရက် နောက်ပိုင်းတွင် မိမိဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြေယာစီမံခန့်ခွဲမှုအောက်သို့ လွှဲပြောင်းပေးနိုင်ရန် တည်ဆဲမြေအသုံးချမှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ အပ်နှံပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သံတွဲ မဲဆန္ဒနယ်မှ ဦးမင်းကြည်၏ **ပေလီမြို့ အမှတ်(၃) လင်းသာရပ်ကွက် အတွင်းရှိ ပေလီရေလှောင်တမံ၏ တရားဝင်နယ်နိမိတ်သတ်မှတ်ဧရိယာကို ဒေသခံပြည်သူများထင်ရှားသိမြင်နိုင်အောင် သတ်မှတ်ပေးရန်နှင့် သတ်မှတ်ဧရိယာအတွင်း တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်မှုများကို ရပ်တန့်အောင် မည်ကဲ့သို့ တားဆီးပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း တည်ရှိသည့် ပေလီရေလှောင်တမံ( ငှက်ပျောချောင်းရေလှောင်တမံ)ကို ပေလီမြို့နှင့် ယင်းဒေသ ဟိုတယ်ဇုန် သောက်သုံးရေရရှိရေးအတွက်ရည်ရွယ်ပြီး ၁၉၇၀ ပြည့်နှစ်က တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသည့် ရေလှောင်တမံဖြစ်ပါကြောင်း။

## ပေလီရေလှောင်တမံ၏ နယ်နိမိတ် မှတ်တိုင်များစိုက်ထူသွားနိုင်ရေးအတွက် လုပ်ငန်းအစီအမံများ ချမှတ်ထားပြီးဖြစ်

ပေလီရေလှောင်တမံ၏ ဆည်ရေပြင်နယ်နိမိတ်ဧရိယာကို ဒေသခံပြည်သူများ ထင်ရှားစွာသိမြင်နိုင်စေရန် နယ်နိမိတ်မှတ်တိုင်များ စိုက်ထူသွားနိုင်ရေးအတွက် လုပ်ငန်းအစီအမံများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်မည့်ရန်ပုံငွေအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပေလီရေလှောင်တမံ၏ သတ်မှတ်ဧရိယာအတွင်း ကျူးကျော်ဝင်ရောက်ပြီး ခြံကွက်ရိုက်ခြင်း၊ နေထိုင်ခြင်း၊ တစ်ဆင့်ပြန်ရောင်းခြင်းတို့ ပြုလုပ်နေသည့်ကိစ္စများနှင့် ပတ်သက်၍ ဆည်အဝင်လမ်းတွင် ဈေးဆိုင်ခန်းများ ကျူးကျော်ဆောက်လုပ်ထားမှုကို စိစစ်တွေ့ရှိရသည့်အတွက် ၂၀၁၈ ခုနှစ် မေလကုန်တွင် အပြီးရှင်းလင်းဖယ်ရှား ဆောင်ရွက်ပေးခဲ့ကြောင်း။

သတ်မှတ်ဧရိယာအတွင်း တည်ရှိနေသည့် မြေအနေအထားကို စိစစ်ဆောင်ရွက်ခဲ့ရာ ဆည်မြောင်းနယ်နိမိတ်အတွင်း ယခင်က နယ်နိမိတ်သတ်မှတ်ခြင်းမရှိနိုင်သေးသည့်ကာလက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီက မြေလွတ်မြေရိုင်းများ လုပ်ပိုင်ခွင့်ပြုထားသည့် ဧရိယာအချို့ပါဝင်ခဲ့မှုကို စိစစ်တွေ့ရှိခဲ့ရပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုပေးထားသည့် ကောင်းမြန်မာအောင်ကုမ္ပဏီ၏ မြေလွတ်မြေရိုင်း ဧရိယာအစိတ်အပိုင်းအလိုက် စုစုပေါင်း ၇၆ ဧကနှင့် ပတ်သက်၍ စိစစ်ရန်ကိစ္စ ပေါ်ပေါက်လာခဲ့ပါကြောင်း၊ ကောင်းမြန်မာအောင်ကုမ္ပဏီကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဗဟို ကော်မတီက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ခွင့်ပြုခဲ့ပါကြောင်း။

ခွင့်ပြုစဉ်က ပေလီရေလှောင်တမံ၏ ရေဝေရေလဲဧရိယာများသည် မြေလွတ်၊ မြေရိုင်းအဖြစ် တည်ရှိနေခဲ့ပါကြောင်း၊ ခွင့်ပြုပြီးနောက်ပိုင်း ပေလီရေလှောင်တမံ၏ နယ်နိမိတ်အပိုင်းအခြားကို အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ရာ ကောင်းမြန်မာအောင်ကုမ္ပဏီသို့ ခွင့်ပြုခဲ့သည့် ဧရိယာများသည် ရေလှောင်တမံ၏ နယ်နိမိတ်အပိုင်းအခြားအတွင်း ပါဝင်ခဲ့ပါကြောင်း၊ မြေလွတ်၊ မြေရိုင်း ခွင့်ပြုချက်နှင့် စပ်လျဉ်း၍ ပြန်လည်စိစစ် သွားနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဇွန် ၈ ရက်တွင် ကျင်းပည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး အထူးအဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပါကြောင်း၊ ကွင်းဆင်းစစ်ဆေးချက်နှင့်အညီ တည်ဆဲဥပဒေများအရ ပြန်လည်သုံးသပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကျွဲ၊ နွားများ ပြည်ပသို့ တရားဝင်ရောင်းချခွင့်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်က ခွင့်ပြုခဲ့ခြင်းဖြစ်

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **ကျွဲ၊ နွား အရှင်များအား ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပြီး ပြည်တွင်းတွင် ခိုင်းကျွဲ၊ နွား ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်တွင်း နွားမွေးမြူရေးစဉ်ဆက်မပြတ်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ထားကြောင်း သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျွဲ၊ နွားအရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခြင်းဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများထိန်းချုပ်နိုင်ရန်၊ ပြည်သူများအနေဖြင့် ကျွဲ၊ နွားများ ပြည်ပတင်ပို့ ရောင်းချမှုမှရရှိသောဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်၊ တရားမဝင်ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့နေခြင်းကို ပပျောက်လာစေပြီး နိုင်ငံ၏ပို့ကုန်ဝင်ငွေကို မြှင့်တင်နိုင်စေရန် ရည်ရွယ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဈေးကွက်စီးပွားရေးနှင့်အညီ ကျွဲ၊ နွားများ ပြည်ပသို့ တရားဝင်ရောင်းချခွင့်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်က ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

ပို့ကုန်ဈေးကွက် သဘောတရားနှင့်အညီ မိမိဘက်မှ ရောင်းလိုအား၊ တစ်ဖက်၏ လိုအပ်အားကို ချိန်ဆပြီး မွေးမြူထုတ်လုပ်ရေးအပိုင်းအတွက် ရေရှည် ကျွဲ၊ နွား သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ငါးနှစ် အစီအမံရေးဆွဲဆောင်ရွက်ထားရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ သားစပ်နိုင်သော နွားမများ၏ ၉၅ ရာခိုင်နှုန်းကို သားစပ်ခြင်းနှင့် ကျန် ငါးရာခိုင်နှုန်းကို မေထုန်မဲ့သားစပ်ခြင်းဆောင်ရွက်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍ တစ်ဖက်မှ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျွဲ၊ နွားမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တင်ပို့သူသည် မိမိကိုယ်တိုင်မွေးမြူ၍လည်းကောင်း၊ မွေးမြူသူအား ထောက်ပံ့ပေးခြင်းဖြင့် လည်းကောင်း၊ ထုတ်လုပ်သူအဖြစ် ပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ကျွဲ၊ နွားအရှင် ပြည်ပသို့တင်ပို့မှု လုပ်ငန်းစဉ်နှင့် ယှဉ်တွဲပြီး ပြည်တွင်းခိုင်းကျွဲ၊ နွား ပြတ်လပ်မှုမရှိစေရန်အတွက် စနစ်တကျ အစီအမံ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘီးလင်း မဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းနှင့် မိုင်းပျဉ်း မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

## အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးက ဆွေးနွေး

ထို့နောက် မိုင်းပန်မဲဆန္ဒနယ် ဦးစိုင်းကျော်မိုး တင်သွင်းသည့် **နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင်တစ်ခုကို နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍** UNSC **ကိုယ်စားလှယ်အဖွဲ့၏ အကြံပြုချက်တွင် ပြည်ပအဖွဲ့ဖြင့်စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်း နည်းလမ်းနှစ်သွယ်ပါရှိရာ လွတ်လပ်သော နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ ဂုဏ်သိက္ခာကို လေးစားယုံကြည်သောအားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေးကို ပြန်လည် စဉ်းစားဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးက ဆွေးနွေးကြသည်။

ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်က ARSA အကြမ်းဖက်တိုက်ခိုက်မှုကြောင့်၊ လုံခြုံမှုများ ပျက်ယွင်းသွားသည့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့များတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတို့အတွက် တပ်မတော်အပါအဝင် သက်ဆိုင်ရာဒေသများမှ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ အသက်ပေးပြီး ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ ယခုကော်မရှင်သည် ARSA အကြမ်းဖက်သမားများ၏ ပြစ်မှုကျူးလွန်သည်များကို ဖော်ထုတ်အရေးယူရန် မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားများ၏ ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်တွင် မညှိုးနွမ်းစေရန် ကာကွယ်ခဲ့ကြသည့် မသေမပျောက်ဘဲ ကျန်သည့်သူများကို တစ်စုံတစ်ရာအမှားအယွင်းရှိလျှင် အရေးယူရန် ရည်ရွယ်ပြီး ဖွဲ့စည်းမည့် ကော်မရှင်မျိုးဖြစ်နေပါကြောင်း။

ပြည်တွင်းရေးကို ပြည်တွင်းရေးဟု သဘောထားပြီး ဆောင်ရွက်သင့်ပါကြောင်း၊ လက်ရှိတွင် ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်သည့် ကော်မရှင်မှ လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက် ၃/ ၂၀၁၈ ပါ ကော်မရှင်ကို ဖွဲ့စည်းရန် မသင့်ပါကြောင်း၊ မလွဲမသွေလိုအပ်သည်ဆိုလျှင်လည်း နိုင်ငံသားပညာရှင်များနှင့်သာ ဖွဲ့စည်းသင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေးက ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိပိုင်နက်နယ်မြေ၊ မိမိပြည်သူ၊ မိမိအစိုးရ၊ မိမိ၏အချုပ်အခြာအာဏာနှင့် မိမိနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်လျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် မိမိတို့ တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၈၃ တွင် နိုင်ငံသားတိုင်း ယင်းအရေး ၃ ပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ယင်းအရေး ၃ ပါးကို ပျက်စီးစေမည့် မည်သည့်အခြေအနေမျိုးကိုမဆို အမျိုးသားလုံခြုံရေးရှုထောင့်မှ ကြည့်ရှုကာကွယ်ရမည်မှာ မိမိတို့၏ သမိုင်းပေးတာဝန် ဖြစ်ပါကြောင်း။

## အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေး

လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုသည်မှာ ဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုနှင့် တစ်သားတည်းရှိသည့် နိုင်ငံသားများ၏ လူမှုကျင့်ဝတ်များဖြစ်ပါကြောင်း၊ တစ်ဖက်လူ့အဖွဲ့အစည်းများအပေါ် လူသားချင်းစာနာပါကြောင်း၊ ဖြစ်ပေါ်နေသည့် ဒုက္ခသည်အရေးသည် တမင်စီမံဖန်တီးနေသောကြောင့် အမျိုးသားအကျိုးစီးပွားထိပါးမခံရအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကို ကိုင်တွယ်မည်ဆိုလျှင် အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းများ၏ လူမျိုးတစ်မျိုး နယ်မြေတစ်ခု ရရှိရေးဆိုသည့် ဦးတည်ချက်ကို ထည့်တွက်ရန် လိုအပ်ပါကြောင်း၊ ကော်မရှင်ဖွဲ့စည်းခြင်းသည် မမှန်သတင်းများနှင့် အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များကို UN လုံခြုံရေးကောင်စီနှင့် ICC သို့ ရောက်ရန် ဦးတည်ဆောင်ရွက်နေခြင်းနှင့် ထပ်တူဖြစ်သည့်အတွက် မိမိတို့အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားမဆုံးရှုံးရအောင် နိုင်ငံတကာပုဂ္ဂိုလ်ကြီးတစ်ဦးပါဝင်သည့် ကော်မရှင်နှင့် စစ်ဆေးမည့်အစီအစဉ်ကို လုပ်ဆောင်ရန် မသင့်ပါကြောင်းနှင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၊ ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်ချို၊ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မင်းသော်အေး၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ပေါက်တော မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ သန်လျင် မဲဆန္ဒနယ် မှ ဦးလွင်ကိုလတ်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ချို၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝင်း၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဝင်းကို၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာ ဦးလင်းလင်းကျော်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က သံသယများ၊ မယုံကြည်နိုင်မှုများ ဖြစ်ပေါ်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်းကို တုံ့ပြန်ဖြေရှင်းရာတွင် အများယုံကြည် လက်ခံနိုင်သည့် အခြေအနေများကို ဦးတည်၍ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှု ဘောင်အတွင်းနှင့် နိုင်ငံတကာ ဥပဒေရှုထောင့်အတွင်းမှ တုံ့ပြန်နိုင်ရန် အထူးအရေးကြီးပါကြောင်း၊ နိုင်ငံတကာအင်အား ချိန်ခွင်လျှာအနေအထားနှင့် နိုင်ငံမဟုတ်သည့် အဖွဲ့အစည်းများ၏ ဩဇာကြီးထွားလာမှုများက သက်ဆိုင်ရာနိုင်ငံများ၏ လုပ်ကိုင်ဆောင်ရွက်ချက်များအပေါ်တွင် သက်ရောက်မှုရှိလာသည်မှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအသိပင် ဖြစ်ပါကြောင်း။

## အရေးကြီးအဆိုကို အတည်မပြုသင့်ကြောင်း ရှင်းလင်းပြောကြား

လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ အများအပြားက ဖိအားပေးနေသည့်အချိန်၊ International Criminal Court-ICC တွင် အမှုဖွင့်အရေးယူနိုင်ရန် ကြိုးပမ်းနေသည့်အချိန်၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ စွပ်စွဲချက်များအရ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအရေးယူမှုများ၊ တိုးမြှင့်ဖြစ်ပေါ်လာစေရန် လှုံ့ဆော်နေသည့် အချိန်၊ ယခုကဲ့သို့ အရေးကြီးလှသည့် အချိန်အခါမျိုးတွင် ထိပ်တိုက်ရင်ဆိုင်ခြင်း သည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် မည်သည့်အတိုင်းအတာအထိ အန္တရာယ်ကြီးမားနိုင်မည်ကို အရှိကိုအရှိတိုင်း သိမြင်နားလည်ကြစေလိုပါကြောင်း၊ အခြေအနေအရပ်ရပ်နှင့် ဖြစ်လာနိုင်သည့် အလားအလာများကို ဘက်စုံထောင့်စုံ မှ ကြိုတင်ဆင်ခြင်သုံးသပ်ပြီး အကောင်းဆုံးဖြစ်နိုင်မည့်နည်းလမ်းကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှ ကျွမ်းကျင်သူပညာရှင်များနှင့် ဖွဲ့စည်းဆောင်ရွက်ရန်ဆိုသည့် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ အရေးကြီးအဆိုကို အတည်မပြုသင့်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုရှင် ဦးစိုင်းကျော်မိုးက မိမိအဆိုအား အတည်ပြုလိုကြောင်း တင်ပြသည်။ ယင်းနောက် လွှတ်တော်၏ သဘောထားရယူရန် စက်ခလုတ်နှိပ်မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၃၈ မဲ၊ ကန့်ကွက်မဲ ၂၅၁ မဲနှင့် ကြားနေမဲ သုံးမဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား အတည်မပြုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ကျောင်းသား ကျောင်းသူများ ပညာရေးကို လိုလိုလားလားသင်ယူကြရန်လိုအပ်ကြောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးရပ်ကွက် ကျောင်းဖွံ့ဖြိုးရေး အဆင့်မြှင့်တင်ခြင်းနှင့် ပညာရည်မြင့်မားရေး သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီးရှိ အခြေခံပညာအထက်တန်းကျောင်း၊ ဇာတိမာန်ခန်းမ၌ ပြုလုပ်သည့် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးရပ်ကွက်ကျောင်း ဖွံ့ဖြိုးရေး အဆင့်မြှင့်တင်ခြင်းနှင့် ပညာရည်မြင့်မားရေး သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူ ၃၂၈၂၁၅၂ ဦးရှိပြီး အောင်မြင်သူ ၁၁၄၈၇၀၁ ဦးရှိကာ စာမေးပွဲကျရှုံးသူ ၂၁၃၃၄၅၁ ဦး ရှိသည်ကို တွေ့ရသဖြင့် ကျရှုံးသူများပြားသည်ကို တွေ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်းတစ်ခုတည်းအတွက် ငါးနှစ်တာကျရှုံးမှုများကိုအခြေခံ၍ ကျောင်းသားတစ်ယောက် စားသောက်စရိတ်အပါအဝင် နေ့စဉ်ပျမ်းမျှကုန်ကျစရိတ် ငွေကျပ် ၁၂၀၀ ခန့်ဖြင့်တွက်ပါက ကျောင်းတက်ရက် ၁၈၀ ငါးနှစ်တာကာလအတွက် ငွေကျပ် ၅၇၆ ဘီလီယံကျော်ရှိပြီး တစ်နှစ် ၃၆၅ ရက်အတွက်ဆိုပါက ငွေကျပ် ၁၁၅၀ ဘီလီယံခန့် ကျောင်းသားမိဘများက သုံးစွဲကုန်ကျခဲ့သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ကျောင်းသားတိုင်း စာအမှန်တကယ်တတ်မြောက်ရန်နှင့် နှစ်စဉ်အတန်းမှန်မှန်တက်ရန် အရေးကြီးကြောင်း၊ မူလတန်းမှ အလယ်တန်း၊ နဝမတန်းအထိ အောင်ချက်မြင့်မားသော်လည်း တက္ကသိုလ်ဝင်တန်းတွင် အောင်ချက်များစွာ လျော့နည်းသွားခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို အဖြေရှာရန်လိုကြောင်း၊ နှစ်စဉ်အတန်းမှန်မှန် အောင်မြင်သွားစေရန်အတွက် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အမှန်တကယ်တတ်ကျွမ်းအောင် သင်ကြားပေးရန် လိုအပ်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရေးကို လိုလိုလားလားဖြင့် သင်ယူကြရန်လိုအပ်ကြောင်း၊ ပညာသင်ကြားချိန်တွင် အခြားအရာများအား စိတ်ဝင်စားပါက မိမိတို့၏ အနာဂတ်အတွက် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ ပညာရည်မြင့်မားရေးအတွက် တတ်နိုင်သလောက် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ယခု အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မိသားစုဝင်များ၏ သား၊ သမီးများအပါအဝင် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့်ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အလုံး ၃၀ နှင့် သုတ၊ ရသ စာအုပ်စာစောင်များအား ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကျောင်းအတွက် လိုအပ်သော အထောက်အကူပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ အခြေခံပညာကျောင်း အမှတ်(၁) စိုက်ပျိုးမွေးမြူရေးရပ်ကွက်အတွက် ကျောင်းဖွံ့ဖြိုးရေးအဆင့်မြှင့်တင်ခြင်း၊ ပညာရည်မြင့်မားရေး သင်ထောက်ကူပစ္စည်းများ လှူဒါန်း ခြင်းအတွက် အလှူငွေကျပ် ၁၃၇၈၂၈၃၉၂ နှင့် ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ် သိန်း ၃၅၀၊ စုစုပေါင်း အလှူငွေကျပ် ၁၇၂၈၂၈၃၉၂ ဖြစ်ကြောင်း သိရှိရသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စာသင်ဆောင်များ၊ စာသင်ခန်းများနှင့် စာကြည့်တိုက်တို့အား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ ***ရှေ့ဖုံးမှ***

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အရေးပါမည့် ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး- တောက်ရွှေ- ကွမ်းလုံ လမ်းကြောင်းသစ် ဖောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ- ကွမ်းလုံ လမ်းကြောင်းသည် ၄၇မိုင် ၆ ဖာလုံ ခန့် ရှည်လျားပြီး ရန်လုံကျိုင်းမှ လောက်ကိုင်အထိ ၇/၆ မိုင် လမ်းအပိုင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ- ကွမ်းလုံလမ်းကြောင်းသစ် ဖောက်လုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေအထိ လမ်းပိုင်းသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီး ကျန်ရှိသည့် တောက်ရွှေ - ကွမ်းလုံ လမ်းပိုင်းအား ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားလမ်း ၅မိုင်ကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် မြေလမ်း ၁၀ မိုင်ကိုလည်း အသီးသီးအဆိုပြုလျာထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

## အသက် ၇၀ နှစ်ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား တစ်လုံးတစ်ခဲပင်စင် အပြီးအပြတ်ထုတ်ပေးနိုင်ရန် အစီအစဉ်မရှိသေး

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၏ **အသက် ၇၀ နှစ်ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစား သက်ကြီးရွယ်အို ပင်စင်စားများကို နိုင်ငံတော်မှ တစ်လုံးတစ်ခဲပင်စင် အပြီးပြတ်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အငြိမ်းစားများအနေဖြင့် တစ်လုံးတည်း ပင်စင်လဲလှယ်ခြင်းဖြင့် လဲလှယ်သည့်အချိန်တွင် ပမာဏတစ်ရပ်အထိ ငွေတစ်လုံးတစ်ခဲတည်း ရရှိနိုင်သော်လည်း ရေရှည်တွင် ပုံမှန်ဝင်ငွေရရှိမှုကို ထိခိုက်လာနိုင်ပြီး စားဝတ်နေရေးအသုံးစရိတ်အတွက် ထိခိုက်လာနိုင်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအား အခါအားလျော်စွာ လစာတိုးမြှင့်မှုနှင့်အတူ ပင်စင်လစာများ တိုးမြှင့်ပေးသည့်အခါတွင် လဲလှယ်ပေးထားသည့်ပမာဏအတွက် တိုးမြှင့်ခံစားနိုင်ခြင်းမရှိဘဲ လဲလှယ်ပြီးနောက် ကျန်ရှိသည့်ပင်စင်လစာ ပမာဏကိုသာ အချိုးကျ ခံစားနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘက်မှ ကြည့်ပါက ရေရှည်ပင်စင် လစာပေးနေရခြင်းတွင် သက်သာနိုင်ပြီး လတ်တလော တစ်လုံးတစ်ခဲတည်း ပေးရခြင်းသည် အသုံးစရိတ်များစွာ သုံးစွဲရမည်ဖြစ်ပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်အား သတ်မှတ်နိုင်ရေးအတွက် တွက်ချက်သုံးသပ်မှုများ ပြုလုပ်ခဲ့ရာတွင် လက်ရှိအချိန်တွင် တစ်လုံးတည်း ပင်စင်လဲလှယ်ခွင့်ရှိသည့် ဦးရေစုစုပေါင်း ၄၁၇၁၃၉ ဦး၊ ၎င်းတို့အား ငွေကျပ် ၂၅၀၀ အထိ လဲလှယ်ခွင့်ပြုမည်ဆိုပါက ငွေကျပ် ၁၂၄ ဒသမ ၇၇ ဘီလီယံ၊ ငွေကျပ် ၂၀၀၀၀ လဲလှယ်ခွင့်ပြုမည်ဆိုပါက ငွေကျပ် ၉၁၀ ဒသမ ၆၀ ဘီလီယံနှင့် ငွေကျပ် ၅၀၀၀၀ လဲလှယ်ခွင့်ပြုမည်ဆိုပါက ငွေကျပ် ၁၉၆၁ ဒသမ ၆၉ ဘီလီယံကုန်ကျမည်ဖြစ်သည်ကို တွက်ချက်ရရှိပါကြောင်း၊ တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်ကို မည်သည့်ငွေပမာဏအထိ လဲလှယ်ခွင့်ပြုနိုင်မည်၊ မည်သည့်အသက်အပိုင်းအခြားအထိ လဲလှယ်ခွင့်ပြုနိုင်မည် စသည်တို့အပါအဝင် အကန့်အသတ်ဖြင့်သာ ခွင့်ပြုခြင်းကို နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်လာမှုအပေါ် မူတည်၍ သုံးသပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရ တစ်လုံးတစ်ခဲတည်း ပင်စင်ခံစားခွင့်နှင့် ပတ်သက်၍ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များအပေါ် ပြင်ဆင်နိုင်မှု မရှိသေးပါကြောင်း။

အငြိမ်းစားဝန်ထမ်းအင်အား အရေအတွက်မှာ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်တွင် စုစုပေါင်း ၉၃၈၅၁၁ ဦးရှိပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ကျခံသုံးစွဲရသည့် ပင်စင်လစာနှင့် ဆုကြေးအသုံးစရိတ်မှာ ငွေကျပ် ၇၄၂ ဘီလီယံခန့် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အသက် ၇၀ နှစ်ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား နိုင်ငံတော်မှ တစ်လုံးတစ်ခဲပင်စင် အပြီးအပြတ် ထုတ်ပေးနိုင်ရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ပင်စင်ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် တည်ဆဲအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်သော မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူကို အရေးယူဆောင်ရွက်မည်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **မြန်မာနိုင်ငံ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော မိုဘိုင်းဘဏ္ဍာရေးဆိုင်ရာ ငွေကြေးဝန်ဆောင်မှုစနစ်များကို သတင်းအချက်အလက်ပေါက်ကြားမှုနှင့် ဆိုက်ဘာတိုက်ခိုက်ခံရမှုများမရှိဘဲ ပြည်သူအများ စိတ်ချလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် ခိုင်မာသော နည်းပညာလုံခြုံရေး အစီအမံများ ဆောင်ရွက်ထားရှိစေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားထိန်းသိမ်း စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း (Mobile Financial Services) ဆိုသည်မှာ မိုဘိုင်းနည်းပညာကို အသုံးပြု၍ ငွေပေးချေမှု ပြုလုပ်ခြင်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ ဖြစ်ပါကြောင်း၊ မိုဘိုင်းဖုန်းအသုံးပြု၍ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ပစ္စည်းဝယ်ယူမှုနှင့် ဝန်ဆောင်မှု ရယူသုံးစွဲခြင်းများအတွက် ငွေပေးချေခြင်း၊ ဝန်ထမ်းလစာများ ထုတ်ပေးခြင်း၊ သက်သာချောင်ချိရေး/လူမှုထောက်ပံ့ငွေ များ ထုတ်ပေးခြင်း၊ ငွေကြေးများ လွှဲပြောင်းခြင်း၊ ဝန်ဆောင်မှုဘေလ်များအတွက် ငွေပေးချေခြင်း၊ Top up ပြုလုပ်ခြင်း စသည့်ဝန်ဆောင်မှုများ ပါဝင်ပါကြောင်း။

မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူသည် မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူများထံမှ မိုဘိုင်းစာရင်းသို့ ကြိုတင်ပေးသွင်းထားငွေများနှင့်ညီမျှသည့် ငွေပမာဏကို ဘဏ်တစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသောဘဏ်များတွင် ယုံကြည်အပ်နှံ ငွေစာရင်းဖွင့်လှစ်၍ အစဉ်ထိန်းသိမ်းထားရှိရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ငွေအား ငွေဖြစ်လွယ်သော ရပိုင်ခွင့်များအဖြစ် ထားရှိရမည်ဖြစ်ပြီး ၎င်းမှ ရရှိလာသည့် အတိုး သို့မဟုတ် အကျိုးအမြတ် တစ်စုံတစ်ရာကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တစ်နှစ်လျှင်တစ်ကြိမ် တင်ပြရမည် ဖြစ်ပါကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် အချက်များကိုလည်း အဆင့် သုံးဆင့်ခွဲခြား သတ်မှတ်ထားပြီး အဆင့် ၁နှင့် အဆင့် ၂ စာရင်းများသည် လူပုဂ္ဂိုလ်များအတွက်ဖြစ်၍ အဆင့် ၃ စာရင်းသည် မှတ်ပုံတင်ထားသည့် တရားဝင်အဖွဲ့အစည်းများအတွက် ဖြစ်ပါကြောင်း။

မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့်အတိုင်း အစီရင်ခံစာများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပုံမှန်တင်ပြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်သော မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူကို လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ၇၉ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံမှုနှင့် ထိရောက်မှုရှိသော ငွေပေးချေစနစ်ဖြစ်စေရန် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားလာသည့် အဖွဲ့အစည်းတစ်ရပ်ရပ်အား လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ယင်းလုပ်ငန်းကို ကြီးကြပ်စစ်ဆေးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်သူအများ စိတ်ချလုံခြုံစွာ အသုံးပြုနိုင်စေရန် ၎င်းအဖွဲ့အစည်းများကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးသူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိ၍ ကွပ်ကဲကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ စည်းမျဉ်း၊ ညွှန်ကြားချက်များကိုလည်း ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ထပ်မံထည့်သွင်းရန် လိုအပ်လာပါက အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား သဘောတူအတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ယင်းပြင်ဆင်ချက်ကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းကောင်စီ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ အသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ ထိရောက်သောစီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်စေရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇွန် ၁၁

**ယခုရက်ပိုင်းအတွင်းဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ ထောက်ပံ့ကူညီမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များဖြစ်စေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ပြုလုပ်သည်။**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအနှံ့အပြား၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိမှု အခြေအနေနှင့် ဆက်လက်ဖြစ်ပေါ်နိုင်သည့် အခြေအနေများ၊ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လက်ရှိဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်လျက်ရှိသည့် နေ့စဉ်မိုးလေဝသ သတင်းများ၊ ပြင်ပပညာရှင်ကြီးများ၏ မိုးလေဝသခန့်မှန်းချက်များ၊ မြစ်ရေကြီးမှု အခြေအနေသတင်းများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ခြင်း၊ သက်ဆိုင်ရာဒေသ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၊ ဆည်မြောင်းဦးစီးဌာနတို့နှင့် ညှိနှိုင်းချိတ်ဆက် သတင်းအချက်အလက်ရယူဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပြီး ထောက်ပံ့ကူညီမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁၀ ရက်တွင် မင်းဘူးမြို့နယ် လေးပင်ကျေးရွာ လေးပင်ချောင်း ရေကျော်တွင် ညပိုင်းအချိန်၌ ကားများဖြတ်ကူးရာ ကားတစ်စီးမျောပါခြင်း၊ ယနေ့တွင် စေတုတ္တရာမြို့နယ် ကူတော်ကျေးရွာနှင့် ထမင်းချက်ကျေးရွာကြား မိုင်တိုင်အမှတ် ၂၈/၆ အနီးရှိ ရေပြွန်ပျက်စီးမှုကြောင့် ကတ္တရာလမ်း အကျယ်ပေ ၅၀ ခန့်ပျက်စီး၍ အနက် ၁၀ ပေခန့်ရှိ လမ်းပြတ်တောက်ခြင်း၊ ကျောက်ဖူးကျေးရွာ ရေရှောင်လူသွားလမ်း(၄၀၀'× ၆'× ၉')ပျက်စီးခြင်း၊ စေတုတ္တရာ-ဆောခရိုင်ချင်းဆက် လမ်းပိုင်းနန်ကြူကျေးရွာအုပ်စု ညောင်ပင်ကျင်းကျေးရွာနှင့် ရှိန်ကျေးရွာအနီး မြေပြိုကျမှုကြောင့် မိုင်တိုင်အမှတ် ၃၅/၁ နှင့် ၃၅/၂ အကြား ပေ ၁၀၀ ခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားခြင်း၊ စေတုတ္တရာမြို့အဝင် ဆီမီးချောင်းတံတား ချဉ်းကပ်လမ်းတွင် ရေတိုက်စားခြင်း၊ လောက်ပုလဲကျေးရွာ အရှေ့ဘက် ဗီးချောင်းရေကာဆည် ပေ ၁၈၀ ခန့်၊ World Vision မှ ဆောင်ရွက်သည့်ရေကာဆည် ပေ၁၈၀ ခန့်၊ ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်သည့် ရေကာဆည် ပေ ၄၅၀ ခန့် ပျက်စီးခြင်း၊ ငဖဲမြို့နယ် ဘုံဘောကျေးရွာအုပ်စု ကားလမ်းဘေးနှင့် မြေခတ်ရွာလမ်းပြိုမှုဖြစ်ပွားပြီး လူသွားမရ၍ ခေတ္တလမ်းပိတ်ထားခြင်း၊ ပင်ဦးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာပဇီချောင်းရေကာတာ(၂၂၀'× ၈'× ၁၆') ပြိုကျပျက်စီးခြင်း၊ ပန်းတိမ်ချောင်းရေမြင့်တက်မှုကြောင့် မြစ်ဖျားကျေးရွာအုပ်စု မြစ်ဖျားကျေးရွာ မန်းချောင်းကူးတံတား (၈၇၀'× ၇'× ၉') မျောပါပျက်စီးခြင်း၊ မကွေး-နေပြည်တော် ကားလမ်း မိုင်တိုင်အမှတ် ၆၇/၂ တွင် ရေကျော်နေခြင်းကြောင့် ယနေ့မွန်းလွဲ ၂ နာရီခန့်မှစ၍ ရန်ကုန်မှ မကွေးသို့ ထွက်ခွာသည့် ခရီးသည်တင်ကားများ၊ ကိုယ်ပိုင်ကားများ ၁၀၀ ခန့် ပိတ်မိနေခြင်း၊ တောင်တွင်းကြီးမြို့နယ် လျှံကန်ကြီးကုန်းကျေးရွာအုပ်စု လှည်းပွဲကြီးကျေးရွာ အနောက်အိုင်ရိုးတစ်ဖက် ပိတ်ဆည် ရေထုတ်မြောင်းပေ ၁၈၀ ခန့် ပျက်စီးခြင်း၊ ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု အနောက်အင်ကုန်းကျေးရွာတွင် မုန်းကမ်းပါးပြိုကျမှုကြောင့် နေအိမ်ခြောက်လုံး၊ အိမ်ထောင်စု ခြောက်စုမှ လူဦးရေ ၃၄ ဦးပြောင်းရွှေ့ပေးခဲ့ခြင်း၊ ရေနံချောင်း မြို့နယ်၊ ဆုံတိုက်ရပ်ကွက်တွင် အမြင့်ပေ ၂၀၊ လုံးပတ် ၁၅ပေ ပတ်လည်ရှိ ကုက္ကိုပင်လဲကျပြီး နေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း အဆိုပါ အစည်းအဝေးမှ သိရသည်။

ထို့ပြင် အမ်းမြို့နယ် မွှားအုပ်စု ပဒဲကြောကျေးရွာအနီး အမ်း - မအီ ကားလမ်း မိုင်တိုင်အမှတ် ၂၂/၅-၆ မိုင်ကြားနေရာတွင် မိုးသည်းထန်စွာရွာသွန်းကာ တောင်ကျရေ စီးဆင်းပြီး ကားလမ်းဘေး ရေတိုက်စားသဖြင့် ကားလမ်းပေ ၂၀ခန့် ကျိုးပဲ့ပျက်စီးသွားခြင်းကြောင့် လမ်းအထူးအဖွဲ့ ၁၆ မှ ယာယီဘေလီတံတား ဆောက်လုပ်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပြီး ယာယီဘေလီတံတား ဆောက်လုပ်ရန် နှစ်ရက်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သံတွဲမြို့ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရန်ပြောကြား

သံတွဲ ဇွန် ၁၁

**ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် သံတွဲမြို့ ဒွါရဝတီခန်းမ၌ သံတွဲမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။** (ယာပုံ)




တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အားနည်းချက်များနှင့် အားသာချက်များကို ပွင့်လင်းမြင်သာစွာဝေဖန်ထောက်ပြ အကြံပြုဆွေးနွေးနိုင်ကြရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွား အခြေခံအဆောက်အအုံများကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း အဖွဲ့အစည်းတစ်ရပ်ကောင်းဖြင့် လုပ်ဆောင်၍မရဘဲ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှသာ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ပြည်နယ်အစိုးရ၏ အရေးကြီးသည့် ရည်မှန်းချက်တစ်ရပ်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးသည် အပြန်အလှန်အကျိုးသက်ရောက်မှုရှိနေပါကြောင်း၊ အလားတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း အဓိကအရေးပါသည့် အခန်းကဏ္ဍတစ်ရပ် ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် ပီပြင်စွာပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှုများဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သံတွဲခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ၂၀၁၈ ခုနှစ် ကာလတိုဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် သိမ်းဆည်းခံမြေယာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီး ဦးကျော်လွင်၊ ဦးအောင်ကျော်ဇံ၊ ဒေါက်တာ ချမ်းသာ၊ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများ အနေဖြင့် ဆွေးနွေးတင်ပြလိုသည်များကို တိုက်ရိုက် ဖြစ်စေ၊ ရုံးလုပ်ထုံးလုပ်နည်းအရဖြစ်စေ တင်ပြဆွေးနွေးနိုင်ပါကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေး အပြည့်အဝရရှိရေးတို့အတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း အားထုတ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ရရှိဖြစ်ပေါ်နေသည့် အခွင့်အရေးများကို မိမိအကျိုး၊ အများအကျိုးမျှတစွာဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၁**





ဒုတိယအကြိမ်မြောက် သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဒီမိုကရေစီလူ့ဘောင်တစ်ခုတွင် အုပ်ချုပ်သည့် အစိုးရကို ပြည်သူများက ရွေးချယ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် အခွန်အခများကို ပြည်သူများက ထည့်သွင်းပေးရပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့ ရွေးချယ်လိုက်သည့် အစိုးရမှ တိုင်းပြည်အား မည်သို့ စီမံခန့်ခွဲအုပ်ချုပ်၍ မိမိတို့၏ အခွန်အခများကို မည်သို့ စီမံခန့်ခွဲသုံးစွဲနေသည်ကို သိရှိပိုင်ခွင့်ရှိပါကြောင်း။

ပြည်သူ့ဘဏ္ဍာဖြင့် လုပ်ငန်းလည်ပတ်သောအဖွဲ့အစည်းများ၊ ဌာနများနှင့် အများပြည်သူဝန်ဆောင်မှုအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် လုပ်ငန်းကြီးများအနေဖြင့် ပြည်သူများ သိရှိလိုသည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရန် တာဝန်ရှိပါကြောင်း၊ အများပြည်သူ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို စနစ်တကျ ထုတ်ပြန်နိုင်ရန်အတွက် သတင်းထုတ်ပြန်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းများ၊ ဌာနများနှင့် လုပ်ငန်းများတွင် သတင်းထုတ်ပြန်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်ရပါကြောင်း။

ယခုသင်တန်းတွင် သတင်းထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်အားလုံးကို စနစ်တကျ ပို့ချသွားရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သဖြင့် အလေးအနက်ထား လေ့လာသင်ယူသွားကြစေလိုကြောင်း မှာကြားသည်။

သင်တန်းသို့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး ဇွန် ၁၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇွန် ၁၁**

ဩစတြေးလျနိုင်ငံအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး၊ အထက်လွှတ်တော်အမတ် The Honourable Concetta Fierravanti – Wells ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Mr. Nicholas Coppel၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# တစ်ဆင့်ခံဥပဒေများပြည့်စုံစွာထွက်ပေါ်မှ တရားဥပဒေစိုးမိုးရေးကိုအထောက်အကူပြုမည်

ကျော်စိန်(ဇလွန်)

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ၁၅-၅-၂၀၁၈ ရက်တွင် **"ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း"** အဆိုကိုဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးကတင်သွင်းခဲ့ပြီး ထိုအဆိုကို ၂၁ - ၅-၂၀၁၈ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးက ထောက်ခံဆွေးနွေးပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း၊ လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့ကြောင်းကြားသိရပါသည်။ ဖော်ပြပါအဆိုကို ထောက်ခံရင်းတစ်ဆင့်ခံဥပဒေများစုပေါင်းထားသည့်ဥပဒေလက်စွဲစာအုပ်များ ပြုစုထုတ်ဝေပြီး ကျင့်သုံးရေးအတွက် ဤဆောင်းပါးကိုရေးသားခြင်းဖြစ်ပါသည်။

**ဥပဒေပြုခြင်း**

ဥပဒေပြုခြင်းတွင် ဥပဒေပြုအဖွဲ့ကတိုက်ရိုက် ဥပဒေပြုခြင်း ( Direct Legislation) နှင့် တစ်ဆင့်ခံဥပဒေပြုခြင်း သို့မဟုတ် သွယ်ဝိုက်၍ ဥပဒေပြုခြင်း (Subsidiary Legislation or Indirect Legislation) တို့ ပါဝင်သည်။

**တစ်ဆင့်ခံဥပဒေများဟူသည်**

တစ်ဆင့်ခံဥပဒေပြုခြင်း (Subsidiary Legislation) မှာ ဥပဒေပြုအာဏာပိုင်ကပြဋ္ဌာန်းသည့် ဥပဒေကို အကောင်အထည်ဖော်ရာတွင် လိုအပ်သောနည်းဥပဒေများ (Rules)၊ စည်းမျဉ်းဥပဒေများ (Regulations)၊ စည်းကမ်းဥပဒေများ (By-Laws)၊ အမိန့်ကြော်ငြာစာ (Notification)၊ အမိန့် (Order)၊ ညွှန်ကြားချက် (Directive)နှင့် လုပ်ထုံးလုပ်နည်းများ (Procedures)ကို ထုတ်ပြန်ရန် ဥပဒေပြုအာဏာပိုင်ကပြဋ္ဌာန်းသည့်ဥပဒေတွင် အခွင့်အာဏာအပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကထုတ်ပြန်ခြင်းဖြစ်ပါသည်။

**ဥပဒေဆိုသည်မှာ**

၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၂၂ (၁) တွင် "လက်ရှိတရားဥပဒေဟူသည်မှာတရားဥပဒေ (Law)၊ တစ်ချက်လွှတ်ဥပဒေ(Ordinance)၊ အမိန့် (Order)၊ စည်းကမ်းဥပဒေ (By-Law)၊ နည်းဥပဒေ (Rule)၊ စည်းမျဉ်းဥပဒေ (Regulation) တို့ကို ပြုပိုင်သော ဥပဒေပြုအဖွဲ့ကသော်လည်းကောင်း၊ အာဏာပိုင်ကသော်လည်းကောင်း၊ ပုဂ္ဂိုလ်ကသော်လည်းကောင်း ဤအခြေခံဥပဒေအာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံရှိနယ်မြေများတွင် ပြုခဲ့သောတရားဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ အမိန့်၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေတို့ကို ဆိုလိုသည်"ဟု ဖွင့်ဆိုခဲ့ဖူးပါသည်။

တည်ဆဲဥပဒေဖြစ်သည့် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅(က)(၅)၌ "ဥပဒေဆိုသောစကားရပ်တွင် ဤဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေကဲ့သို့ အာဏာတည်သောဓလေ့ထုံးတမ်းများလည်းပါဝင်သည်"ဟု ဖွင့်ဆိုထားပါသည်။

**တစ်ဆင့်ခံဥပဒေများထုတ်ပြန်ပိုင်ခွင့်**

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုပိုင်ခွင့် ရှိသောအဖွဲ့အစည်းများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည် ဥပဒေများအပြင် အထက်ဖော်ပြပါ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅ (က) (၅) အရ တစ်ဆင့်ခံဥပဒေများကိုလည်း ထုတ်ပြန်ပိုင်ခွင့်ရှိသည့်သဘော ကောက်ယူနိုင်ပါသည်။

ဥပဒေပြုပိုင်ခွင့် အာဏာဆိုသည်တွင် တစ်ဆင့်ခံဥပဒေပြုပိုင်ခွင့်ပါ မပါနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၃ တွင် "ဤဖွဲ့စည်းပုံအခြေခံဥပဒေပါစကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကိုကိုးကားရမည်"ဟု ပြဋ္ဌာန်းချက်အရလည်း တစ်ဆင့်ခံဥပဒေပြုပိုင်ခွင့် ပါဝင်သည်ဟု ကောက်ယူနိုင်ပါသည်။

ဥပဒေပြုပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများက ဥပဒေအပြင် ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇၊ ပုဒ်မခွဲ (က)တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုလည်းကောင်း၊ ပုဒ်မ ၁၉၉၊ ပုဒ်မခွဲ (က)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုလည်းကောင်း တစ်ဆင့်ခံဥပဒေများအား ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်ဟုလည်း ပြဋ္ဌာန်းထားပါသည်။

**ဥပဒေလက်စွဲ (Manual) ပုံစံနှစ်မျိုး**

ဥပဒေလက်စွဲပုံစံတစ်မျိုးမှာ ပြဋ္ဌာန်းသည့်ဥပဒေနှင့် ယင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ (Rules)၊ စည်းမျဉ်းဥပဒေများ (Regulations)၊ စည်းကမ်းဥပဒေ (By-Laws)၊ လုပ်ထုံးလုပ်နည်းများ (Procedures)၊ အမိန့်ကြော်ငြာစာ (Notification)၊ အမိန့်(Order) နှင့် ညွှန်ကြားချက် (Directive) များကိုစုစည်း၍ စာအုပ်တစ်အုပ်တည်းတွင် အလွယ်တကူလက်ကိုင်အဖြစ် လေ့လာအသုံးပြုနိုင်ရန် ပုံနှိပ်ထားသည့် လက်စွဲပုံစံဖြစ်ပါသည်။ (ဥပမာ) Lower Burma Land Revenue Manual, Burma Stamp Manual, Burma Excise Manual, Burma Aircraft Manual နှင့် Burma Registration of Deeds Manual စသည်တို့ဖြစ်ပါသည်။

ဒုတိယဥပဒေလက်စွဲပုံစံတစ်မျိုးမှာဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေစသည်တို့ကို အခြေခံ၍ လုပ်ထုံးလုပ်နည်းသဘော၊ ညွှန်ကြားချက်သဘော၊ Standard operating procedure (SOP)သဘောပြုစုပုံနှိပ်သည့် လက်စွဲပုံစံဖြစ်ပါသည်။ (ဥပမာ) The Court Manual, Police Manual, Jails Manual, Travelling Allowance Manual နှင့် ပါလီမန်၊ ပြည်သူ့လွှတ်တော် အမတ်များ၏ လက်စွဲစသည်တို့ဖြစ်ပါသည်။

**ဥပဒေလက်စွဲပြုစုရိုက်နှိပ် အသုံးပြုခြင်း**

အင်္ဂလိပ်ကိုလိုနီလက်ထက် မြန်မာနိုင်ငံတွင် ဥပဒေပြဋ္ဌာန်းပြီးသည်နှင့် တစ်ဆင့်ခံဥပဒေများကိုရေးဆွဲ ထုတ်ပြန်ကာ သက်ဆိုင်ရာဥပဒေများကို စီမံခန့်ခွဲအကောင်အထည်ဖော်သည့် ဌာန၊ အဖွဲ့အစည်းများက အလွယ်တကူလက်ကိုင်အဖြစ် တစုတစည်းတည်းအသုံးပြုနိုင်ရန် လက်စွဲစာအုပ် (Manual) များပြုစုပုံနှိပ်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများကိုသာမက အများပြည်သူကိုပါ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း သိရှိရပါသည်။

အင်္ဂလိပ်ကိုလိုနီလက်ထက်တွင် ပြုစုထုတ်ဝေသည့် လက်စွဲစာအုပ်များအနက် အောက်ဖော်ပြပါ လက်စွဲစာအုပ် (Manual) များပါဝင်ကြောင်းသိရှိရပါသည် -

(၁) The Court Manual (1st Edit ; 1946), (2nd Edit ;1960) (တရားရုံးများလက်စွဲ၊ တတိယအကြိမ်၊ ၁၉၇၀)
(၂) Rules and Orders Applying to the High Court if Judicature at Rangoon, Original and Appellate Sides, (1st Edit ; 1924), (3 rd Edit ; 1946)

> **" ဥပဒေပြုပိုင်ခွင့် အာဏာဆိုသည်တွင် တစ်ဆင့်ခံဥပဒေပြုပိုင်ခွင့် ပါ မပါနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၃ တွင် "ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါစကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေကိုကိုးကားရမည်"ဟု ပြဋ္ဌာန်းချက်အရလည်း တစ်ဆင့်ခံဥပဒေပြုပိုင်ခွင့် ပါဝင်သည်ဟု ကောက်ယူနိုင်ပါသည် "**

(၃) The Lower Burma Land Revenue Manual (Reprint 1945)
(၄) The Upper Burma Land Revenue Manual (Reprint 1957)
(၅) The Lower Burma Town and Village Lands Manual (Reprint 1963)
(၆) The Burma Stamp Manual Containing the Court Fees Act and the Burma Stamp Act (1951 Edit; and Reprint 1970)
(၇) Union of Burma Compilation of the Fundamental Rules and Supplementary Rules, Vol. I and II (2nd Edit; 1938 , Reprint 1960)
(၈) Travelling Allowance Manual, Corrected up to 1964, 7th Edit; 1964
(၉) Audit Court, Revised Edit; 1956
(၁၀) Hand Book of Instructions for Preparation of Pension Papers, 1956
(၁၁) Hand Book of Financial and Accounting Procedure, 1959
(၁၂) Rangoon Development Trust Manual, 1923
(၁၃) Burma Registration of Deeds Manual, 1939, Corrected up to 1946, (Reprint 1959)
(၁၄) Burma Police Manual, Vol. I to V, 9th Edit; 1985, 10th Edit; 2000
(၁၅) Burma Excise Manual, Vol. I and II, Reprint 1953, Corrected up to 1961 (Reprint 1963)
(၁၆) Burma Railways General Rules, 1947, Corrected up to 1948
(၁၇) Election Manual, 1st Edit ; 1946
(၁၈) Burma Aircraft Manual, Revised Edit; 1953, (Reprint 1963 and 2010)
(၁၉) Manual of Jails in Burma, Vol . I and II, 1st Edit; 1894 (Revised and Reprint 1950)
(၂၀) Kachin Hills Manual, Corrected up to 1942 and 1948 (Reprint 1959)
(၂၁) Shan State Manual, Corrected up to 1932
(၂၂) Burma Land Records Manual, Reprint 1964 (မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ၊ ၁၉၆၄ ခုနှစ်)
(၂၃) Forest Manual, 1992
(၂၄) ချင်းဝိသေသတိုင်းလက်စွဲဥပဒေ၊ Up to 1961, Reprint 1964
(၂၅) ကျေးရွာသူကြီးလက်စွဲ
(၂၆) ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်၊ ပြည်သူ့လွှတ်တော် အမတ်များ၏လက်စွဲ၊ ၁၉၅၂ ခုနှစ်
(၂၇) Government of Burma, Riot Manual, (Confidential 1947) [ မြန်မာနိုင်ငံတော်အစိုးရ၊ ရုန်းရင်းဆန်ခတ်မှုလက်စွဲဥပဒေ၊ (လျှို့ဝှက်စာတမ်း၊ အစိုးရအရာရှိများသာအသုံးပြုရန်)၊ ၁၉၆၁ ]

**သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများတွင် ဥပဒေရေးရာဌာနခွဲများထားရှိပြီးဥပဒေလက်စွဲစာအုပ်များကို Up to date ပြုလုပ်ခြင်း**

အင်္ဂလိပ်ကိုလိုနီလက်ထက် ကာလမှစ၍ ဌာန၊ အဖွဲ့အစည်းတိုင်းပြုစုထုတ်ဝေသည့် အထက်ဖော်ပြပါ ဥပဒေလက်စွဲစာအုပ်များတွင် ဥပဒေရေးရာဌာနခွဲမှ ဥပဒေပညာရှင်များကအခါမလပ် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည်များကို အကြံပြုပြီး ဥပဒေပြုအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းက ပြဋ္ဌာန်းသည့် ဥပဒေနှင့် တစ်ဆင့်ခံဥပဒေများနှင့် ပြင်ဆင်ချက်များကို ပါလီမန်ခေတ်ကာလအထိ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ဥပဒေပညာရှင်များက အချိန်မီပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်ပြင်ဆင် ဖြည့်စွက်၍ ရိုက်နှိပ်ခြင်းများပြုခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဥပဒေရေးရာဌာနခွဲမှ ဥပဒေပညာရှင်များက ဥပဒေလက်စွဲစာအုပ်များကို Up to date ပြုလုပ်မှုမှေးမှိန်သွားခြင်း**

အင်္ဂလိပ်ကိုလိုနီလက်ထက်ကာလမှစ၍ ပါလီမန်ခေတ်ကာလအထိ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ဥပဒေပညာရှင်များက သက်ဆိုင်ရာဥပဒေလက်စွဲများကို အချိန်မီပြင်ဆင်ဖြည့်စွက် ပြုစုပုံနှိပ်ဖြန့်ချိခဲ့သော်လည်း တော်လှန်ရေးကောင်စီလက်ထက်မှစ၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများရှိဥပဒေပညာရှင်များကို ရှေ့နေချုပ်ရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ပြီး ဥပဒေရေးရာကိစ္စများကို ရှေ့နေချုပ်ရုံးသို့သာ အကြံဉာဏ်တောင်းခံရန် စီစဉ်ခဲ့ကြောင်း သိရှိရပါသည်။

ထိုအချိန်မှစ၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ၎င်းတို့ စီမံခန့်ခွဲအကောင်အထည်ဖော်သည့် ဥပဒေလက်စွဲစာအုပ်များနှင့် ကင်းကွာခဲ့ပြီး ဥပဒေလက်စွဲစာအုပ်များကိုလည်း Up to date မလုပ်နိုင်တော့ပေ။ ထို့အပြင် ခေတ်ကာလပြောင်းလဲလာသည့်အလျောက် အဆိုပါ တာဝန်ရှိသူအရာရှိသစ်များသည် ၎င်းတို့ စီမံခန့်ခွဲအကောင်အထည်ဖော်သည့် ဥပဒေများကိုပင် မသိတော့သဖြင့် ရှေ့နေချုပ်ရုံးသို့ လာရောက်မေးမြန်းသည့် ဌာနများပင် ရှိခဲ့သည်။

ဤသို့သောအခြေအနေတွင် ယခင်ကလက်ကိုင်အဖြစ် ကျင့်သုံးခဲ့သည့် ဥပဒေ

*စာမျက်နှာ ၁၁ သို့*

# ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘတ်ဂျက်နှင့်ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

ရန်ကုန် ဇွန် ၁၁

**၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်နှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။**

**မေး ။ ။ ရန်ကုန်တိုင်းဒေသကြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရရှိမှု အခြေအနေနဲ့ သုံးစွဲသွားမယ့် လျာထားချက်တွေနဲ့ပတ်သက်ပြီး သိပါရစေခင်ဗျာ။**

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ယူရတဲ့ အချိန်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကို စတင်ပြီး တာဝန်ယူခဲ့ပါတယ်။ အခုဆိုရင် ၂၀၁၈- ၂၀၁၉ ဘတ်ဂျက်ဖြစ်ပါတယ်။ ၂၀၁၈- ၂၀၁၉ ဘတ်ဂျက်မှာတော့ ခြောက်လဘတ်ဂျက်တစ်ခုနဲ့ အောက်တိုဘာလမှာလုပ်မယ့် ဘတ်ဂျက်ဖြစ်ပါတယ်။ ကျွန်တော်တို့ စတင်တာဝန်ယူခဲ့စဉ်ကာလမှာ ဘတ်ဂျက်သုံးစွဲနိုင်မှုဟာ ဘီလီယံ လေးရာကျော်လောက်ပဲရှိပါတယ်။ ကျွန်တော်တို့ နှစ်နှစ်တာ တာဝန်ယူပြီးတဲ့ အခုအချိန်မှာတော့ ကျွန်တော်တို့ သုံးစွဲနိုင်တဲ့ အခြေအနေက ၂၀၁၈- ၂၀၁၉ အတွက် လျာထားချက်ဟာ ဘီလီယံ ခြောက်ရာကျော်လောက် ကျွန်တော်တို့ လျာထားနိုင်ခဲ့ပါတယ်။ ဒါဟာကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကြိုးပမ်းဆောင်ရွက်လာခဲ့တဲ့ ဆောင်ရွက်မှု တစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်း ဒီတစ်နှစ်မှာ ဘီလီယံတစ်ရာကျော်လောက် ပိုပြီးသုံးနိုင်အောင် ကျွန်တော်တို့ ကြိုးစားပြီးတော့ ရှာဖွေခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီး လာမယ့် ၂၀၁၈-၂၀၁၉ အောက်တိုဘာလ ဘတ်ဂျက်မှာ ဘီလီယံ ခြောက်ရာကျော်လောက်သုံးစွဲဖို့အတွက် ဘတ်ဂျက်လျာထားချက်ကို ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။

ဒီဘတ်ဂျက်လျာထားမှုတွေနဲ့ပတ်သက်ရင် ကျွန်တော်တို့ရဲ့ အဓိကမူဝါဒက ကျေးလက်နဲ့ မြို့ပြကို အချိုးညီ ဖွံ့ဖြိုးတိုးတက်စေလိုမှုကို ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာပဲဖြစ်ဖြစ် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာပဲဖြစ်ဖြစ် ကျေးလက်ဒေသမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ နေထိုင်မှုဘဝကို မြှင့်တင်အောင် ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီအတွက်ဆိုရင် အဓိကကတော့ လျှပ်စစ်မီးရယ်၊ လမ်းတွေရယ်၊ ရေကောင်းရေသန့်သုံးစွဲနိုင်ဖို့ကိစ္စဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အဓိကကျတဲ့ ကြိုးပမ်းဆောင်ရွက်မှုပဲဖြစ်ပါတယ်။ ဒါဟာတစ်ချက်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဘတ်ဂျက်ကို ရေးဆွဲတဲ့နေရာမှာ ခေတ်အဆက်ဆက် ဘတ်ဂျက်ရေးဆွဲခဲ့တဲ့စနစ်ဟာ ဝန်ကြီးဌာနတွေကပဲ ရေးဆွဲတာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေက ရေးဆွဲတာဖြစ်တဲ့အတွက် ဌာနကို အခြေပြုပြီး ဌာနက လုပ်သင့်လုပ်ထိုက်တာတွေကို ရေးဆွဲတဲ့ ပုံသဏ္ဍာန်မျိုးဖြစ်ခဲ့ပါတယ်။ အခု ကျွန်တော်တို့ မျှော်မှန်းတာက ပြည်သူတွေပါဝင်ရေးဆွဲတဲ့ ဘတ်ဂျက်စနစ်မျိုး ဖြစ်ချင်ပါတယ်။ ဒီအတွက် ပြည်သူလူထုတွေ ပါဝင်နိုင်တဲ့၊ အားလုံးပါဝင်ခွင့်ရနိုင်တဲ့ ဘတ်ဂျက်ရေးဆွဲနည်းစနစ်နဲ့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲပြီးတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ကျွန်တော်တို့ဆောင်ရွက်လာခဲ့တာရှိပါတယ်။ ဒီ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နဲ့ ပတ်သက်ပြီးတော့လည်း ပထမအဆင့် ဘာတွေဆောင်ရွက်သင့်သလဲဆိုပြီး ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်မှာ အကြံပြုချက်ရယူတာဖြစ်ပါတယ်။ ဒီအကြံပြုချက်ရယူမှုနဲ့ ပတ်သက်ရင် မဲခွဲဆုံးဖြတ်စရာမလိုပါဘူး။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄၀ အရ လွှတ်တော်မှာ အကြံပြုချက်တွေကိုစုစည်းပြီးရင် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဆီကို တင်ပြဖို့ပဲဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်မှုမျိုး




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

ဆောင်ရွက်ဖို့ မလိုအပ်ပါဘူး။ ပုဒ်မ ၁၄၁ အရ ပြည်ထောင်စုလွှတ်တော်မှာ ဒီဥပဒေတွေအားလုံးဟာ ဘဏ္ဍာရေးကော်မရှင်ကို ဖြတ်ရမယ်။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပြီးတဲ့နောက် ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြီးမှ တိုင်းဒေသကြီးရဲ့ ဥပဒေကြမ်းအဖြစ်နဲ့ တိုင်းဒေသကြီးလွှတ်တော်ကို ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။ အဲဒီအချိန်ကျရင် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပုဒ်မ ၁၄၁ အရ လွှတ်တော်မှာ ဆွေးနွေးပြီးတော့ အားလုံးရဲ့ အများဆန္ဒ သဘောထားနဲ့ အတည်ပြုကြရမှာဖြစ်ပါတယ်။ အခုကျွန်တော်တို့ စတင်ဆောင်ရွက်တာက အောက်တိုဘာလမှာ စတင်မယ့် ဘဏ္ဍာရေးနှစ်အတွက် အကြိုပြင်ဆင်မှုတွေဖြစ်ပါတယ်။

**မေး ။ ။ အောက်တိုဘာလမှာ စမယ့် ဘတ်ဂျက်နဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ အကြိုပြင်ဆင်မှုနဲ့ပတ်သက်ရင် အချက်နှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ပိုင် စီးတီးဘဏ်ကိစ္စဖြစ်ပါတယ်။ (YCDC) ပိုင် စီးတီးဘဏ်မှာ စရန်ငွေ (ငွေပေါင်) ထားရှိဖို့ ကိစ္စဖြစ်ပါတယ်။ ဒီငွေပမာဏဟာ ဘာကြောင့်ထားရှိရသလဲဆိုရင် နိုင်ငံခြားငွေ သုံးစွဲခွင့်ရဖို့အတွက်ဖြစ်ပါတယ်။ နိုင်ငံခြားငွေ သုံးစွဲခွင့်ဆိုတာ ဗဟိုဘဏ်မှာ ငွေပေါင်ထားရပါတယ်။ နိုင်ငံခြားငွေ သုံးစွဲမယ်ဆိုရင် နိုင်ငံခြားငွေသုံးစွဲမှုအတွက် သတ်မှတ်ထားတဲ့ငွေပေါင်ကို ထားရပါတယ်။

ဒီငွေဟာ ဗဟိုဘဏ်မှာ ကျွန်တော်တို့က အပ်နှံထားရတဲ့ငွေဖြစ်ပါတယ်။ ဒီအတွက်ကိုလည်း ဗဟိုဘဏ်ကနေ ကျွန်တော်တို့ကို သင့်တင့်မျှတတဲ့ အကျိုးခံစားခွင့်တစ်ခုကို ပြန်ပေးမှာပဲဖြစ်ပါတယ်။ ဒီငွေကို မတင်ပြထားဘူးဆိုရင် နိုင်ငံခြားငွေကို စီမံခန့်ခွဲ သုံးစွဲဖို့အတွက် သုံးစွဲခွင့်ရမှာ မဟုတ်ပါဘူး။ အခု အခြေအနေမှာ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အဓိက စီးပွားရေးကျောရိုးတစ်ခုဖြစ်နေတဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေကို ချေးငွေတွေ ချေးချင်ပါတယ်။ ဒီချေးငွေချေးမယ်ဆိုရင် နိုင်ငံခြားကနေ နှစ်ဆင့်ချေးငွေ လုပ်ဖို့ မျှော်မှန်းရမှာဖြစ်ပါတယ်။ ဥပမာ-ကျွန်တော်တို့ကို JICA ကနေ ချေးငွေတစ်ခုပေးမယ်ဆိုရင် ဒီချေးငွေဟာနိုင်ငံခြားငွေ စီမံခန့်ခွဲမှုကို လုပ်ဆောင်နိုင်တဲ့ဘဏ်ဖြစ်မှ ဒီငွေကို ကျွန်တော်တို့ လက်ခံယူလို့ရမယ်။ ဒီငွေကို လက်ခံယူပြီးမှ ကျွန်တော်တို့ဟာ မြန်မာငွေနဲ့ ကျွန်တော်တို့ဆီမှာရှိတဲ့ SME တွေကို အတိုးနှုန်းသက်သာစွာနဲ့ ပြန်ချေးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ တိုင်းဒေသကြီးတွေမှာ အဓိကကျတဲ့ SME တွေကို အတိုးနှုန်းသက်သာစွာနဲ့ ချေးငွေပေးနိုင်ဖို့အတွက်ဆိုရင် စီးတီးဘဏ်ရဲ့လည်ပတ်နိုင်မှုဟာ နိုင်ငံခြားငွေ စီမံခန့်ခွဲနိုင်မှု ရှိဖို့လိုအပ်ပါတယ်။ ဒီအတွက် ဒီငွေကိုလျာထားသုံးစွဲဖို့ ကျွန်တော်တို့ပြင်ဆင်ပါတယ်။ ဒါဟာတစ်ချက်ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တိုင်းဒေသကြီးဝန်ကြီးတွေရဲ့ အဆောင်အယောင် ကားဝယ်ယူမှုကိစ္စဖြစ်ပါတယ်။ ဒီကိစ္စဟာ အဆောင်အယောင် ဥပဒေအရ ကျွန်တော်တို့ ဝယ်ယူခြင်းပဲဖြစ်ပါတယ်။ ဒါဟာ ဥပဒေအရ ဝန်ကြီးတွေဟာ ရုံးတက်တဲ့ အခါမျိုးမှာ ဒီကားကိုပဲစီးရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တိုင်းဒေသကြီး ဝန်ကြီးတွေကို ပေးထားတဲ့ကားတွေဟာ ပြီးခဲ့တဲ့အစိုးရသက်တမ်းမှာ သုံးစွဲခဲ့တဲ့ ကားတွေဖြစ်ပါတယ်။ အဲဒီကားတွေဟာ MSW တွေဖြစ်ပါတယ်။ ဒီကားတွေအားလုံးဟာ စက်မှုဝန်ကြီးဌာနက ထုတ်လုပ်ထားတဲ့ကားတွေပဲဖြစ်ပါတယ်။ ကားတွေဟာတော်တော်ကို ဟောင်းနွမ်းနေပါပြီ။ ဒီအတွက် ဝန်ကြီးတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ကားတွေကို သုံးစွဲပြီးတော့ ရုံးတက်ကြပါတယ်။ ဒီကိစ္စဟာ ရန်ကုန်အတွက် မသင့်တော်ပါဘူး။ ဘာကြောင့်လဲဆိုရင် ရန်ကုန်ဟာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာတွေရှိပါတယ်။ ဒီနေရာမှာ ယာဉ်ထိန်းရဲတွေ၊ ရဲတပ်ဖွဲ့တွေ သိထားတာက အစိုးရရဲ့ တရားဝင်ကားတွေကိုပဲ အသိအမှတ်ပြုထားတာဖြစ်ပါတယ်။ သူတို့အတွက် လုံခြုံရေးကိစ္စတွေကို ကျင့်သုံးမယ်ဆိုရင် ကိုယ်ပိုင်ကားတွေကို စီးနင်းနေခြင်းဟာ မသင့်တော်ပါဘူး။

ဒါကြောင့် ကျွန်တော်တို့က ကိုယ်ပိုင်ကားတွေမဟုတ်ဘဲ အဆောင်အယောင် ဥပဒေအရ ပေးကိုပေးရမယ့်ကားတွေ ရှိပါတယ်။ အဲဒီပေးတဲ့ နေရာမှာလည်း အိမ်သုံးဖို့ တစ်စီးပေးသလို ရုံးစီးဖို့ တစ်စီးပေးပါတယ်။ ရုံးစီးဖို့ကားကို ဆလွန်းကားမျိုး ကျွန်တော်တို့မပေးပါဘူး။ Wagon လို ကားမျိုးပဲ ကျွန်တော်တို့ပေးပါတယ်။ ဒါဘာကြောင့်လဲဆိုရင် နယ်မြို့တွေကိုသွားလာပြီးတော့ စစ်ဆေးရေးတွေ လုပ်မယ်ဆိုရင် ဆလွန်းကားတွေက အဆင်မပြေပါဘူး။ Wagon ကလည်း ဇိမ်ခံကားမဟုတ်ပါဘူး။ ဒီနေရာမှာ တိုင်းဒေသကြီးရဲ့မော်တော်ယာဉ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားတဲ့ မူဝါဒတွေအရ ကျွန်တော်တို့က မြန်မာပြည်မှာလာပြီး (assembly) လုပ်မယ့်ကားတွေကို ဦးစားပေးပြီးဝယ်ချင်ပါတယ်။ ဒါမှသာလျှင် ပြည်တွင်းထုတ်လုပ်တဲ့ လုပ်ငန်းတွေကို အားပေးရာရောက်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က TOYOTA ကားထဲက လည်းကောင်း၊ Nissan ထဲက သော်လည်းကောင်း၊ Ford ထဲက သော်လည်းကောင်း ဒီလို ဝယ်ယူဖို့အတွက် လျာထားငွေသတ်မှတ်ခြင်းပဲ ဖြစ်ပါတယ်။ လျာထားငွေဆိုတာ ပိုရင်လည်းပိုနေနိုင်ပါတယ်။ ပိုရင်ဝယ် ပြီးရင် ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပြီး ဝယ်ယူပြီးတဲ့ အချိန်မှာ ပိုငွေကို ပြန်လည်အပ်နှံရမှာပဲ ဖြစ်ပါတယ်။

အဆောင်အယောင်ဥပဒေအရ ကျွန်တော်က ဒီကိစ္စကို မဖြစ်မနေ ဝယ်ယူမယ်ဆိုတဲ့ သဘောမျိုး မဟုတ်ပါဘူး။ ဘာကြောင့်လဲဆို အဆောင်အယောင်ဥပဒေအရ ကျွန်တော်တို့တိုင်းဒေသကြီးရဲ့ ဘတ်ဂျက်ကနေ ဝယ်ရတာမဟုတ်ပါဘူး။ ဒါက ပြည်ထောင်စုကနေပြီးတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဘက်ကနေ ကျွန်တော်တို့ကို ချပေးရမှာဖြစ်ပါတယ်။ ဒီအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဘက်ကနေ ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် ဒီကားတွေကို ဝယ်ယူစရာ မလိုအပ်တော့ပါဘူး။ ဒီငွေတွေကို ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ လိုအပ်တဲ့ အခြားနေရာတွေ သုံးစွဲခွင့်ရသွားမှာဖြစ်သလို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုသုံးစွဲနိုင်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီငွေကို စနစ်တကျ စီမံခန့်ခွဲသုံးစွဲနိုင်ဖို့ အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ဆွေးနွေးနေပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီကားတွေဟာ အဆောင်အယောင်ကားတွေဖြစ်တဲ့အတွက် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန (CESID) ကနေ ကျွန်တော်တို့ကို ထုတ်ပေးရမှာဖြစ်ပါတယ်။ CESID ကနေ ကားထုတ်ပေးမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဒီကားတွေကို ဝယ်ယူစရာ မလိုပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်မှာ မဲခွဲဆုံးဖြတ်မယ်ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ဘက်ကနေ အဆိုပြုမှုတစ်ခု ကျွန်တော်တွေ့ပါတယ်။ ဒါဟာဥပဒေနဲ့ ညီညွတ်မှု မရှိပါဘူး။ ဒီကိစ္စဟာ အကြံပြုချက်ပဲပြုရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရကနေ တင်သွင်းမယ့် ဥပဒေဖြစ်ပြီး ဒီဥပဒေကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ ပုဒ်မ ၁၄၁ အရ ဥပဒေကြမ်းကို အတည်ပြုတဲ့အချိန်မှသာ အများသဘောဆန္ဒအရ အတည်ပြုရမှာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ဟာ လျာထားချက်ကိုပဲ တင်ပြတာဖြစ်ပါတယ်။ လျာထားတင်ပြမှုကိုတော့ တိုင်းဒေသကြီးလွှတ်တော် ဥပဒေ ပုဒ်မ ၁၄၀ အရ အကြံပြုချက်တွေကို ဆွေးနွေးကြပြီးရင် ဒီအကြံပြုချက်တွေကို ဝန်ကြီးချုပ်ဆီပေးပို့ဖို့ပဲ ဖြစ်ပါတယ်။ ဥပဒေအတိုင်း ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးတွေ သုံးစွဲဖို့ ကားဝယ်ယူမယ့်ကိစ္စနဲ့ပတ်သက်ပြီး ဘယ်လို ဆက်လက်ဆောင်ရွက်သွားမလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ ။ ။ ကျွန်တော့်ဆီကတစ်ဆင့် ဒီကိစ္စကို ဘဏ္ဍာရေးကော်မရှင်ကိုတင်ပြမယ်။ ဘဏ္ဍာရေး ကော်မရှင်က အတည်ပြုချက်ရရှိပြီဆိုမှ ပြည်ထောင်စုအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၀၀ အရ ပြည်ထောင်စုလွှတ်တော်ကို တင်ပြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြီဆိုမှ ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ပြန်လည်ဆွေးနွေးဖို့အတွက် တိုင်းဒေသကြီးအစိုးရကနေ လွှတ်တော်ကို တင်ပြရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ကျရင် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပုဒ်မ ၁၄၁ အရ လွှတ်တော်မှာ အတည်ပြုချက်ရယူကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက် ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ဟာ နိုင်ငံရေးတာဝန်တွေကိုလာပြီး ထမ်းဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တာဝန်လာယူနေတာဖြစ်ပါတယ်။ အခွင့်အရေးလာယူနေတာမျိုး မဟုတ်ပါဘူး။ ဒီအတွက် ကျွန်တော်တို့တွေ ဒီတာဝန်တွေကို ယူနေကြတယ်၊ ဝန်ကြီးတွေကို တာဝန်ပေးတယ်ဆိုရာမှာ ကျွန်တော်တို့ဟာ ဒီတာဝန်တွေနဲ့အတူ အခွင့်အရေးယူပြီး ပြည်သူလူထုရဲ့ဘဏ္ဍာငွေတွေ ကို အလွဲပြုလုပ်လို့ မရနိုင်ပါဘူး။ ကျွန်တော်တို့အားလုံးရဲ့ ယုံကြည်မှုတွေအတွက် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ တိုင်းပြည်တိုးတက်အောင်၊ ဒီမိုကရေစီအရေး လူ့အခွင့်အရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေအတွက် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီအတွက် ကားစီးဖို့ဆောင်ရွက်နေတဲ့ အစိုးရအဖွဲ့ မဟုတ်ဘူးဆိုတာကိုတော့ ကျွန်တော် ရှင်းရှင်းလင်းလင်းပြောချင်ပါတယ်။ အဆောင်အယောင်ဥပဒေအရ သတ်မှတ်ထားတဲ့ ဥပဒေကိုတော့ ဝန်ကြီးတွေ လိုက်နာရပါမယ်။ ကျွန်တော်တို့ဘက်ကလည်း လိုက်နာနိုင်အောင်အတွက် သူတို့ကို သတ်မှတ်ထားတဲ့ အခွင့်အရေးတွေကိုပေးရပါမယ်။ ဒါမှသာလျှင် ဥပဒေအတိုင်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပဒေမပါတာကိုလည်း မလုပ်ဖို့လိုသလို ဥပဒေမှာပါဝင်တာကိုလည်း လုပ်ကိုလုပ်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ဥပဒေစိုးမိုးရေးကို ဦးထိပ်ထားတဲ့ အစိုးရတစ်ရပ်အနေနဲ့ ဒီအတိုင်းပဲ ကျွန်တော်တို့ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ **တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဖေဇော်**

## ပေါင်မြို့နယ်၌ မူခင်းအသိပညာပေးဆောင်ရွက်

ပေါင် ဇွန် ၁၁

ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ဝင်းတို့၏ ညွှန်ကြားချက်၊ ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေ၏ကြီးကြပ်မှုဖြင့် ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်က ပေါင်မြို့နယ် မုတ္တမကျွဲခြံကျေးရွာ သိမ်ကျောင်းဓမ္မာရုံတွင် ဒေသခံများအား မုတ္တမနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မင်းကြည်နှင့် တာဝန်ရှိသူများက မူခင်းကျဆင်းရေးပညာပေးဆောင်ရွက်ခြင်း သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေး အသိပညာပေးဟောပြောခဲ့သည်။ **၁၃၈**



## မိုးသက်လေပြင်းများ ကျရောက်နိုင်

နေပြည်တော် ဇွန် ၁၁

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ လစဉ်တိုးမြင့်ထုတ်ဝေဖြန့်ချိလျက်ရှိ

ရန်ကုန် ဇွန် ၁၁

**သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ လစဉ်တိုးမြင့်ထုတ်ဝေလျက်ရှိရာ ယခုနှစ် မေလချုပ် စာရင်းများအရ သတင်းစာ ၂၆ စောင်၊ ဂျာနယ် ၂၁၆ စောင်နှင့် မဂ္ဂဇင်း ၂၁၂ စောင် ဈေးကွက်အတွင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။**

အဆိုပါ စာအုပ်စာစောင်အရေအတွက်မှာ အတည်ပြုပြဋ္ဌာန်းထားသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ခွင့်ပြုပေးထားမှုများအနက် ယင်းဥပဒေပုဒ်မ ၁၁၊ နည်းဥပဒေ အပိုဒ် ၁၅ အရ ဌာနသို့ အဖိုးအခလွတ်ပေးပို့လာသည့် စာအုပ်စာစောင်အရေအတွက်သာဖြစ်ကြောင်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်း အမှတ်(၄)ရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ ခေတ္တညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်း ထံမှ သိရသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များ ခွင့်ပြုပေးလျက်ရှိရာ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ သတင်းအေဂျင်စီလုပ်ငန်း ၁၁ ခုနှင့် ပုံနှိပ်လုပ်ငန်း ၃၃ ခု၊ ထုတ်ဝေခြင်းလုပ်ငန်းတွင် ဂျာနယ် ၁၅ စောင်၊ မဂ္ဂဇင်း ၁၇ စောင်၊ အထွေထွေထုတ်ဝေခွင့် ၁၀၀ ခွင့်ပြုပေးထားပြီး ဖြစ်သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ စတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ယနေ့အထိ ခွင့်ပြုပေးခဲ့မှုများမှာ သတင်းအေဂျင်စီလုပ်ငန်း ၁၀၄ ခု၊ ပုံနှိပ်လုပ်ငန်း ၁၅၁၄ ခု၊ ထုတ်ဝေမှုလုပ်ငန်းတွင် သတင်းစာ ၄၆ စောင်၊ ဂျာနယ် ၅၃၉ စောင်၊ မဂ္ဂဇင်း ၄၄၂ စောင်နှင့် အထွေထွေ ထုတ်ဝေခွင့် ၁၃၅၄ ခု စုစုပေါင်း ၂၃၈၁ ရှိပြီဖြစ်ကြောင်း၊ ၎င်းအခြေအနေကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website www.moi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### သတင်းအေဂျင်စီလုပ်ငန်း ၁၁ ခု

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁ | Myanmar Note သတင်းအေဂျင်စီ | ၇ | Media Top - 4 သတင်းအေဂျင်စီ |
| ၂ | The Nyang သတင်းအေဂျင်စီ | ၈ | MFN (Myanmar Future News) သတင်းအေဂျင်စီ |
| ၃ | Mo Mo Lay သတင်းအေဂျင်စီ | ၉ | Channel Z သတင်းအေဂျင်စီ |
| ၄ | Super Star Online Media သတင်းအေဂျင်စီ | ၁၀ | Sunday Online Media သတင်းအေဂျင်စီ |
| ၅ | mfv (Media for Value) သတင်းအေဂျင်စီ | ၁၁ | Milky Way Media သတင်းအေဂျင်စီ |
| ၆ | BEE PRESS.CO သတင်းအေဂျင်စီ | | |

### ပုံနှိပ်ခြင်းလုပ်ငန်း ၃၃ ခု

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁ | ရတနာညွန့်ပုံနှိပ်တိုက် | ၁၇ | အရှေ့အိမ်ပုံနှိပ်တိုက်(၂) |
| ၂ | သန်းမေတ္တာပုံနှိပ်တိုက် | ၁၈ | အောင်ဇော်ထွန်းပုံနှိပ်တိုက် |
| ၃ | မိုးသောက်ပုံနှိပ်တိုက် | ၁၉ | Global Conquered King Co., Ltd Printing |
| ၄ | ဧယျာသုခပုံနှိပ်တိုက်(၃) | ၂၀ | ဆန်းသစ်အောင်ပုံနှိပ်တိုက် |
| ၅ | Myanmar Deco-TBSP Special Products Co., Ltd Printing | ၂၁ | မွန်းလိုက်အော့ဖ်ဆက် |
| | | ၂၂ | အောင်စည်ဟိန်းပုံနှိပ်တိုက် |
| ၆ | စစ်သည်တော်ပုံနှိပ်တိုက် | ၂၃ | ရွှေသစ်ပုံနှိပ်တိုက် |
| ၇ | Full Colour ပုံနှိပ်တိုက် | ၂၄ | သွန်းသီရိပုံနှိပ်တိုက် |
| ၈ | ခုနစ်စဉ်ကြယ် Smart အော့ဖ်ဆက် | ၂၅ | Magic Colour Vinyl ပုံနှိပ်လုပ်ငန်း |
| ၉ | စွမ်းပြည့်အော့ဖ်ဆက် | ၂၆ | အပါးတော်မြဲပုံနှိပ်တိုက် |
| ၁၀ | Rhythm Force ပုံနှိပ်တိုက် | ၂၇ | ဇွန်ဇွန်ပုံနှိပ်တိုက် |
| ၁၁ | ပန်းဆက်လမ်းပုံနှိပ်တိုက် | ၂၈ | ချယ်ရီခိုင်ပုံနှိပ်တိုက် |
| ၁၂ | Cyber Web Media Printing | ၂၉ | အောင်ပညာမြင့်ပုံနှိပ်တိုက် |
| ၁၃ | ရာဇာပုံနှိပ်တိုက်(၂) | ၃၀ | April ပုံနှိပ်တိုက် |
| ၁၄ | မားနဂါးပုံနှိပ်တိုက် | ၃၁ | မိုးပြည့်ဟိန်းပုံနှိပ်တိုက် |
| ၁၅ | Sunn Color Separation | 32 | မန်းငွေလရောင်ပုံနှိပ်တိုက် |
| ၁၆ | ရွှေဆုပိုင်ပုံနှိပ်တိုက် | ၃၃ | i-Dream ဗီနိုင်းပုံနှိပ်လုပ်ငန်း။ |

### ထုတ်ဝေခြင်းလုပ်ငန်း ၁၀၀

| သတင်းစာ ၂ စောင် | | | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | go daily | ၂ | The Cherry Hill Times |

| ဂျာနယ် ၁၅ စောင် | | | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | Travelling Journal | ၉ | Super English Journal |
| ၂ | ရွှေပျူမြေမှုခင်းသတင်းဂျာနယ် | ၁၀ | Performance Journal |
| ၃ | နေရာတကာဂျာနယ် | ၁၁ | သတင်းနဂါးသတင်းစုံဂျာနယ် |
| ၄ | Zolai Zunna Journal | ၁၂ | ဇမ္ဗူဒိပ်ဂမ္ဘီရဂျာနယ် |
| ၅ | အာမခံသတင်းလွှာ (Insurance Newsletter) | ၁၃ | တိုင်းရင်းသားရေးရာဂျာနယ် |
| | | ၁၄ | Inya Economic Journal |
| ၆ | သုတကမ္ဘာဂျာနယ် | ၁၅ | Thousand Stars Journal (မန္တလေးအလုပ်အကိုင်အခွင့်အလမ်းဂျာနယ်) |
| ၇ | MERGUI Post Journal | | |
| ၈ | တောင်ဇလပ်တိုင်းမ်ဂျာနယ် | | |

| မဂ္ဂဇင်း ၁၇ စောင် | | | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | အထက(၁)သံတွဲမြို့လမ်းပြကြယ်မဂ္ဂဇင်း | ၁၀ | UG Magazine |
| | | ၁၁ | ပညာ့ခေတ်ပညာရေးမဂ္ဂဇင်း |
| ၂ | အထကမြေပုံမဂ္ဂဇင်း | ၁၂ | နေပြည်တော် စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည်မဂ္ဂဇင်း |
| ၃ | APEXAND Myanmar Business Magazine | ၁၃ | edu International Myanmar Magazine |
| ၄ | မြန်မာမင်္ဂလာမဂ္ဂဇင်း | | |
| ၅ | Civilization Magazine | ၁၄ | အကုန်သိမဂ္ဂဇင်း |
| ၆ | ရခိုင်တင်းခွန်မဂ္ဂဇင်း | ၁၅ | ပညာ့ကြေးမုံမဂ္ဂဇင်း |
| ၇ | IELTS Myanmar Magazine | ၁၆ | THE EAST Ideas for the People Magazine |
| ၈ | ကာယပညာကျောင်းကျန်းမာမဂ္ဂဇင်း | | |
| ၉ | 3 ACT ရုပ်ရှင်မဂ္ဂဇင်း | ၁၇ | The Muslim Reader Magazine |

| အထွေထွေထုတ်ဝေခွင့် ၆၆ ခု | | | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | Kyaw Kyinn စာပေ | ၃၃ | ဝင်းဝင်းစာပေ |
| ၂ | J-SAT Media Publishing၊ | ၃၄ | ဇိုမီးခရစ်ယာန် စာပေအသင်း (Zomi Christian Literature Society)မှ ထုတ်ဝေသည့် စာပေ |
| ၃ | မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ ထုတ်ဝေသည့်စာပေ | ၃၅ | Cyber Web Media Publishing |
| ၄ | ကောင်းကင်မေ စာပေ | ၃၆ | မြို့စားကြီးစာပေ |
| ၅ | သမ္မာကျမ်းတရား ခရစ်ယာန် မိတ်သဟာယအဖွဲ့မှ ထုတ်ဝေသည့်စာပေ | ၃၇ | လေလွင့်မြစ်စာပေ |
| | | ၃၈ | ဗုဒ္ဓဝံသရက္ခိတစာပေ |
| ၆ | The Big Nine Publishing House | ၃၉ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသည့်စာပေ |
| ၇ | အောင်ခေတ်ဆန်းစာပေ | ၄၀ | စာအုပ်အိမ်-၄၆ စာပေ |
| ၈ | Htun Generation စာပေ | ၄၁ | နေမခစာပေ |
| ၉ | မိုးစာပေ | ၄၂ | ထေရီလင်းစာပေ |
| ၁၀ | သင်းမြန်မာ စာပေတိုက် | ၄၃ | သစ်ခက်အလင်းစာပေ |
| ၁၁ | ပြေဦးစာပေတိုက် | ၄၄ | New Myanmar Publishing House |
| ၁၂ | New Mind စာပေ | | |
| ၁၃ | သုခုမကောင်းကင်စာပေ | ၄၅ | ပြဒါးလင်းစာပေတိုက် |
| ၁၄ | ဖအောင်စာပေ | ၄၆ | Bagan Star စာပေတိုက် |
| ၁၅ | စောလွင်စာပေ | ၄၇ | အိမ်ချက်စာပေ |
| ၁၆ | သံလွင်စာပေ | ၄၈ | ကိုသက်စာပေ |
| ၁၇ | Black Swan Publishing House | ၄၉ | မြန်မာ သတင်းပညာသိပ္ပံ |
| | | ၅၀ | Mariner Publications |
| ၁၈ | The Eco Book စာပေ | ၅၁ | လွိုက်ကော်ခိုင်စာပေ |
| ၁၉ | မြတ်သာဂီစာပေ | ၅၂ | ရွှေနှလုံးသားစာပေ |
| ၂၀ | ဓမ္မပန်းခင်းစာပေ | ၅၃ | ထက်ထက်စာပေ |
| ၂၁ | တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှ ထုတ်ဝေသည့် စာပေ | ၅၄ | K စာပေတိုက် |
| | | ၅၅ | ကြည်သန့်စင် စာပေတိုက် |
| | | ၅၆ | ဓမ္မရသစာပေ |
| ၂၂ | မားနဂါးစာပေတိုက် | ၅၇ | နွယ်မြက်သစ္စာ စာပေတိုက် |
| ၂၃ | ပန်းဆွေမွန်စာပေ | ၅၈ | MIPS (Myanmar Institute for Peace and Security) |
| ၂၄ | လက်ရာရှင်စာပေ | | |
| ၂၅ | ဂန္ထဝင်သစ်စာပေ | ၅၉ | ရဲမာန်စာပေတိုက် |
| ၂၆ | ဓားတောင်စာပေတိုက် | ၆၀ | ပြတင်းပေါက်များစာပေ |
| ၂၇ | အပါးတော်မြဲစာပေတိုက် | ၆၁ | ဘဝတက်လမ်းစာပေ |
| ၂၈ | စာပေအနုပညာစာအုပ်တိုက် | ၆၂ | နေသန့်စာပေ |
| ၂၉ | စိတ်ကူးယဉ်စာပေ | ၆၃ | မျိုးမျိုးစာပေ |
| ၃၀ | ပဒေသာပိဋကတ်စာပေ | ၆၄ | မိုးစက်ပွင့်စာပေ |
| ၃၁ | ယဉ်ကျေးမှုရပ်ဝန်း စာအုပ်ထုတ်ဝေရေး | ၆၅ | Milky Way Publishing |
| | | ၆၆ | ရွှေဒေါင်းတောင်စာအုပ်ထုတ်ဝေရေး |
| ၃၂ | ဇာစ်မြစ်စာအုပ်ထုတ်ဝေရေး | | |

*စာမျက်နှာ ၉ မှ*

လက်စွဲစာအုပ်များမှာလည်း လက်ရှိအခြေအနေနှင့် မကိုက်ညီတော့ဘဲ စီမံခန့်ခွဲရေးအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များဖြင့်သာ ကျင့်သုံးလာကြသည်ကို တွေ့ရသည်။

တစ်ဖန် ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေအရလက်တွေ့အကောင်အထည်ဖော်ရေးအတွက် ထုတ်ပြန်ရန် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများကို အချို့သောသက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများက အချိန်မီထုတ်ပြန်မှုမရှိကြောင်း၊ အချို့ထုတ်ပြန်သော်လည်း ဥပဒေလက်စွဲစာအုပ်အဖြစ် ပြုစုထုတ်ဝေခြင်း မရှိကြောင်း သိရှိရပါသည်။

တော်လှန်ရေးကောင်စီကာလမှစ၍ ပြောင်းလဲလာသည့် ခေတ်ကာလများနှင့် ယခုခေတ် အခြေအနေအထိအချို့သောဝန်ကြီးဌာန၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများက အထက်ဖော်ပြပါ သက်ဆိုင်ရာဥပဒေလက်စွဲစာအုပ်တွင် ပြင်ဆင်ဖြည့်စွက်မှု အနည်းအကျဉ်းမျှသာ ရှိသည်ကိုတွေ့ရှိရပါသည်။ ယင်းဌာန၊ အဖွဲ့အစည်းများထဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတရားရုံးများလက်စွဲတွင် ပြင်ဆင်ချက် အချို့ပြုလုပ်ခဲ့ကြောင်း၊ ရှေ့နေချုပ်ရုံးကရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် ပုံစံများပါဝင်သည့် ဥပဒေရုံးများလက်စွဲကို ၂၀၀၂ ခုနှစ်မှစ၍ ထုတ်ဝေခဲ့ကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရုံးလုပ်ငန်းလက်စွဲကို ၂၀၀၈ ခုနှစ်မှစ၍ ထုတ်ဝေခဲ့ကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လက်စွဲစာအုပ်ဟု မဖော်ပြသော်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များစာအုပ်ကို ၂၀၀၀ ပြည့်နှစ်မှစ၍ ထုတ်ဝေခဲ့ကြောင်း သိရှိရပါသည်။

တရားဥပဒေစိုးမိုးပြီး ခေတ်မီတိုးတက်သော နိုင်ငံတိုင်းတွင် Standard operation procedure (SOP) သဘောမျိုးပါဝင်သည့် ဥပဒေလက်စွဲစာအုပ်များ ပြုစုထုတ်ဝေပြီး ကျင့်သုံးလျက်ရှိကြောင်း၊ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် အမြဲတမ်းပြန်လည်သုံးသပ်ပြီး ထိုဥပဒေလက်စွဲစာအုပ်ကို Up to date ပြုလုပ်ပြီး ကျင့်သုံးလျက်ရှိကြောင်းနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် လိုက်နာရမည့် အများပြည်သူတို့က လွယ်ကူအဆင်ပြေချောမွေ့ကြကြောင်း လေ့လာသိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် The Manual of Parliamentary Procedure Act အခန်း (၁၁) အရ တစ်ဆင့်ခံဥပဒေများရေးဆွဲပြဋ္ဌာန်းရေးနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းပါရှိပြီးပြဋ္ဌာန်းသည့် ဥပဒေအလိုက် ဥပဒေလက်စွဲများ ထုတ်ပြန်ကြောင်း (ဥပမာ) စွမ်းအင်ဆိုင်ရာ ဥပဒေလက်စွဲစာအုပ် ထုတ်ဝေထားကြောင်း လေ့လာ သိရှိရပါသည်။ ထို့အတူ စင်ကာပူနိုင်ငံတွင်လည်း အခွန်ဆိုင်ရာ လက်စွဲစာအုပ် ထုတ်ဝေ၍ ကျင့်သုံးလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

**ဥပဒေလက်စွဲစာအုပ်များ ပြုစုထုတ်ဝေကျင့်သုံးသင့်ကြောင်း**

မြန်မာနိုင်ငံတွင် အင်္ဂလိပ်ကိုလိုနီလက်ထက်မှစ၍ ပါလီမန်ကာလအထိ ဥပဒေလက်စွဲစာအုပ်များကို Up to date ပြုစုထုတ်ဝေ၍ ကျင့်သုံးခဲ့သည့် အစဉ်အလာကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများက ပြန်လည်ကျင့်သုံးသင့်ပြီး ထိုသို့ကျင့်သုံးပါက သက်ဆိုင်ရာတာဝန်ရှိသူများက ဥပဒေနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်နိုင်မည့်အပြင် လိုက်နာဆောင်ရွက်ရမည့် အများပြည်သူအနေဖြင့်လည်း လွယ်ကူအဆင်ပြေမည်ဖြစ်ပါကြောင်းနှင့် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုနိုင်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

◆ *ကျောဖုံးမှ*

တာဝန်ရှိသူများက စိစစ်မှုများပြုလုပ်လျက်ရှိသည်။

၂၀၁၅ ခုနှစ် မေ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၊ သဘော်ကွေ့ကျေးရွာအနီး ပင်လယ်ပြင်တွင် လှေစီးဒုက္ခသည် ၂၂၈ ဦး တွေ့ရှိ၍ စိစစ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦး ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အလားတူ ၂၀၁၅ ခုနှစ် မေ ၂၉ ရက်ကလည်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အရှေ့တောင်ဘက် ပင်လယ်ပြင်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှေစီးဒုက္ခသည် ၇၃၄ ဦး တွေ့ရှိခဲ့ရသဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**စက်လှေနှင့် ပါလာသူများအား မော်တော်ယာဉ်များဖြင့် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ပို့ဆောင်ရန် ဆောင်ရွက်ပေးစဉ်။**

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇွန် ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအား အလွန်ကောင်းနေမည်။

မိုး/ဇလ




# ၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

**၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့သို့ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ(အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို ဇွန် ၂၅ ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။**

အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၂၀ ရက်အထိ (သတ်မှတ်ရက်အတွင်း) စနေနေ့၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ)အောက်ပါ တက္ကသိုလ်၊ ကောလိပ်များတွင် လျှောက်လွှာတင်နိုင်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးကောလိပ်
(၅) မုံရွာတက္ကသိုလ်
(၆) စစ်ကိုင်းတက္ကသိုလ်
(၇) ထားဝယ်တက္ကသိုလ်
(၈) တောင်ငူတက္ကသိုလ်
(၉) ပြည်တက္ကသိုလ်
(၁၀) ပဲခူးတက္ကသိုလ်
(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) မော်လမြိုင်တက္ကသိုလ်
(၁၆) စစ်တွေတက္ကသိုလ်
(၁၇) တောင်ကုတ်ဒီဂရီကောလိပ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀)လားရှိုးတက္ကသိုလ်
(၂၁)ကျိုင်းတုံတက္ကသိုလ်
(၂၂)ပုသိမ်တက္ကသိုလ်
(၂၃)ဟင်္သာတတက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အောက်ဖော်ပြပါ တက္ကသိုလ် ၁၁ ကျောင်းသို့ တက်ရောက်လိုသူများသည် သက်ဆိုင်ရာတက္ကသိုလ်မှ နိုင်ငံပိုင်သတင်းစာများတွင် သီးခြားကြော်ငြာခေါ်ယူမည်ဖြစ်ပြီး အဆိုပါတက္ကသိုလ်များ၏ သတ်မှတ်လျှောက်လွှာပုံစံများဖြင့် တိုက်ရိုက်လျှောက်ထားရမည် ဖြစ်ပါသည်-

(၁) ရန်ကုန်နည်းပညာတက္ကသိုလ်
(၂) မန္တလေးနည်းပညာတက္ကသိုလ်
(၃) နည်းပညာတက္ကသိုလ်(မန္တလေး)
(၄) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
(၅) မန္တလေးကွန်ပျူတာတက္ကသိုလ်
(၆) ရန်ကုန်တက္ကသိုလ်
(၇) မန္တလေးတက္ကသိုလ်
(၈) ရန်ကုန်စီးပွားရေးတက္ကသိုလ်
(ရွာသာကြီးနယ်မြေ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
(၉) ရန်ကုန်ပညာရေးတက္ကသိုလ်
(၁၀) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(၁၁) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ ဖီဖာဥက္ကဋ္ဌနှင့် တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ကွန်ဂရက်နှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်ရန် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇတို့သည် ယနေ့နံနက်ပိုင်းက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် တွေ့ဆုံခဲ့သည်။ **(ယာပုံ)**



ဇွန် ၁၃ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ကျင်းပမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ကွန်ဂရက်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ကြမည် ဖြစ်သည်။ ယင်းကွန်ဂရက်တွင် ၂၀၂၆ ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံ ရွေးချယ်မည့်အပြင် လူငယ်ကမ္ဘာ့ဖလားပြိုင်ပွဲ အသက်ကန့်သတ်ချက်များကိုလည်း အတည်ပြုမည် ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့သည် မြန်မာ့ဘောလုံးတိုးတက်ရေး အပါအဝင် အာဆီယံနှင့် အာရှဘောလုံးလောကတိုးတက်ရေးအတွက် ကွန်ဂရက်တက်ရောက်လာမည့် ကမ္ဘာ့ဘောလုံးလောကမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်း၊ ဦးပြည့်ဖြိုးတေဇနှင့် တာဝန်ရှိသူများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကိုကိုရှိန်နှင့်အတူ ဇွန် ၁၀ ရက် ညနေပိုင်းက ကမ္ဘာ့ဖလား ၂၀၁၈ ဖွင့်ပွဲအခမ်းအနားနှင့် Football For Friendship လူငယ်ဘောလုံးပွဲတော် တက်ရောက်ရန် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိနေသည့် မင်းခန့်သူနှင့် သန့်တေဇာတို့အား တွေ့ဆုံအားပေးခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဒုတိယဥက္ကဋ္ဌများသည် ဖီဖာကွန်ဂရက် တက်ရောက်ပြီးပါက ဇွန် ၁၄ ရက်တွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အိမ်ရှင်ရုရှားအသင်းနှင့် ဆော်ဒီအသင်းတို့ ယှဉ်ပြိုင်ကစားမည့် အဖွင့်ပွဲအား တက်ရောက်ကြည့်ရှုအားပေးမည် ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အဆိုပါအုပ်စု အမျိုးသားပြိုင်ပွဲတွင် Nine နှင့် Hard၊ Blaze နှင့် YLBA၊ Peacock နှင့် Why not၊ Cyanide နှင့် RIP CITY Forward နှင့် Vikings အသင်းတို့လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် YOLO နှင့် Y-bees ၊ ONE နှင့် KSA အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲကို နေပြည်တော်တွင် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု လူရွေးချယ်ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ဘတ်စကက်ဘောကစားသမား ၁၆၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဘတ်စကက်ဘောဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲကို ဇွန် ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်း ယနေ့ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇွန် ၁၁**

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၁၂ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံသို့ တစ်ပတ်ကြာသွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယနေ့ကစားမည့် ခြေစမ်းပွဲအပါအဝင် စုစုပေါင်းသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် ဇွန် ၁၂ ရက်နှင့် ၁၆ ရက်တွင် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်း၊ ဇွန် ၁၄ ရက်တွင် ထိုင်းအမျိုးသမီးကလပ် ချောင်ဘူရီ အသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် အဓိကနိုင်ငံတကာပြိုင်ပွဲများ မယှဉ်ပြိုင်မီ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားလေ့ရှိပြီး နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲမှာ ၂၀၁၇ ခုနှစ် မတ်လက မန္တလေးမြို့၌ဖြစ်ပြီး ဂိုးမရှိ သရေကျခဲ့သည်။

မြန်မာအသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် မတ် ၅ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲ ၁၂ ပွဲကစားထားသော်လည်း နိုင်ငံတကာခြေစမ်းပွဲကိုမူ ယခုမှစတင်ကစားခြင်းဖြစ်ပြီး နည်းပြသစ် ဦးဝင်းသူမိုးအတွက် ပထမဆုံးနိုင်ငံတကာပွဲဖြစ်လာမည်ဖြစ်သည်။

ထိုင်းအမျိုးသမီးအသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် အင်ဒိုနီးရှား၊ မလေးရှားအသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲစီ ကစားထားပြီး မြန်မာအသင်းနှင့် နှစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ဇွန် ၁၁ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။ မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်**အဖြစ် ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**အဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**အဖြစ် ဦးမြတ်ကိုမင်း၊ **ကစားသမားများ**အဖြစ် **ဂိုး**-မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ **နောက်တန်း**- ခင်သန်းဝေ၊အေးအေးမိုး (မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင် (သစ္စာအားမာန်)၊ **အလယ်တန်း**-ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊ သန္တာမိုး(သစ္စာအားမာန်)၊ နုနု၊ ခင်မာလာထွန်း၊ သင်းသင်းယု(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး (ဇွဲကပင်)၊ **ရှေ့တန်း**-နီလာဝင်း၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ ရီရီဦး (အားကစားနှင့် ကာယပညာ ဦးစီးဌာန)နှင့် ဝင်းသိင်္ဂီထွန်း(မြဝတီ)တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်များအမှုနှင့် ပတ်သက်ပြီး တရားလိုပြသက်သေ ရဲအရာရှိအားစစ်ဆေး

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့အမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က ယနေ့နံနက် ၁၀ နာရီ ရုံးချိန်အတွင်း ရုံးထုတ်စစ်ဆေးမှုပြုလုပ်ရာ၌ တရားလိုပြသက်သေအဖြစ် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့မရဲတပ်ဖွဲ့စခန်းက ရဲအရာရှိတစ်ဦးအား စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေး အရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ရဲမှူးကြီး ယုနိုင် ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံးပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) အရ စွဲဆိုမှုကနေ ထောက်ကြန့်နယ်မြေရဲစခန်း စခန်းမှူး ဒုတိယရဲမှူး မြင့်လွင်ကို စစ်ဆေးပါတယ်၊ မနက်ဖြန်မှာ ကျန်တဲ့ ရဲအရာရှိ အမှတ် ၆ မှုခင်းရဲတပ်ဖွဲ့စု(ရန်ကုန်)က ဒုတိယရဲမှူး တင်ဝင်းမောင်ကို စစ်ဆေးမယ်လို့ ဇွန် ၁၂ ရက် အင်္ဂါနေ့ကို ချိန်းဆို မှာကြားထားပါတယ်" ဟု ပြောသည်။

မီဒီယာများ မေးမြန်းသည့်အပေါ် ဆက်လက်ပြောကြားရာ "ဒီအမှုမှာ တရားလိုပြသက်သေပါရှိတဲ့ ရဲတပ်ကြပ်ကြီး ခင်မောင်လင်းကို ရဲအက်အရ တပ်ဖွဲ့ဝင်အဖြစ်က ထုတ်ပယ်ထားတယ်၊ ဘယ်အရပ်ဘယ်ဒေသကို ရောက်မှန်းမသိဆိုပြီး ယခင်က ရုံးချိန်းမှာ တင်ပြထားတာရှိတယ်၊ အခု မြိတ်မှာရှိတယ်လို့ တင်ပြတယ်၊ တရားရုံးက ဆင့်ခေါ်စာထုတ်ပေးဖို့လည်း တရားခွင်မှာ နှုတ်နဲ့ တင်ပြတယ်၊ ဒါကိုတရားရုံးက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၇၀(၂)အရ တရားလိုပြသက်သေကို ရုံးရှေ့တင်ပို့ပေးဖို့အတွက် ခံဝန်ချုပ် ချုပ်ဆိုရန် တာဝန်ဟာ အမှုစစ်ရဲအရာရှိမှာ ရှိပါတယ်၊ တရားလိုပြသက်သေ အရေအတွက် စာရင်းလည်း တင်ပြထားပြီးဖြစ်တဲ့အတွက် တရားလိုပြသက်သေကို ရုံးရှေ့တင်ပို့ပေးနိုင်ရင် တရားရုံးကစစ်ဆေးမှာပါ၊ သမ္မန်စာထုတ်ဆင့်ရမယ့် တာဝန်မရှိပါဘူး၊ ဒါကြောင့် သက်ဆိုင်ရာ အမှုလိုက်ဥပဒေအရာရှိနဲ့ အမှုစစ်ဥပဒေအရာရှိကို တရားသူကြီးက ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့ တရားခွင်မှာ ဒီနေ့ မှာကြားလိုက်တာရှိပါတယ်" ဟု ထပ်မံရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မူးယစ်ဆေးရောင်းချ ဝယ်ယူသူများထံမှ ထိုင်းဘတ်ငွေ၊ ရွှေထည်မျိုးစုံနှင့် မူးယစ်ဆေးဝါးများကို ကွင်းဆက်ဖြင့်ဖမ်းဆီးရမိ



**တာချီလိတ် ဇွန် ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးရောင်းချသူနှင့် ဝယ်ယူသူများထံမှ ထိုင်းဘတ်ငွေ၊ ရွှေထည်မျိုးစုံ ၆၉ ဂရမ်ခန့်နှင့် ငွေကျပ် ၄၃ သိန်း ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူ၊ ဘိန်းစိမ်း၊ အိုက်စ်များကို ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ကွင်းဆက်ဖြင့် ဖမ်းဆီးရမိသည်။

ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ဂေါက်ကွင်းအနီး ဝမ်မိုင်လမ်းတွင် ဝမ်မိုင်ဘက်မှ ဆန်ဆိုင်း(ခ)ရပ်ကွက်ဘက်သို့ အားဆော်(အမျိုးသား) မောင်းနှင်ပြီး အားနောင် (အမျိုးသား)လိုက်ပါလာသည့် ဟွန်ဒါဝေ့-၁၁၀ အမျိုးအစားဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ပလတ်စတစ်ကပ်ခွာအိတ်ငယ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ (ဒေသတန်ဖိုး ငွေကျပ်လေးသိန်းခန့်)ကို တွေ့ရှိသိမ်းဆည်းရမိသည်။

၎င်းတို့ နှစ်ဦးအား ဆက်လက်စစ်ဆေးရာ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ဖတ်ဟိ(အောက်)ရွာနေ အားကာနှင့် အားလောင် အမျိုးသားနှစ်ဦးထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ညနေ ၄ နာရီခွဲ၌ ပူးပေါင်းအဖွဲ့ဖြင့် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေရာ အားလောင်တစ်ဦးတည်း နေအိမ်တွင် တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဖြူ ၁၅ ဂရမ်ခန့်(ဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၄၀ သိန်းခန့်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၊ (ဒေသတန်ဖိုးငွေကျပ် ၁၆ သိန်းခန့်)၊ အိုက်စ် ၂၈ ဂရမ်ခန့် (ဒေသတန်ဖိုး ငွေကျပ် ၅ ဒသမ ၆ သိန်းခန့်)၊ ဘိန်းစိမ်း ၁ ဒသမ ၀၁၆၃၃ ကီလိုခန့် (ဒေသတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၂၄ သိန်းခန့်)၊ ထိုင်းဘတ်ငွေ ၁ ဒသမ ၆၉ သိန်းနှင့် ရွှေထည်မျိုးစုံ ၆၉ ဂရမ်ခန့်တို့ကို သိမ်းဆည်းရမိသည်။ **(ဓါတ်ပုံ)**

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့်အတူ ဖမ်းဆီးရမိသူ အားဆော်(၁၅ နှစ်)၊ အားနောင် (၁၃ နှစ်) ပန်စလိကျေးရွာ မိုင်းဟဲအုပ်စု တာချီလိတ်မြို့နယ်နေသူနှစ်ဦးနှင့် မူးယစ်ဆေးဝါးရောင်းချပေးသူ အားလောင် (၂၈ နှစ်)နှင့် အားကာ(၄၀ နှစ်)တို့ လေးဦးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ထားရှိပြီး လွတ်မြောက်နေသည့် အားကာအား ဖမ်းဆီး ရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၂ - ၆ - ၂၀၁၈ (အင်္ဂါနေ့)**

| | | |
|---|---|---|
| | | **နံနက်ပိုင်း** |
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၅၈) |
| ၈း၄၅ | - | ဥပဒေရေးရာအဖြာဖြာ **ခုခံပိုင်ခွင့်** |
| ၉း၂၀ | - | ဘဒ္ဒန္တဂုဏိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကံသုံးဆင့် ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူ ဆောက်တည်ခြင်း |
| ၉း၃၀ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၃၀ | - | ဓမ္မဒူတသိမ်ဇရပ် ဆရာတော်(ဦးပညာဝရ) ဟောကြားတော်မူသော **ကံနှင့်တူသော အကျိုး** တရားတော် |
| ၁၄း၂၀ | - | Yes or No Talk Show |
| | | **ညပိုင်း** |
| ၁၆း၂၅ | - | YTN(Science) **ကင်ဆာ ဆန့်ကျင်လက်နက်** |
| ၁၈း၃၅ | - | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီခန့်စည်သူ) |
| ၁၈း၅၀ | - | "CHOICE" (အပိုင်း- ၆၉) |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း -၁၆) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း |
| ၂၀း၃၅ | - | **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၅၉) |
| | - | **မူပိုင်ခွင့်အကြောင်း သိကောင်းစရာ** (စက်မှုဒီဇိုင်း မူပိုင်ခွင့်ကို အကာအကွယ်ပေးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ |
| | - | အနုပညာခန်းရိပ်သာ **သတင်းစာဆရာ၊စာရေးဆရာမောင်ဝံသအကြောင်း တွေ့ဆုံမေးမြန်းခြင်း** (အပိုင်း -၂) |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၂၂) |

# မြင်းခြံပြည်သူ့ဆေးရုံမှ ပျောက်ဆုံးသွားသော သုံးရက်သားကလေးငယ် ခိုးယူသူကို ဖမ်းဆီးရမိ

မြင်းခြံ ဇွန် ၁၁

**မြင်းခြံပြည်သူ့ဆေးရုံမှ ပျောက်ဆုံးသွားသော သုံးရက်သားကလေးငယ်ခိုးယူသူကို ဖမ်းဆီးရမိပြီဖြစ်ကြောင်း သိရသည်။**

ဇွန် ၁၀ ရက် ညနေ ၃ နာရီတွင် မြင်းခြံမြို့နယ် သိမ်ရွာကျေးရွာ ဦးခင်မောင်ဆင့်နှင့် မဝင်းစန္ဒာတို့၏ သားဖြစ်သူ အသက်သုံးရက်ရှိ မွေးကင်းစကလေးငယ်အား အသည်းရောင်အသားဝါကာကွယ်ရန် ဓာတ်ကင်၍ မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသနေရာ အမျိုးသမီးတစ်ဦးက ခိုးယူသွားကြောင်း၊ ခိုးယူသူအားလိုက်လံစုံစမ်းနေစဉ် ဇွန် ၁၁ ရက် ည ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မသင်္ကာဖွယ် အမျိုးသမီးတစ်ဦးအား ကလေးငယ်တစ်ဦးနှင့်အတူ မြင်းခြံကားကြီးကွင်းအတွင်း တွေ့ရှိကြောင်း သတင်းအရ မြင်းခြံမြို့မရဲစခန်းမှ ဒုတိယရဲအုပ် နိုင်ဝင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စုံစမ်းရာ ရွှေမန်းသူကားဂိတ်တွင် မြင်းခြံမှ ရန်ကုန်သို့ မမြင့်မြင့်မော်မှာ ကလေးငယ်တစ်ဦးနှင့် ယာဉ်အမှတ် 6H/----- နံပါတ်ပါ Express ကား ခုံအမှတ် ၄၅ တွင် လိုက်ပါသွားကြောင်း စုံစမ်းသိရှိရသဖြင့် ဆက်သွယ်စုံစမ်းရာ ကားမှာ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၅ တွင် ရောက်ရှိနေကြောင်း သိရှိရသဖြင့် အမှတ်(၃) အမြန်လမ်းမကြီးရဲစခန်းသို့ ဆက်သွယ်ခဲ့ရာ အဆိုပါကားကို တားဆီး၍ စစ်ဆေးရာ ခုံအမှတ် ၄၅ တွင် လိုက်ပါလာသူ မမြင့်မြင့်မော်မှာ ကလေးငယ်တစ်ဦးအား ခိုးယူလာကြောင်း သိရှိရပြီး ၎င်းကို ထိန်းသိမ်းထားကြောင်း၊ ဇွန် ၁၁ ရက် နံနက် ၈ နာရီတွင် အမြန်လမ်း အမှတ်(၃)ရဲစခန်း၌ ကလေးငယ်ကို ဦးခင်မောင်ဆင့်အား ပြသ၍ စိစစ်ခဲ့ရာ ပျောက်ဆုံးသွားသော မွေးကင်းစကလေးငယ်ဖြစ်ကြောင်း၊ ကလေးငယ်ခိုးယူသူမှာ မမြင့်မြင့်မော်(၄၂ နှစ်) မြင်းခြံမြို့ မီးရထားဝင်း အမှတ် ၁၇ နေသူဖြစ်ကြောင်း သိရပြီး မြင်းခြံမြို့မရဲစခန်းက ၎င်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ကျွဲနှင့် နွား တင်ဆောင်လာသည့်ယာဉ် သေနတ်ဖြင့် ပစ်ခတ်ခံရ

**ကျောက်မဲ ဇွန် ၁၁**

ကျောက်မဲမြို့နယ် ပင်တိန်ကျေးရွာအုပ်စု မန်ထန်ကျေးရွာ ပြည်ထောင်စုလမ်းမကြီးမိုင်တိုင်အမှတ် ၉၆/၂-၃ ကြားတွင် နောင်ချိုမှ ကျောက်မဲဘက်သို့ မြန်မာ့ရတနာ ကုမ္ပဏီ(မူဆယ်)မှ တရားဝင်စာရွက်စာတမ်းများဖြင့် သယ်ဆောင်လာသည့် ကျွဲ၊ နွားယာဉ် ငါးစီးအနက်မှ ပထမဆုံးယာဉ် (.......) ၁၂ ဘီး ယာဉ်မောင်း ဦးမျိုးမြင့်ဦး မောင်းနှင်လာသည့်ယာဉ်သည် အခင်းဖြစ်ရာနေရာအရောက် ညအိပ်ရပ်နားရန်အတွက် လမ်း၏ ညာဘက်၌ ရပ်တန့်စဉ် လမ်း၏ဝဲဘက်ခြမ်း ကုန်းပေါ်မှ လက်နက်ကိုင်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာနေ ယာဉ်မောင်း ဦးမျိုးမြင့်ဦး(၃၄ နှစ်)နှင့် နွားထိန်း ဦးမြင့်မောင် (၅၃ နှစ်)သည် ဒဏ်ရာရရှိခဲ့ပြီး ကျောက်မဲမြို့နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကာ ဒဏ်ရာရရှိသူနှစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စွန့်ပစ်မြေစာပုံပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ဖားကန့် ဇွန် ၁၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်လကင်ကျေးရွာရှိ ယွန်းရွှေရည်ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်ဟောင်း၌ ဇွန် ၁၁ ရက် ည ၁၂ နာရီခွဲက စွန့်ပစ်မြေစာပုံ ပြိုကျခဲ့သဖြင့် ရေမဆေးကျောက်ရှာဖွေသူတစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်လကင်ကျေးရွာရှိ ယွန်းရွှေရည် ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်ဟောင်း၌ ရေမဆေးကျောက်ရှာဖွေနေစဉ် အမြင့်ပေ ၃၀၀ ခန့်မှ အကျယ် ၅ ပေခန့်ရှိ စွန့်ပစ်မြေစာများ ပြိုကျခဲ့ရာ မော်လကင်ကျေးရွာနေ ဦးစိုးလှိုင်(၃၈ နှစ်)မှာ မြေစာများပိ၍ သေဆုံးခဲ့ပြီး မောင်ကျော်ထွေး(၂၇ နှစ်)၏ ယာ၊ ဘယ်လက်ဖူးရောင်၊ ခြေသလုံး ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သည်။


မြေစာပုံပြိုကျရာနေရာသို့ ဖားကန့်မြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးပြေငြိမ်း ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင် သန္ဓေလေးဦး၊ အရန်တပ်ဖွဲ့ဝင် ၁၁ ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့ကာ သေဆုံးသူနှင့် ဒဏ်ရာရရှိသူတို့ကို ဆိပ်မူကျေးရွာ လူမှုကူညီရေးယာဉ်ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဝိုင်းမော်မြို့နယ်တွင် ငွေကျပ် ၉၆၈ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၁**

မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲက ဝိုင်းမော်မြို့နယ် ဗလမင်းထင်တံတား၌ ယော်ထုန် မောင်းနှင်လာသည့် Prado မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ တန်ဖိုးငွေကျပ် ၉၆၈ သိန်းရှိ ဘိန်းဖြူဆပ်ပြာခွက် ၁၁၀ (ဘိန်းဖြူအလေးချိန် ၁ ဒသမ ၂၁ ကီလို)၊ ငွေကျပ် ၅၅၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း**(အောက်ပုံ)**။



အလားတူ ဇွန် ၁၀ ရက် နံနက် ၇ နာရီက မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့နယ် ချွန်းတောင်ကျေးရွာအုပ်စု ဝဲကြီးကျေးရွာနေ မန္တဲ့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၆ ပြားကို လည်းကောင်း၊ အလားတူ အောင်ဝင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁ ပြားကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု ၁၈ မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၈ လမ်း ၃၇ လမ်းနှင့် ၃၈ လမ်းကြားတွင် ပန်းအောင်(ခ) ကိုစိုင်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၂၇ လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လုံမြို့ အမှတ် ၃ ရပ်ကွက် ရွှေဖြူလမ်းနေ ရန်ဟုန်ချမ်း(ခ)အားဟောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၊ ဘိန်းဖြူ ၉ ဒသမ ၅ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ အမှတ် ၃ ရပ်ကွက် ရွှေဖြူလမ်းနေ စိုင်းထွန်းညွန့်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဖခင်က မိခင်အား ရန်ပြု၍ သားက ဓားဖြင့်ထိုး

**မိတ္ထီလာ ဇွန် ၁၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းတွင် ဇွန် ၁၀ ရက် ညက ပြည်ညောင်အမှတ် ၅ ရပ်ကွက်နေ ဒေါ်ညိုညိုချော (၄၄ နှစ်)သည် နေအိမ်တွင်ရှိနေစဉ် ခင်ပွန်းဖြစ်သူ ဦးသိန်း(၄၅ နှစ်)သည် အရက်သောက်စားပြီး လင်မယားချင်းစကားများရာမှ ခင်ပွန်းဖြစ်သူ ဦးသိန်းက ဇနီးဖြစ်သူဒေါ်ညိုညိုချော၏ မျက်နှာအား ခြေထောက်ဖြင့် ကန်လိုက်ရာ အပေါ်နှုတ်ခမ်းဖူးရောင်ဒဏ်ရာရသဖြင့် ဒေါ်ညိုညိုချောက သားငယ်ဖြစ်သူ မင်းထက်သူအားခေါ်၍ အမှတ်(၄)ရပ်ကွက်ရှိ သားအကြီးဖြစ်သူ ရဲဝင်းထက်၏ သူငယ်ချင်း ဇော်မင်းထွေးနေအိမ်၌ ပုန်းရှောင်ခဲ့ကြောင်း။

နောက်တစ်နေ့နံနက် သားကြီးဖြစ်သူ ရဲဝင်းထက်က မိခင်အားမေးရာ မိခင်က အဖြစ်အပျက်ပြောသဖြင့် ရဲဝင်းထက်သည် ညီဖြစ်သူ မင်းထက်သူအားခေါ်၍ ဖခင်ဦးသိန်းဆီသွားပြီး အရိုးအသွား ၁၃ လက်မခန့် ဓားဖြင့်ထိုးရာ ဦးသိန်းမှာ နေရာတွင်ပင်သေဆုံးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ယင်းမာပင်ရဲစခန်းက ရဲဝင်းထက်(၁၅ နှစ်)အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# အမေရိကန်သမ္မတထရန့်က စင်ကာပူဝန်ကြီးချုပ်အား ကျေးဇူးတင်စကားဆို

**စင်ကာပူ ဇွန် ၁၁**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် စင်ကာပူဝန်ကြီးချုပ်အား အမေရိကန်-မြောက်ကိုရီးယား သမိုင်းဝင်ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေး ကူညီပေးခဲ့သည့်အတွက်ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်သမ္မတထရန့်သည် တနင်္လာနေ့တွင် စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့် တွေ့ဆုံခဲ့သည်။

စင်ကာပူနိုင်ငံသည် ယင်းသမိုင်းဝင်အစည်းအဝေးကျင်းပနိုင်ရေးအတွက် လုံခြုံရေးတင်းကျပ်စွာ ချထားနိုင်ရေး ဒေါ်လာ ၁၅ သန်း အကုန်ကျခံထားသည်။ ယင်းကုန်ကျစရိတ်ထဲတွင် တစ်ကမ္ဘာလုံးမှ ဂျာနယ်လစ်များအတွက် မီဒီယာစင်တာထားရှိမှုအတွက်လည်းပါဝင်သည်။ ထို့ကြောင့်သမ္မတထရန့်က စင်ကာပူနိုင်ငံ၏မိတ်ဆွေကောင်းပီသမှုအတွက်ကျေးဇူးတင်ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။


စင်ကာပူဝန်ကြီးချုပ်ကလည်း ၎င်းအနေဖြင့်လည်း အမေရိကန်သမ္မတနှင့်ကောင်းမွန်စွာတွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်းပြောသည်။

အမေရိကန်နှင့်မြောက်ကိုရီးယားမှအရာရှိများသည် အင်္ဂါနေ့အစည်းအဝေးအတွက် အပြီးသတ်ပြင်ဆင်စရာရှိသည်များပြင်ဆင်နိုင်ရေးအတွက် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံဆွေးနွေးမှုမှာ နှစ်နာရီခန့်ကြာမြင့်ခဲ့ကြောင်း အမေရိကန်အဖွဲ့မှ မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး Choe Son Hui နှင့် အခြားသော အရာရှိများဖြင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

စင်ကာပူသို့ရောက်ရှိနေသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ယခုအစည်းအဝေးမှာ အသေးစိတ်ကျပြီး ထဲထဲဝင်ဝင်ရှိကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ဘဂ္ဂဒက်မြို့၌ မဲပုံးများထားရှိရာ ဂိုဒေါင်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

**ဘဂ္ဂဒက် ဇွန် ၁၁**

အီရတ်ပါလီမန် ရွေးကောက်ပွဲအတွက် သိမ်းဆည်းထားသော မဲပုံးများသိုလှောင်ထားရှိရာ ဂိုဒေါင် မီးလောင်ကျွမ်းမှု တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ကြောင်းသိရသည်။ ရွေးကောက်ပွဲကော်မရှင် ၏ မဲပုံးများ သိုလှောင်ထားရှိရာဂိုဒေါင်တွင် မွန်းလွဲပိုင်းက မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘဂ္ဂဒက်မြို့အရှေ့ပိုင်းမှ မဲပုံးများနှင့် အီလက်ထရွန်နစ်ရေတွက်သည့်စက်ပစ္စည်းများလည်း ပါသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသို့ ပြောသည်။

သိုလှောင်ရုံခြောက်ရုံတွင် သုံးရုံပါသွားခဲ့ကြောင်း၊ မီးသတ်သမားများက မဲပုံးများကို ဆွဲထုတ်ရန် ကြိုးပမ်းသော်လည်း ရီဆာဖာဒေသမှ မဲပုံးများအားလုံး မီးထဲပါသွားခဲ့ကြောင်း ဘဂ္ဂဒက်ပြည်သူ့ကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်သူ မိုဟာမက် အယ်ရူဘိုင်းက ဆင်ဟွာသို့ပြောသည်။

မီးလောင်ပြီး နာရီအနည်းငယ်အကြာတွင်မီးကို ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း၊ မီဒီယာများ အခင်းဖြစ်ပွားရာနေရာသို့ဝင်ရောက်ခြင်းကို ခွင့်မပြုထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသို့ ပြောသည်။ လုံခြုံရေးတပ်ဖွဲ့သည်မီးမလောင်ဘဲကျန်ရှိနေသောမဲပုံးများကို လုံခြုံရေးတင်းကျပ်စွာဖြင့် စိတ်ချရသည့် နေရာသို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။

**ဆင်ဟွာ**




# ပထမဆုံးသမိုင်းဝင်ထိပ်သီးအစည်းအဝေးမှ အပြုသဘောဆောင်ရလဒ်များ ထွက်ပေါ်ရန် အိမ်ပြာတော် မျှော်မှန်း

**ဆိုးလ် ဇွန် ၁၁**

အမေရိကန် သမ္မတဒေါ်နယ်ထရန့်သည် စင်ကာပူနိုင်ငံသို့ ဇွန်လ ၁၀ ရက်က ရောက်ရှိလာခဲ့ပြီး ဝန်ကြီးချုပ်လီရှန်လွန်းနှင့် ဇွန် ၁၁ ရက်တွင် တွေ့ဆုံခဲ့သည်။


မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ယမန်နေ့အစောပိုင်းကတည်းက စင်ကာပူသို့ရောက်ရှိခဲ့ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် မတွေ့ဆုံမီ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လွန်းနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

သမိုင်းတွင်မည့် အမေရိကန် သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့၏ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ကက်ပီလာဟိုတယ်၌ ပြုလုပ်မည်ဖြစ်ပြီး နှစ်နိုင်ငံထိပ်တန်းခေါင်းဆောင်များတွေ့ဆုံရန် လိုအပ်သော လုံခြုံရေးများလည်းဆောင်ရွက်ထားကြောင်း သိရသည်။

ယခုကျင်းပမည့်အစည်းအဝေးသည် အမေရိကန် သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့အကြား ပထမဆုံးအကြိမ်ပြုလုပ်မည့်အစည်းအဝေးဖြစ်သည်။ အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား မကြာမီပြုလုပ်မည့် ထိပ်သီးအစည်းအဝေးပွဲမှ အပြုသဘောဆောင်သည့် ရလဒ်များထွက်ပေါ်လာရန် မျှော်လင့်ထားကြောင်း အမည်မဖော်လိုသူ တောင်ကိုရီးယား သမ္မတအိမ်ပြာတော်မှ အရာရှိတစ်ဦးက ပြောခဲ့သည်။

ထိပ်သီးဆွေးနွေးပွဲအောင်မြင်ရန် မြောက်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံ ခေါင်းဆောင်တို့တွင် ခိုင်မာသော စိတ်ဆန္ဒတစ်ခုရှိကြောင်းနှင့် အပြုသဘောဆောင်သည့် ရလဒ်များထွက်ပေါ်လာရန် တောင်ကိုရီးယားနိုင်ငံက မျှော်လင့်ထားကြောင်းလည်း အမည်မဖော်လိုသူ တောင်ကိုရီးယား သမ္မတအိမ်ပြာတော်မှ အရာရှိတစ်ဦးက သတင်းသမားများကို ပြောခဲ့သည်။

**ဆင်ဟွာ**



# ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (တီပီပီ)ကို ပြန်လည်ညှိနှိုင်းရန်လိုကြောင်း မလေးရှားဝန်ကြီးချုပ်သစ်ပြောကြား

**ကွာလာလမ်ပူ ဇွန် ၁၁**

အသစ်တင်မြှောက်ခဲ့သော မလေးရှားဝန်ကြီးချုပ်က ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု (တီပီပီ)ကို ပြန်လည်ညှိနှိုင်းရန်လိုကြောင်း ဇွန် ၁၁ ရက်က တိုက်တွန်းပြောကြားခဲ့ပြီး နိုင်ငံတကာ ကုန်သွယ်မှုတွင် နိုင်ငံငယ်လေးများကို ကာကွယ်သွားရန်လိုကြောင်းလည်း ပြောကြားခဲ့သည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်သည် ဘက်ပေါင်းစုံကုန်သွယ်မှုသဘောတူညီချက်မှ လက်ပြနုတ်ထွက်သွားသော်လည်း မလေးရှားနိုင်ငံနှင့်အတူ အခြား ၁၀ နိုင်ငံသည် မတ်လက တီပီပီရှေ့ဆက်ဖို့ အရေးကြိုးစားခဲ့သည်။




မဟာသီယာမိုဟာမက်က ၎င်းအနေဖြင့် အဆိုပါ သဘောတူညီချက်ကို စိတ်အားမထက်သန်ကြောင်း တိုကျိုတွင် ပြောခဲ့သည်။

သို့သော်လည်း တီပီပီကို ပြန်လည်ညှိနှိုင်းမှုများလုပ်ဆောင်ရန် လိုအပ်ကြောင်း အာရှ၏အနာဂတ်ဖိုရမ်တွင် ပြောခဲ့သည်။

အခုမှဖွံ့ဖြိုးသည့် စက်မှုနိုင်ငံလေးများ၊ အခုမှဖွံ့ဖြိုးသည့် နိုင်ငံငယ်လေးများ၊ အခုမှစတင်ကြီးထွားသည့် နိုင်ငံငယ်လေးများအနေနှင့် ရပိုင်ခွင့်များ၊ အထူးအခွင့်အရေးများ လိုနေသေးသည်ကို မိမိတို့ အသိအမှတ်ပြုရမည်ဖြစ်ကြောင်း မဟာသီယာ မိုဟာမက် က ပြောသည်။ ယင်းနိုင်ငံလေးများသည် သူတို့ကိုယ်သူတို့ ကာကွယ်ရမည် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အခြားနိုင်ငံကြီးများနှင့် ယှဉ်ပြိုင်နိုင်သည့်စွမ်းအား မရှိသေး၍ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အာဖဂန်နိုင်ငံ ကဘူးလ်မြို့၌ အသေခံပုံးခွဲမှုဖြစ်ပွား

**ကဘူးလ် ဇွန် ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်မြို့အနောက်ပိုင်း အစိုးရဝန်ကြီးဌာနရုံး၌ အသေခံပုံးပေါက်ကွဲမှု တနင်္လာနေ့က ဖြစ်ပွားခဲ့ရာ လူ ၁၂ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယင်းပုံးဖောက်ခွဲမှုကြောင့် ၃၁ ဦးဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံတွင် ကုသပေးလျက်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ယင်းပေါက်ကွဲမှုမှာ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကိုမူ အတိအကျ မသိရသေးပေ။

**ဆင်ဟွာ**

# အမေရိကန်စစ်လေယာဉ်တစ်စင်း ပျက်ကျခဲ့သော်လည်း လေယာဉ်မှူးမသေ

**အိုကီနာဝါ ဇွန် ၁၁**

အမေရိကန်စစ်ဘက်ဆိုင်ရာ ဂျက်လေယာဉ်တစ်စင်း ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါ စီရင်စု ကမ်းလွန်ပင်လယ်ပြင်ထဲသို့ ဇွန် ၁၁ ရက်က ပျက်ကျခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အိုကီနာဝါ ဗျူရိုအကြီးအကဲက လေယာဉ်မှူးမှာ လေယာဉ်မှ ခုန်ထွက်ခဲ့ပြီးနောက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်၏ ရဟတ်ယာဉ်တစ်စင်းက ကယ်တင်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။ လေယာဉ်မှူးမှာ ခြေထောက်အရိုးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်မှာ နာဟာမြို့တောင်ပိုင်း ၈၀ ကီလိုမီတာဝေးသည့် ပင်လယ်ထဲသို့ ဇွန် ၁၁ ရက်အစောပိုင်းက ပျက်ကျသွားခဲ့ကြောင်း သိရသည်။

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို သိရှိရရေး စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### နိုင်းမြစ် ရေခွဲယူသုံးစွဲရာတွင် အီဂျစ်ကို ထိခိုက်စေမည်မဟုတ်ဟု အီသီယိုးပီးယားဆို

**ကိုင်ရို ဇွန် ၁၁**
အီသီယိုးပီးယားဝန်ကြီးချုပ် Abiy Ahmed Ali သည် အီသီယိုပီးယား၏ ဆည်တည်ဆောက်မှုကြောင့် အီဂျစ်၏ နိုင်းမြစ်ရေသုံးစွဲမှုတွင် ထိခိုက်မှုမရှိစေရဟု တနင်္ဂနွေနေ့က ကတိပြုပြောကြားလိုက်သည်။

ကိုင်ရိုမြို့၌ အီဂျစ်သမ္မတအယ်စီစီနှင့်အတူ ပြုလုပ်သော ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ နိုင်းမြစ်ပေါ်၌ လတ်တလောဆောက်လုပ်နေသော ဆည်နှင့်ပတ်သက်၍ နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးမှုပြုလုပ်ခဲ့ကြခြင်းလည်း ဖြစ်သည်။

အီသီယိုးပီးယားကြောင့် အီဂျစ်၏ ရေရရှိမှုပမာဏ ထိခိုက်မှုမရှိစေရပါဟု အီသီယိုးပီးယား ဝန်ကြီးချုပ်က ၎င်း၏ ပထမဦးဆုံးကိုင်ရိုခရီးစဉ်တွင် ယင်းကဲ့သို့ ကတိပေးပြောဆိုခဲ့ခြင်း ဖြစ်သည်။

အီဂျစ်သမ္မတ စီစီကမူ နှစ်နိုင်ငံလုံး၏ အကျိုးအမြတ်ကိုမထိခိုက်စေဘဲ ဆက်ဆံရေးကို ထိန်းသိမ်းရန်လိုလားကြောင်း ပြောခဲ့သည်။ အီဂျစ်ဘက်မှလည်း ယင်းဆည်တည်ဆောက်မှုကြောင့် ရေခွဲဝေရရှိမှုတွင် ထိခိုက်မည်ကို စိုးရိမ်ကြလျက်ရှိသည်။ အီဂျစ်သမ္မတစီစီ အာဏာရလာပြီးနောက်ပိုင်း ၎င်းသည် အီသီယိုးပီးယား၏ ဆည်သစ်တည်ဆောက်လိုမှုအပေါ် စိတ်အားထက်သန်မှုကို နားလည်ကြောင်းပြသခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လတွင် အီဂျစ်၊ အီသီယိုးပီးယား၊ ဆူဒန်နိုင်ငံတို့သည် နိုင်းမြစ်ရေခွဲယူသုံးစွဲမှုနှင့် ပတ်သက်၍ ကနဦးသဘောတူညီမှုတွင် လက်မှတ် ရေးထိုးခဲ့ကြသည်။ **ဆင်ဟွာ**

### ဆီးရီးယားစစ်ပွဲအတွင်း အီရန်ပါဝင်မှုကို ဥရောပခေါင်းဆောင်များဆန့်ကျင်ဟု အစ္စရေးဝန်ကြီးချုပ်ပြော

**ဂျေရုဆလင် ဇွန် ၁၁**
အီရန်အနေဖြင့် အစ္စရေးစစ်ပွဲအတွင်း ပါဝင်နေမှုကို ရပ်တန့်ရန်၊ ဆီးရီးယားစစ်ပွဲမှ ထွက်ခွာရန်နှင့် ဆီးရီးယားစစ်ပွဲတွင် ဆက်လက်ပါဝင်နေပါက အစ္စရေး၏ တိုက်ခိုက်မှုများကို အီရန်အနေဖြင့် ရှောင်လွှဲ၍ မရကြောင်း ယင်းကိစ္စကို ဥရောပခေါင်းဆောင်များက သဘောတူထားကြောင်း တနင်္ဂနွေနေ့က အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ပြောသည်။

ယင်းသဘာတူညီချက်မှာ အစ္စရေးဝန်ကြီးချုပ်၏သုံးရက်တာ ဥရောပခရီးစဉ်အတွင်းရရှိခဲ့သော သဘောတူညီမှုတစ်ရပ်ဖြစ်ကြောင်း ဥရောပခရီးစဉ်အတွင်း အစ္စရေးဝန်ကြီးချုပ်သည် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၊ ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတို့နှင့်တွေ့ဆုံခဲ့ကြောင်းသိရသည်။ အကယ်၍ အီရန်အနေဖြင့် ဆီးရီးယားစစ်ပွဲမှ နုတ်ထွက်မသွားပါက အစ္စရေး၏ ပြင်းထန်သောတိုက်ခိုက်မှုများကို ခံစားသွားရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောသည်။ **ဆင်ဟွာ**

# ငြိမ်းချမ်းရေးအတွက် ကမ်းမမြင် လမ်းမမြင်ဖြစ်နေတဲ့ ဂါဇာ-အစ္စရေးနယ်စပ်အရေး

**တင်လင်းအောင်**



ဂါဇာ-အစ္စရေးနယ်စပ်မှာဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုတွေဟာ ဘယ်တော့မှာ ပြီးဆုံးမယ်လို့ မထင်ရတဲ့ တစ်ထောင့်တစ်ညပုံပြင်တွေလိုပါပဲ။ ဂါဇာ - အစ္စရေးနယ်စပ်မှာ သေစေနိုင်လောက်တဲ့ အကြမ်းဖက်မှုတွေနဲ့ ဆန္ဒပြမှုတွေ ရက်သတ္တပတ်ပေါင်းများစွာ ဖြစ်ပွားမှုဟာ ပါလက်စတိုင်းကို ကမ္ဘာ့အရေးမှာ သက်ဝင်လှုပ်ရှားစေလာပါတယ်။

**ဂါဇာ- အစ္စရေးနယ်စပ်အရေးမှာ ပါလက်စတိုင်း အတော်များများသေဆုံး**

အဲဒီလိုအကြမ်းဖက်ဆန္ဒပြမှုကို ဂါဇာ - အစ္စရေးနယ်စပ်မှာ သတင်းဓာတ်ပုံရယူနေတဲ့ အေအက်ဖ်ပီသတင်းထောက်တစ်ဦးမှာလည်း ခြေထောက်ကို သေနတ်ထိမှန်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း အသက်အန္တရာယ်မစိုးရိမ်ရကြောင်း ဆေးဘက်ဆိုင်ရာအဖွဲ့က ပြောပါတယ်။ မကြာသေးမီကမှ ဖြစ်ပွားခဲ့တဲ့ ဂါဇာ- အစ္စရေးနယ်စပ်အရေးမှာ ပါလက်စတိုင်း အတော်များများလည်း သေဆုံးခဲ့ပါတယ်။

ရက်သတ္တပတ်ခုနစ်ပတ်ကြာတဲ့ ဆန္ဒပြမှုမှာ ပါလက်စတိုင်း ၁၀၀ ကျော် အသတ်ခံခဲ့ရပါတယ်။ မေလ ၁၄ ရက် တစ်ရက်တည်းမှာပဲ အစ္စရေးစနိုက်ပါလက်ချက်ကြောင့် လူပေါင်း ၆၀ လောက်သေဆုံးခဲ့ပါတယ်။ ဆန္ဒပြသူ ထောင်ပေါင်းများစွာဟာ အမေရိကန်သံရုံး ဂျေရုဆလင်သို့ ပြောင်းလာတာကိုလည်း ဆန့်ကျင်ခဲ့ကြပါတယ်။

**နယ်စပ်ဒေသကို ကာကွယ်ဖို့ လုပ်ဆောင်တယ်လို့ အစ္စရေးပြော**

သံရုံးပြောင်းရွှေ့ခြင်းကြောင့် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားခဲ့ပါတယ်။ အစ္စရေးတို့ကတော့ သူတို့ရဲ့ လုပ်ဆောင်ချက်ဟာ နယ်စပ်ဒေသကို ကာကွယ်ဖို့အတွက်နဲ့ ပါလက်စတိုင်းဘက်မှ ထိုးဖောက်ဝင်ရောက်ခြင်း မပြုနိုင်အောင် လုပ်ဆောင်ခြင်းဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အစ္စရေးနယ်စပ်အနားမှာရှိတဲ့ ပါလက်စတိုင်းတို့ရဲ့ နယ်မြေအစုအဝေးကို ဟားမားစ်တို့က ထိန်းချုပ်ထားကြောင်း သိရပါတယ်။

မေလ ၁၅ ရက်ကလည်း နယ်စပ်ဒေသအနီးမှာ အသက် ၂၆ နှစ်အရွယ်ရှိ မူတက်ဆင်ဟာဂျာဟာ နယ်စပ်ခြံစည်းရိုးကို ချိုးဖောက်ဝင်ရောက်ဖို့ ကြိုးစားနေတဲ့ပုံကို ရုပ်သံဖိုင်ထုတ်လွှင့်ခဲ့ပါတယ်။ သူက ဘာပြောခဲ့လဲဆိုတော့ သံရုံးပြောင်းရွှေ့ဖွင့်လှစ်ခြင်းကြောင့် ဆန္ဒပြမှုတွေ ဖြစ်ပွားတာပါလို့ ပြောခဲ့ပါတယ်။

ဒါဟာအောင်မြင်မှုတစ်ခုပဲ။ ဒါဟာ ပါလက်စတိုင်းတွေအတွက် မှန်ကန်တဲ့ လုပ်ဆောင်ချက်ကို ပြသနိုင်ခဲ့သလို အောင်မြင်မှုလည်း ဖြစ်တယ်လို့ သူက ပြောခဲ့ပါတယ်။

အစ္စရေးတို့ရဲ့ စိုးမိုးအုပ်ချုပ်မှုမှ အစပြုတဲ့ စစ်ပွဲဖြစ်ပွားနေစဉ် ၁၉၄၈ ခုနှစ်က သူတို့ နယ်နှင်ဒဏ်ခံခဲ့ရတဲ့နေရာ သို့မဟုတ် သူတို့ထွက်ပြေးလာတဲ့ နေရာတွေကို ပြန်လည်သွားရောက်ရေး ပါလက်စတိုင်းတို့ရဲ့တောင်းဆိုမှုကိုလည်း မူတက်ဆင်ဟာဂျာက လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားအောင် လှစ်ဟပြခဲ့ပါသေးတယ်။

**အစ္စရေးကိုလည်း နိုင်ငံအတော်များများက ပြစ်တင်ရှုတ်ချ**

သို့သော်လည်း တကယ့်အရေးကတော့ ဆန္ဒပြမှုတွေ ဘယ်တော့ပြီးဆုံးမလဲ၊ ဘယ်လောက်ထိကြာမှာလဲ၊ ဆန္ဒပြသူတွေ ထပ်ပြီးသေဆုံးကြဦးမှာလားဆိုတာပဲဖြစ်ပါတယ်။

အစ္စရေးနိုင်ငံအတွက် ကန့်သတ်ထားတဲ့သံတမန်ဆိုင်ရာ ဆိုးကျိုးတွေတော့ ရှိပါတယ်။ ဂါဇာ-အစ္စရေးနယ်စပ်ပဋိပက္ခမှာ လူပေါင်းအတော်များများ သေဆုံးခဲ့တာကြောင့် အစ္စရေးကိုလည်း နိုင်ငံအတော်များများက ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်။

တူရကီ၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံနှင့် တောင်အာဖရိကနိုင်ငံတွေဟာ သံတမန်ဆိုင်ရာ ဖိအားတွေပေးနေချိန်မှာ တခြားနိုင်ငံတွေဘက်ကလည်း ဘယ်လက်နက်မှကိုင်ဆောင်ခြင်းမပြုတဲ့ ဆန္ဒပြသူတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ တိုက်တွန်းမှုတွေ လုပ်ခဲ့ပါတယ်။

**"အစ္စရေးနိုင်ငံအတွက် ကန့်သတ်ထားတဲ့သံတမန်ဆိုင်ရာ ဆိုးကျိုးတွေတော့ ရှိပါတယ်၊ ဂါဇာ-အစ္စရေးနယ်စပ်ပဋိပက္ခမှာ လူပေါင်းအတော်များများ သေဆုံးခဲ့တာကြောင့် အစ္စရေးကိုလည်း နိုင်ငံအတော်များများက ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်၊ တူရကီ၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံ နှင့် တောင်အာဖရိကနိုင်ငံတွေဟာ သံတမန်ဆိုင်ရာ ဖိအားတွေပေးနေချိန်မှာ တခြားနိုင်ငံတွေဘက်ကလည်း ဘယ်လက်နက်မှကိုင်ဆောင်ခြင်းမပြုတဲ့ ဆန္ဒပြသူတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ တိုက်တွန်းမှုတွေ လုပ်ခဲ့"**

**ကုလသမဂ္ဂရဲ့လွတ်လပ်တဲ့ စုံစမ်းမှုတွေလုပ်ဖို့ ဆုံးဖြတ်ချက်အပေါ် အမေရိကန် ဗီတိုအာဏာဖြင့် ပယ်ချ**

သို့သော်လည်း အမေရိကန်ပြည်ထောင်စုဟာ ကုလသမဂ္ဂရဲ့သေဆုံးမှုတွေအပေါ် လွတ်လပ်တဲ့စုံစမ်းမှုတွေလုပ်ဖို့ ဆုံးဖြတ်ချက်အပေါ် ဗီတိုအာဏာဖြင့် ပယ်ချခဲ့ပါတယ်။ အမေရိကန် သမ္မတဒေါ်နယ်ထရန့်အစိုးရဟာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဟားမားစ်တို့ကို အပြစ်တင်ခဲ့ပါတယ်။

ဂါဇာအယ်လ်ဇာ တက္ကသိုလ်မှ နိုင်ငံရေးရာ ပါမောက္ခဖြစ်တဲ့ မူခေမာအဘူဆာဒါးက ဟားမားစ်တို့ဟာ အစ္စရေးတို့ရဲ့ ပိုင်နက်နယ်မြေပိတ်ဆို့မှုတွေလျှော့နည်းစေရန် မျှော်လင့်နေသူတွေဖြစ်ကြောင်းနဲ့ မကြာသေးမီနှစ်များအတွင်းက ပိတ်ဆို့ထားခဲ့တဲ့ အီဂျစ်တို့ရဲ့ နယ်စပ်ဒေသပြန်ဖွင့်ပေးရေးတို့ကိုလည်း မျှော်လင့်နေသူများဖြစ်ကြောင်း ပြောခဲ့ပါတယ်။

**နိုင်ငံတကာဖိအားတွေများလာတဲ့ အစ္စရေး**

နိုင်ငံတကာဖိအားတွေ များလာတဲ့ အစ္စရေးဟာ ဂါဇာဒေသမှာ ဆိုးရွားလာတဲ့ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုအခြေအနေတွေကို ဖြေရှင်းဖို့ လုပ်ဆောင်ရတော့မှာပဲ ဖြစ်ပါတယ်။

ထရန့်အစိုးရနဲ့ တခြားကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ ပေါင်းစည်းလုပ်ကိုင်နိုင်မှုတွေ မရှိသေးကြောင်း ဥရောပသမဂ္ဂနိုင်ငံတကာဆက်ဆံရေး ဉာဏ်ကြီးရှင်အဖွဲ့မှ ဟုဂ်ျလိုဗက်က ဆိုပါတယ်။

နိုင်ငံတကာအသိုင်းအဝိုင်း အစ္စရေးတို့ရဲ့ လုပ်ဆောင်ချက်တွေအပေါ် တစ်စုံတစ်ရာပြုလုပ်ဖို့ ဆန္ဒရှိပုံမပေါ်သေးကြောင်း သူက ဆက်ပြောပါတယ်။ ဒါကြောင့်လည်း အစ္စရေးဟာ ပိုပြီးအတင့်ရဲလာတာဖြစ်နိုင်ကြောင်း ဥရောပသမဂ္ဂနိုင်ငံတကာဆက်ဆံရေး ဉာဏ်ကြီးရှင်အဖွဲ့မှ ဟုဂ်ျလိုဗက်က ပြောပါတယ်။

**အစ္စရေးအစိုးရဟာ အပြင်ဘက်က ဖိအားတွေကို ခုခံတွန်းလှန်မယ်**

တယ်လ်အဗစ် တက္ကသိုလ် အမျိုးသားလုံခြုံရေးဆိုင်ရာ လေ့လာရေးအင်စတီကျုမှ မာ့ခ်ဟယ်လာက ဘာပြောခဲ့လဲဆိုတော့ နိုင်ငံတွင်းမှာ လက်ယာစွန်းအများစုကြီးစိုးနေတဲ့ အစ္စရေးအစိုးရဟာ အပြင်ဘက်က ဖိအားတွေကို ခုခံတွန်းလှန်မှာဖြစ်တယ်လို့ ဆိုပါတယ်။

ပိတ်ဆို့မှုတွေ ဖြေလျှော့ဖို့ တောင်းဆိုသံတွေ ကျယ်ကျယ်လောင်လောင်ကြားနေရသော်လည်း အစိုးရဟာ ဘာမှလုပ်ပေးလိမ့်မည် မဟုတ်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ၎င်းတို့အနေနဲ့ ဟားမားစ်တို့ကို ငြိမ်းချမ်းရေးမိတ်ဖက်အနေနဲ့ မသုံးသပ်တဲ့အတွက်ကြောင့်ဖြစ်ကြောင်း သူက ဆက်ပြောခဲ့ပါတယ်။

**ဂါဇာဒေသကို ပျက်စီးမှုကိန်းဆိုက်စေ**

၂၀၀၈ခုနှစ်ကတည်းက အစ္စရေးနဲ့ ဟားမားစ်တို့ရဲ့ကြားမှာ စစ်ပွဲတွေ သုံးကြိမ်တောင် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလို စစ်ပွဲတွေဖြစ်ပွားခဲ့တာဟာ ဂါဇာဒေသကို ပျက်စီးမှုကိန်းဆိုက်စေတာပါ။ အဲဒီစစ်ပွဲတွေကြောင့် အစ္စရေးတို့ဘက်မှာလည်း ပျက်စီးမှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် မပြောပလောက်တဲ့ ပမာဏလောက်ပဲ ဖြစ်ပါတယ်။ ဟားမားစ်တို့ဟာဆန္ဒပြအငြင်းပွားမှုတွေက ငြိမ်းချမ်းရေးအတွက် ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အစ္စရေးတို့ တပ်ဖွဲ့ဝင်တွေက မေ ၁၄ ရက်က ဆန္ဒပြမှု ဖြစ်ပွားတဲ့နေရာတစ်ခုကို ပစ်ခတ်ခဲ့သလို ဆန္ဒပြသူတွေကလည်း မီးလောင်ဗုံးတွေနဲ့ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေကို အသုံးပြုခဲ့ကြောင်း အစ္စရေးတို့ဘက်က ဆိုပါတယ်။

မတ်လ ၃၀ ကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုမှာ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးသာ ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အကြမ်းဖက် ဆန္ဒပြမှုတွေဟာ မေ ၁၅ ရက်မှာ ပြီးဆုံးတော့မလိုဖြစ်ပေမယ့်လည်း ဟားမားစ်ခေါင်းဆောင်တွေက ဆန္ဒပြမှုတွေကို အခြားပုံစံတွေနဲ့ ဆက်လက်ပြုလုပ်သွားဦးမှာ ဖြစ်တယ်လို့ပြောခဲ့ပါတယ်။

ဂါဇာဒေသရှိ နိုင်ငံရေးဆန်းစစ်သူတစ်ဦးဖြစ်သူ ရီဟန်အော့ဒါက ဟားမားစ်တို့အနေနဲ့ "နေရပ်ပြန်အခွင့်အရေး" အတွက် ဆန္ဒပြသူထောင်ပေါင်းများစွာကို နယ်စပ်ဒေသမှာ ဆန္ဒပြမှုတွေဖြစ်အောင် အားပေးအားမြှောက်ပြုတဲ့အတွက် စိစစ်ခြင်းတွေကို ရင်ဆိုင်ဦးမှာဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ပိတ်ဆို့မှုတွေ လျှော့နည်းခဲ့သလိုရှိခဲ့သော်လည်း ကလေးတွေဆုံးရှုံးခဲ့တဲ့ မိဘတွေအတွက် ကြီးမားတဲ့ဝမ်းနည်းကြေကွဲမှုကို ဖြစ်စေပါတယ်။ ဟားမားစ်တို့ဟာ နောက်ထပ်စစ်ပွဲအသစ်တွေကို ဖန်တီးနေတာမျိုးမဟုတ်ဘဲ အကယ်၍ နောက်ထပ် စစ်ပွဲအသွင်မျိုးဆောင်ခဲ့ရင် လက်ရှိဒုက္ခခံစားနေရတဲ့သူတွေဟာ ဒီထက်ဆိုးရွားတဲ့ ဆိုးကျိုးတွေကိုသာ ခံစားရမှာဖြစ်တယ်ဆိုတာ သိပါတယ်ဆိုပြီး တချို့လေ့လာဆန်းစစ်သူတွေကလည်း ဆိုပါတယ်။

သို့သော်လည်း ဟားမားစ်တို့ဟာ အလံဖြူကိုတော့ ဝှေ့ယမ်းဖို့ အားမစိုက်တာကို တွေ့ရပါတယ်လို့ ဟယ်လာကဆိုပါတယ်။ ဒါကြောင့်မို့ ပဋိပက္ခတွေဆက်ဖြစ်ဦးမယ်ဆိုတာ ကျွန်တော်တို့ မလွဲမသွေမျှော်လင့်ထားကြရဦးမှာဖြစ်ကြောင်း ဟယ်လာက ဆက်လက်ပြောကြားခဲ့ပါတယ်။ ဂါဇာ - အစ္စရေးနယ်စပ်အရေးဟာ ငြိမ်းချမ်းမှုရဦးမှာ မဟုတ်သေးပါဘူး။ ဖြစ်ပွားခဲ့တဲ့ ဂါဇာ- အစ္စရေး နယ်စပ်အရေးကို ပြန်ကြည့်မယ်ဆိုရင် လူပေါင်းများစွာ အသက်တွေပေးဆပ်ခဲ့ရပါပြီ။ သို့သော်လည်း ငြိမ်းချမ်းရေးအတွက်တော့ ကမ်းမမြင်လမ်းမမြင် ဖြစ်နေပါသေးတယ်ဆိုတာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# မိုးရာသီတွင် အဖြစ်များသော ကူးစက်ရောဂါများ

ယခုကဲ့သို့မိုးဦးကျမှစတင်၍ မိုးရာသီတွင်အဖြစ်များသော ကူးစက်ရောဂါများကို ကြိုတင်သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

| စဉ် | ရောဂါများ | ကူးစက်ပျံ့နှံ့ပုံ | ကြိုတင်ကာကွယ်ရေးနည်းလမ်းများ |
|---|---|---|---|
| ၁ | သွေးလွန်တုပ်ကွေးရောဂါ | ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းဖြင့် ကူးစက်ပါသည်။ | (၁) ခြင်ကိုက်မခံရအောင်နေထိုင်ပါ။ (၂) မိမိပတ်ဝန်းကျင်တွင် ခြင်ကျားမပေါက်ပွားနိုင်စေရန် ဆောင်ရွက်ပါ။ |
| ၂ | ဝမ်းပျက်ဝမ်းလျှောရောဂါများ | ● မသန့်ရှင်းသော ရေသောက်သုံးခြင်း ● ယင်နားစာများစားသုံးခြင်း ● တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း ● ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ကူးစက်ပါသည်။ | (၁) ရေကို(ဖြစ်နိုင်ပါက) ကျိုချက်၍သောက်သုံးပါ (၂) အစားအစာများကို ပူပူနွေးနွေးစားသုံးပါ၊ ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ယင်နားစာများကို ရှောင်ကြဉ်ပါ။ (၃) အစာမစားမီနှင့် အိမ်သာအထွက်တွင် လက်ကို ဆပ်ပြာဖြင့်ဆေးပါ။ (၄) လက်သည်းညှပ်ပါ။ (၅) မိမိအိမ်နှင့် ပတ်ဝန်းကျင်တွင် ယင်ကောင်၊ ကြွက် စသည်တို့ မခိုအောင်းစေရန် အမှိုက်သရိုက်များကို ရှင်းလင်းထားပါ။ |
| ၃ | ရာသီတုပ်ကွေးရောဂါ | ရောဂါရှိသူ နှာချေ/ချောင်းဆိုးခြင်းဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အခြားသူများသို့ ကူးစက်ပါသည်။ | (၁) နှာချေတိုင်း/ချောင်းဆိုးတိုင်း နှာခေါင်းနှင့် ပါးစပ်ကို လုံအောင်အုပ်ပါ။ (၂) လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးပါ။ (၃) လူထူထပ်သော နေရာများနှင့် ပွဲလမ်းသဘင်များသို့ သွားလာခြင်းကို ရှောင်ကြဉ်ပါ။ |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ဒေသအလိုက် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားမှ မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်စောင့်ကြည့်ရန်၊

(၂) ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသော ဒေသများ၌ တိရစ္ဆာန်များအား ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊

(၃) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး၊ ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများအား လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးများဒဏ်မှ ကာကွယ်ရန် တိရစ္ဆာန်များအား အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ် ကျရောက်လာပါက တိရစ္ဆာန်များအား ရေလွတ်သော နေရာများသို့ အလျင်အမြန်ရွှေ့ပြောင်းနေရာချထားရန်အတွက် ကြိုတင်ပြင်ဆင် စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများအား ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့သယ်ယူနိုင်ရေး ကြိုတင်စီစဉ်ထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်နှင့် ရေပြန်ကျချိန်များတွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များအား ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများ ရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန် နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားဆက်သွယ်ရန်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရန်ကုန် - ဒလ မြစ်ကူးတံတားနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကန့်ကွက်မှုမရှိကြောင်း ပြောကြား

ရန်ကုန် ဇွန် ၁၁

**မြန်မာ- ကိုရီးယား နှစ်နိုင်ငံကြား ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် တည်ဆောက်သွားမည့် ရန်ကုန်- ဒလ မြစ်ကူးတံတားကြီး တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး ပြည်သူများအကြား ကောလာဟလဖြစ်ပေါ်နေသော အကြောင်းအရာများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ယခင်ကတည်းက ကန့်ကွက်မှုမရှိခဲ့ကြောင်း၊ လုပ်ငန်းသဘောအရ ပူးပေါင်းဆောင်ရွက်အကြံပြုမှုများသာဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ပြောကြားသည်။**

ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲသည် ပြီးခဲ့သော ဇွန် ၉ ရက်ထုတ် News Watch ဂျာနယ်တွင် ဖော်ပြခဲ့သော ဒလ- ရန်ကုန် မြစ်ကူးတံတားကိစ္စကန့်ကွက်မှု၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို မထီမဲ့မြင်ပြုနေတာလား ဆောင်းပါး၌ စီးပွားရေးလုပ်ငန်းရှင် ၂၀ ဦးနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ နေပြည်တော်အထိ သွားရောက်ကန့်ကွက်ခဲ့မှုကြောင့် အဆိုပါတံတားစီမံကိန်း နှောင့်နှေးကြန့်ကြာသွားကြောင်း စသည့်အကြောင်းအရာပါ အချက်များနှင့် ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

“ဒီကနေ့ စာနယ်ဇင်းရှင်းလင်းပွဲကတော့ ရန်ကုန်-ဒလ မြစ်ကူးတံတားစီမံကိန်းနဲ့ ပတ်သက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ ရပ်တည်ဆောင်ရွက်ချက်တွေကို သိရှိအောင် ရှင်းလင်းတင်ပြတာဖြစ်တယ်၊ အထူးသဖြင့် News Watch ဂျာနယ်ရဲ့ ရန်ကုန်-ဒလ မြစ်ကူးတံတားနဲ့ ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဆိပ်ကမ်းအာဏာပိုင်တို့က နေပြည်တော်အထိ သွားရောက်ကန့်ကွက်ခဲ့တယ်၊ ဒီတံတားစီမံကိန်းပျက်ဖို့အတွက် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က အမျိုးမျိုးကန့်ကွက်ခဲ့တယ်ဆိုတဲ့ အရေးအသားနဲ့ ပတ်သက်ပြီး ပြည်သူတွေ အထင်အမြင်မမှားအောင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရပ်တည်ချက်နဲ့ တံတားစီမံကိန်းတည်ဆောက်မှုအပေါ် ရပ်တည်ချက်တွေကို ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်၊ ဒီတံတားစီမံကိန်းနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ ကန့်ကွက်ခဲ့တာမရှိခဲ့ပါဘူး၊ ရေလမ်းကြောင်းပိတ်မယ်၊ ကွန်တိန်နာဆိပ်ခံတံတားတွေ၊ ဆူးလေဆိပ်ကမ်းတွေ ပိတ်ဆို့မှုဖြစ်မယ်လို့ဘယ်တုန်းကမှ မပြောခဲ့ပါဘူး”ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ပြောသည်။

ရန်ကုန်- ဒလ တံတားစီမံကိန်းကို ၂၀၁၂ ခုနှစ်မှ စတင်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ အကြိမ်ကြိမ်ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးမှုတွင် တံတားရေလယ်တိုင် အကျယ်နှင့် တံတားအမြင့်ပိုင်း အကြောင်းအရာတို့ကို အဓိကထား ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် တံတားအမြင့်ကို ယခင်က ၅၄ မီတာ၊ ရေလယ်တိုင်နှစ်တိုင်အကျယ်ကို တတ်နိုင်သမျှ ကမ်းဘက်သို့ကပ်နိုင်ရေး စသည့်ဆွေးနွေးမှုများ အကြိမ်ကြိမ်ဆွေးနွေးခဲ့သော်လည်း နောက်ဆုံးအဆင့်တွင် အမြင့် ၄၉ မီတာအထိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် လျှော့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ ယင်းသို့ ဆွေးနွေးမှုများသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ကန့်ကွက်လိုခြင်းမဟုတ်ဘဲ ပင်လယ်ကူးသင်္ဘောကြီးများဝင်၊ ထွက်သွားလာရာတွင် အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုဆွေးနွေးချက်များသာဖြစ်ကြောင်း ဦးဆောင်ညွှန်ကြားရေးမှူးက ထပ်မံရှင်းပြသည်။

မြန်မာ- ကိုရီးယား ချစ်ကြည်ရေးတံတားအဖြစ် တည်ဆောက်မည့် ရန်ကုန်- ဒလ မြစ်ကူးတံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတားအရှည်မှာ ၆၁၄၄ ပေ၊ ပင်မတံတားအရှည် ၁၉၃၆ ပေ၊ ချဉ်းကပ်တံတား ရန်ကုန်ဘက်ခြမ်း ၂၀၂၆ ပေ၊ ချဉ်းကပ်တံတား ဒလဘက်ခြမ်း ၂၁၈၂ ပေ၊ ပင်မတံတားအကျယ် လေးလမ်းသွား ၈၇ ပေ၊ ချဉ်းကပ်တံတားအကျယ် ရန်ကုန်ဘက်ခြမ်း ၄၇ ပေ၊ ချဉ်းကပ်တံတားအကျယ် ဒလဘက်ခြမ်း ၆၈ ပေရှိကာ ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ၊ ရေလမ်းကင်းလွတ် အကျယ် ၃၇၀ မီတာ ရှိပြီး ပင်လယ်ကူးသင်္ဘောကြီးများလည်း ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

အဆိုပါတံတား တည်ဆောက်မှုပြီးစီးပါက ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်များအတွင်းရှိ ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအပါအဝင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့သွားမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**မျိုးကျော်(ကနောင်သွေး)**



ရန်ကုန်- ဒလ မြစ်ကူးတံတားစီမံကိန်းနှင့်ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ စာနယ်ဇင်းရှင်းလင်းစဉ်။ ဓာတ်ပုံ- မင်းထက်

# မိုးသည်းထန်ရေကြီး လေပြင်းတိုက်မှုကြောင့် နေအိမ်များပျက်စီး၊ ကမ်းပြို၍ နေအိမ်များရွှေ့ပြောင်းခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွား

## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လတ်တလော ဖြစ်ပေါ်နေသောမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် သစ်ပုတီးကုန်းကျေးရွာ၊ အနောက်အင်းကုန်းကျေးရွာ၊ ဆင်လူးကျေးရွာနှင့် ချောင်းဆုံကျေးရွာတို့တွင် ချောင်းဖြူချောင်းရေကျမှုများပြီး ချောင်းရေများလျှံ၍ ကျေးရွာများအတွင်း ရေများဝင်ရောက်လျက်ရှိကြောင်း၊ ချောင်းရေလျှံမှုကြောင့် ရေပုတ်ကြီးကျေးရွာတွင် လူတစ်ဦးချောင်းထဲမျောပါသွားကြောင်း၊ ချင်းကုန်းကျေးရွာတွင် နေအိမ်တစ်လုံး သစ်ပင်ပိ၍ ပျက်စီးခဲ့ကြောင်းနှင့် မုန်းချောင်းကမ်းပါးပြိုကျ၍ အနောက်အင်းကုန်းကျေးရွာတွင် ကမ်းပါးနှင့်နီးသည့် လူနေအိမ်ခြောက်လုံးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း(**အောက်ပုံ**)၊ သဘာဝဘေးကြုံတွေ့နေရသည့် ကျေးရွာများရှိ ပြောင်းရွှေ့ရသော လူနေအိမ်များနှင့် ထိခိုက်ပျက်စီးသည့် လူနေအိမ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





## သံတွဲ

သံတွဲမြို့တွင် ဇွန် ၁၁ ရက် နံနက်မှစတင်၍ သံတွဲချောင်းအတွင်း တောင်ကျရေများ ကျဆင်းမှုကြောင့် အနိမ့်ပိုင်းဒေသများဖြစ်သည့် အမှတ်-၁၊ အမှတ်-၂ ၊ ၃ ရပ်ကွက်နေရာအချို့နှင့် အမှတ်၄ ရပ်ကွက်ရှိ ညောင်ပင်ဈေး၊ သမုတ်ချောင်းဒေသများတွင် ဇွန် ၁၁ ရက် ညနေမှ စတင်၍ ရေများစတင်နစ်မြုပ်လာကြောင်း၊ ချောင်းအနီးရှိ နေအိမ်များ၊ ညောင်ပင်ဈေး၊ သမုတ်ချောင်းဒေသများရှိ နေအိမ်များမှ ကျွဲ၊ နွား၊ တိရစ္ဆာန်များနှင့် သက်ကြီးရွယ်အိုများအား ရေလွတ်ရာမဏ္ဍပ်ရုံများသို့ ပြောင်းရွှေ့ထားကြောင်း၊ သံတွဲချောင်း ရေအခြေအနေမှာ စိုးရိမ်ရေမှတ်အထက် ၃၈ လက်မ ပိုမိုမြင့်တက်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သံတွဲခရိုင်ရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မာန်အောင်

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မင်းဆိပ်ပြင်ကျေးရွာတွင် ဇွန် ၁၁ ရက် နံနက် ၈ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ဦးရွှေဘိုးသာ၏ နေအိမ်မှ အုန်းပင်သည် ရွာလမ်းပေါ်တွင် သွယ်တန်းထားသော မီးကြိုးပေါ်သို့လဲကျသဖြင့် ဓာတ်မီးတိုင်နှစ်တိုင် လဲကျပြီး ဓာတ်မီးတိုင်သုံးတိုင်မှာ အောက်ခြေကွဲအက်ကာ ဆားဗစ်ဘောက်တစ်ခု ပျက်စီးသွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သာခုချောင်းကျေးရွာအုပ်စု ရုံးတောကျေးရွာတွင် ဇွန် ၁၁ ရက် ညနေ ၃ နာရီခန့်က ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးသည် အလျား ပေ ၄၀၀၊ အနံ ပေ ၃၀ ခန့် တဖြည်းဖြည်း ပြိုကျမှုဖြစ်ပွားခဲ့ရာ(**အပေါ်ပုံ**) ကျေးရွာရှိ နေအိမ် ၁၂ လုံးမှာ ဖျက်သိမ်းခဲ့ရပြီး နေအိမ်များရှိ မိသားစုဝင် အမျိုးသား ၃၀၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၅၂ ဦးတို့သည် နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များတွင် ပြောင်းရွှေ့နေထိုင်နေကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

## ညောင်လေးပင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကွင်းဒလကြီးကျေးရွာအုပ်စု ကွင်းဒလကြီးကျေးရွာတွင် ဇွန် ၁၁ ရက် နံနက် ၁၁ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ဆွမ်းစားဆောင် တစ်လုံး၊ လူနေအိမ်ငါးလုံးတို့မှာ သွပ်များလန်ပြီး သစ်သားဒိုင်းများ ပြိုကျပျက်စီးကာ နွားတင်းကုပ်တစ်လုံးမှာ သစ်ပင်ပိ၍ ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

## နမ့်ဆန်

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် နမ့်ဆန်-လီလု လမ်း ၁၄ မိုင်၊ ၁၅ မိုင်၊ ၁၈ မိုင်၊ ၁၉ မိုင်ကြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းဘေးတောင် မြေပြိုကျမှုဖြစ်ပွားခဲ့ပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း၊ လမ်းပြိုကျသည့်နေရာများအား ဆောက်လုပ်ရေးဌာနမှ စက်ယန္တရားနှစ်စီးဖြင့် ရှင်းလင်းရေးဆောင်ရွက်ပေးပြီး ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခန့်တွင် လမ်းပြန်ပွင့်သွားပြီး ခရီးသွားလာရေး ပြန်လည်အဆင်ပြေသွားခဲ့ကြောင်း သိရသည်။

**အောင်မိုး (ပြန်/ဆက်)**

## မတူပီ

မတူပီမြို့ အရှေ့ခိုဘွေရပ်ကွက် လည်မျိုလမ်း၌ ဇွန် ၁၁ ရက် မွန်းလွဲပိုင်းက မြေပြိုမှုဖြစ်ပွား၍ ဦးဟာဝိုင်းကီးနှင့် ဦးထွန်းကျော် နေအိမ်နှစ်လုံးကို မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက ကူညီရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ မြေပြိုမှုဖြစ်ပွားသည့်နေရာ၌ မြေထိန်းနံရံတည်ဆောက်ထားသော်လည်း ရက်ရှည်မိုးရွာသွန်းခြင်းကြောင့် မြေပြိုမှုဖြစ်ပွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ကြီး

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ဇွန် ၁၁ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်စရစ်ကျေးရွာအုပ်စု အင်တိုင်းကုန်းကျေးရွာအတွင်းရှိ လူနေအိမ်သက်ကယ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၁၀ လုံးခန့် ပြိုလဲပျက်စီးကာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းလူနေအိမ် အလုံး ၂၀ တို့မှာ သွပ်များအမိုးလန်ကာ လွင့်စဉ်ခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိခဲ့ကြောင်းသိရပြီး လေပြင်းဒဏ်ကြောင့် ကျေးရွာတွင်း၌ သစ်ပင်များ လဲကျပိတ်ဆို့ခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ပိုင်ကျုံ

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ကော့နွဲကျေးရွာအုပ်စု ရွာဟောင်းကျေးရွာတွင် မိုးသည်းထန်၍ လေပြင်းတိုက်ခတ်မှုကြောင့် ဇွန် ၁၀ ရက် ညနေ ၄ နာရီခွဲက ဦးဟီတာ၏ နေအိမ်အနီးရှိ ပိတောက်ပင် လဲပြိုကျသဖြင့် နေအိမ်ပျက်စီးသွားကြောင်း၊ ဦးဟီတာ(၃၄ နှစ်)မှာ လက်မောင်းပွန်းပဲ့ဒဏ်ရာရပြီး ဇနီးဖြစ်သူ ဒေါ်မူးလာခေါင်(၂၀ နှစ်)မှာ ခါးနာ၊ ဝမ်းဗိုက်အောင့် ဒဏ်ရာနှင့် သမီးဖြစ်သူ မအိဖြူ(လေးလ)မှာ ယာဘက်ပခုံးနှင့် လက်တို့တွင် ထိခိုက်ဒဏ်ရာရရှိပြီး ဒဏ်ရာပြင်းထန်သူ ဒေါ်မူးလာခေါင်အား ပိုင်ကျုံတိုက်နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ပိုင်ကျုံ(ပြန်/ဆက်)**

## သဲကုန်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် ဇွန် ၉ ရက်မှ ဇွန် ၁၁ ရက်အထိ မိုးရေချိန် ၅ ဒသမ ၁၄ လက်မခန့်အထိ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ မိုးစပါးခင်းများနှင့် ရိတ်သိမ်းချိန်နီးကပ်နေပြီဖြစ်သော နွေစပါးခင်းများ ရေနစ်မြုပ်လျက်ရှိကြောင်း (**အောက်ပုံ**)၊ မင်းလှကျေးရွာအုပ်စုတွင် လယ် ၈၈၆ ဧက၊ အင်းပေါ်ငယ်အုပ်စုတွင် လယ် ၁၈၃ ဧက၊ ဆောက်ခြံကြီးအုပ်စုတွင် ၅၂၂ ဧက၊ ညောင်ကုန်းအုပ်စုတွင် ၁၅၈ ဧက၊ ရဲရဲကုန်အုပ်စုတွင် ၄၂၁ ဧက ၊ အုပ်ဖိုအုပ်စုတွင် ၂၈၉ ဧက၊ ရပ်ကွက် ၃ တွင် ၁၇၂ ဧကနှင့် ရပ်ကွက် ၄ တွင် ၄၂၃ ဧက စုစုပေါင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ရှစ်ခုတို့မှ တောင်သူ ၁၁၆၆ ဦးပိုင် လယ် ၃၀၅၄ ဧက ရေကြီးနစ်မြုပ်လျက်ရှိပြီး ညောင်ကုန်းအုပ်စုတွင် ရိတ်သိမ်းချိန်နီး နွေစပါးလယ် ၃၅ ဧကမှာလည်း ရေနစ်မြုပ်လျက်ရှိနေပြီး အဆိုပါ ရေကြီးနစ်မြုပ်မှုအား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းနိုင်ဆွေနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုကာ ဆုံးရှုံးမှုတန်ဖိုးများအား စိစစ်တွက်ချက်လျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



## ဖလမ်း

ဖလမ်းမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေသားပျော့၍ ဖလမ်းမြို့ ဇလိုင်ရပ်ကွက်နေ ဦးရွှန်ရိုထန်း အိမ်ရှေ့မြေသားနှင့် မြေထိန်းနံရံသည် ယနေ့နံနက်က ပြိုကျပျက်စီးသွားသည်။ အဆိုပါ မြေထိန်းနံရံသည် ကိုယ့်အားကိုယ်ကိုးဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်က ငွေကျပ် သိန်း ၇၀ ခန့် အကုန်အကျခံကာ ဆောက်လုပ်ထားသည့် မြေထိန်းနံရံဖြစ်ကြောင်း၊ မြေသားနှင့် မြေထိန်းနံရံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မြေသားဆက်လက်ပြိုကျမှု ထိန်းသိမ်းကာကွယ်နိုင်ရေး မိုးကာများဖြင့် အုပ်ထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဟိုင်းကြီးကျွန်း

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့၏ အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ဇွန် ၇ ရက်မှ ၁၁ ရက်အထိ မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ပြင်ခရိုင်ကျေးရွာ လှည်းလမ်းကွင်း(မြောက်)ရပ်ကွက်၌ နေအိမ်လေးလုံး ယိုင်နဲ့ပြိုကျခြင်း၊ မော်တင်စွန်းစေတီတော်ရင်ပြင်ပေါ်ရှိ အရံစေတီတော်သုံးဆူ စိန်ဖူးတော်ပျက်စီးခြင်း၊ အထက(အုန်းချောင်း)စာသင်ကျောင်း အမိုးလန်ခြင်း၊ ဖောင်တိုးကျေးရွာ၌ အုန်းပင်ပိ၍ ဒသမတန်း ကျောင်းသားတစ်ဦး ခါးအောက်ပိုင်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## သထုံ

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဇွန် ၁၀ ရက် ည ၁၁ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် မြေနီကုန်းကျေးရွာ စိုက်ပျိုးရေးရိပ်သာရှေ့ရှိ 11 KV ကြိုးလိုင်းပေါ်သို့ ကျွန်းပင်ကျိုးကျရာမှ ဓာတ်တိုင်အချို့ပြိုလဲပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင် ၁၃ တိုင်၊ တန်ဖိုး ငွေကျပ် ၃၈ သိန်းကျော်ခန့် ပျက်စီးသွားခဲ့ပြီး ပြိုလဲသွားခဲ့သည့် မီးတိုင်များကြောင့် ယာဉ်လမ်းပိတ်ဆို့ခြင်း မဖြစ်စေရေးအတွက် လျှပ်စစ်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်း၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ ရှင်းလင်းခဲ့ရကြောင်း သထုံမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

**သက်ဦး(သထုံ)**

## စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မိုးများအဆက်မပြတ် ရွာသွန်းနေသဖြင့် စလင်းတမံတွင် ဇွန် ၁၁ ရက်အထိ ရေမှတ် ၇၄၄ သို့ ရောက်ရှိနေသည်။ စလင်းတမံသည် ရေလှောင်ပမာဏ ၁၃၃၀၀၀ သိုလှောင်နိုင်ပြီး ဧက ၆၉၁၂၆ ဧကကို ရေပေးဝေနိုင်သည်။ စလင်းတမံ၏ ပင်မရေတံခါးကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ပြင်ဆင်ခဲ့ရာ မတ်လတွင် လုပ်ငန်းများပြီးစီးခဲ့သည်။ ရေမှတ် ၇၆၀ သို့ ရောက်ရှိလျှင် ရေပိုလွှဲများမှ ရေများလျှံကျမည်ဖြစ်ပြီး လက်ရှိစိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ပေ ၂၀ ခန့် လိုသေးကြောင်းနှင့် စလင်းတမံဆည်ဝန်ထမ်းများက တမံရေတိုးမှု အခြေအနေများကို ၂၄ နာရီ စောင့်ကြည့်နေကြောင်း စလင်းဆည်မြောင်းဦးစီးဌာန အေအီးဦးတင့်လွင်က ပြောသည်။ ယခုလောလောဆည်ရေထုတ်ပြွန် သုံးခုမှ တစ်ခုလျှင် ၁ ဒသမ ၅ ပေ ရေများ ထုတ်ပေးနေကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၄ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၆ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၄ ·၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၆ ·၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၃၇ ·၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၈ ·၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ·၀၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ ·၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ·၉၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၂၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မြန်မာ့ကျောက်ခေတ်နှင့် အညာသားယဉ်ကျေးမှု

◆ မောင်သာ(ရှေးဟောင်းသုတေသန) ◆

**မြန်မာနိုင်ငံသည် သမိုင်းမတင်မီကာလများဖြစ်သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ကို ဖြတ်သန်း၍ ယဉ်ကျေးမှုအဆင့်ဆင့် တိုးတက်ထွန်းကားလာခဲ့သည်။ လူသားအဆင့်သို့ မရောက်မီ အချိန်က မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သည့် ရှေးဦး လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ၏သက်တမ်းသည် နှစ် ၃၇ ဒသမ ၂ သန်းမှ သန်း ၄၀ အတွင်းရှိခဲ့သည်။ ယင်းပရိုင်းမိတ်များသည် ဆင့်ကဲ ပြောင်းလဲတိုးတက်မှုဖြစ်စဉ်များအတိုင်း မျက်မှောက်ခေတ် လူသားများအဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။**

မြန်မာနိုင်ငံ၏ သမိုင်းမတင်မီခေတ်ကို လေ့လာခဲ့ကြသည့် ပညာရှင်များနှင့် သုတေသီများသည် မြန်မာနိုင်ငံဖြစ်လာမည့် ဒေသများတွင် လူသားမျိုးနွယ်များ အခြေချခဲ့သည့် အထောက်အထားများနှင့် ယင်းတို့သုံးစွဲခဲ့သည့် လက်နက်ကိရိယာ အသုံးအဆောင်များကို တွေ့ရှိခဲ့ကြသည်။

ယဉ်ကျေးမှု မထွန်းကားမီက သမိုင်းဦးလူသားများသည် အလေ့ကျပေါက်သည့် သီးနှံများ၊ ဟင်းသီးဟင်းရွက်များ၊ သစ်မြစ်၊ သစ်ဥ၊ သစ်ဖုများကို ရှာဖွေစားသုံးခဲ့ကြသကဲ့သို့ သားကောင်များကို အမဲလိုက်၍ ဖမ်းဆီးစားသောက်ခဲ့ကြသည်။ ရှေးဦးလူသားများသည် မိမိတို့ထက်အင်အားကြီးသော သားရဲတိရစ္ဆာန်များ၏ အန္တရာယ်မှကာကွယ်ရန်နှင့် ယင်းတို့ကို ဖမ်းဆီးနိုင်ရန်ကျောက်တုံး၊ ကျောက်ခဲများကို လက်နက်များအဖြစ် အသုံးပြုခဲ့ကြပြီး နှောင်းပိုင်းကာလများတွင် တိရစ္ဆာန်များကို မွေးမြူခြင်း၊ သီးနှံများထွန်ယက်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။




**မြန်မာ့ကျောက်ခေတ်**

ပညာရှင်များက ရှေးခေတ်လူသားများ ကျောက်လက်နက်များကို သုံးစွဲခဲ့သည့် အချိန်ကာလကို ကျောက်ခေတ်ဟု သတ်မှတ်ခဲ့ကြသည်။ ရှေးဦးလူသားများ အသုံးပြုခဲ့သည့် ကျောက်လက်နက်များအပေါ်မူတည်လျက် ကျောက်ခေတ် အပိုင်းအခြားသည် ကျောက်ကြမ်းခေတ် (Palaeolithic Age)၊ ကျောက်ခေတ်လယ် (Mesolithic Age)နှင့် ကျောက်ချောခေတ် (Neolithic Age) ဟု သုံးပိုင်းရှိကြောင်း ဘူမိဗေဒပညာရှင် ပါမောက္ခ ဒေါက်တာညီညီက ရေးသားခဲ့ကာ မြန်မာနိုင်ငံ၌ ကျောက်ခေတ်ဟောင်းနှင့် ကျောက်ခေတ်သစ်သာရှိခဲ့ပြီး ကျောက်ခေတ်လယ် မရှိခဲ့ကြောင်း သုံးသပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းမတင်မီခေတ်များအနက် ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ် အထောက်အထားများကိုတွေ့ရှိစုဆောင်းထားပြီးဖြစ်သော်လည်း ကျောက်ခေတ်လယ် အထောက်အထားများတွေ့ရှိမှုက နည်းပါးနေသေးသဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်လယ်မရှိဟူသည့် ယူဆချက်များရှိခဲ့သည်။ သို့သော် မြန်မာနိုင်ငံ၏ ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ်အကြားကာလကို ကျောက်လယ်ခေတ်ဟု ယေဘုယျအားဖြင့် ယူဆနိုင်ကြောင်း အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်တွင် ဖော်ပြထားပေသည်။

**ကျောက်ကြမ်းခေတ်**

ကမ္ဘာ့ဘူမိခေတ် နောက်ဆုံးကပ်ဖြစ်သည့် စတုတ္ထကပ်မှ ပလိုင်စတိုဆင်းယုဂ် (Pleistocen Period)(လွန်ခဲ့သည့် နှစ် နှစ်သန်း)အတွင်း မြန်မာနိုင်ငံ၌ ရှေးဦးလူသားများ ပြုလုပ်ကိုင်တွယ်ခဲ့သည့် ကျောက်လက်နက်ကိရိယာများသည် မြန်မာ့ကျောက်ခေတ်၏ ခိုင်မာသောအထောက်အထားများ ဖြစ်ကြပေသည်။

ကျောက်ကြမ်းခေတ်တွင်သုံးစွဲခဲ့သည့် လက်နက်များသည် မြစ်ကမ်းဆင့်များမှ ရရှိခဲ့သည့် တိရစ္ဆာန်အရိုးများ၊ သက်ရင့်ကျောက်စရစ်များဖြင့် ပြုလုပ်ထားသည့်ကိရိယာများဖြစ်ကြသည်။ ယင်းတို့ကို တွေ့ရှိခဲ့သည့်နေရာများသည် ကျောက်ခေတ်လူသားများအတွက် အမဲလိုက်ရန်လွယ်ကူခြင်း၊ ရေအမြောက်အမြားရှိခြင်းနှင့် ကျောက်လက်နက်များ ပြုလုပ်ရန် ကုန်ကြမ်းများ ပေါများစွာရှိနေခြင်းတို့ကြောင့် အထောက်အထားများစွာ ကျန်ရှိနေခဲ့သည်။ ကျောက်ဂူများသည် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်သဖြင့် ရှေးဦးလူသားများသည် ဂူများအတွင်း နေထိုင်ခဲ့ကြသည့် အထောက်အထားများကို တွေ့ရှိကြရသည်။

> **“မြန်မာနိုင်ငံ၏ သမိုင်းမတင်မီခေတ်များအနက် ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ် အထောက်အထားများကို တွေ့ရှိစုဆောင်းထားပြီး ဖြစ်သော်လည်း ကျောက်ခေတ်လယ် အထောက်အထားများတွေ့ရှိမှုက နည်းပါးနေသေးသဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်လယ်မရှိဟူသည့် ယူဆချက်များရှိခဲ့”**

**အညာသားယဉ်ကျေးမှု၏ နောက်ခံ**

ပညာရပ်ဆိုင်ရာနယ်ပယ်များတွင် ထင်ရှားသည့် အညာသားယဉ်ကျေးမှုသည် မြန်မာနိုင်ငံ၏ ကျောက်ကြမ်းခေတ် လူနေမှုဓလေ့များကို ဖော်ညွှန်းသည့် အသုံးအနှုန်းဖြစ်ကာ မြန်မာနိုင်ငံ ကျောက်ခေတ်သမိုင်းကို လေ့လာခဲ့သည့် ပြည်ပပညာရှင်များကပေးခဲ့သည့်အမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကျောက်ခေတ်ယဉ်ကျေးမှု အထောက်အထားများကို မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ကိုလိုနီအုပ်ချုပ်ရေးဝန်ထမ်းများနှင့် အနောက်တိုင်းသားပညာရှင်များက ၁၉ ရာစုအစောပိုင်းတွင် ဦးစွာသုတေသနပြုခဲ့ကြသည်။ ကျောက်ခေတ်အထောက်အထား ကျောက်ချောလက်နက်များကို မြန်မာနိုင်ငံအတွင်း ကာလရှည်ကြာစွာကပင် တွေ့ရှိခဲ့ကြသော်လည်း ဒေသခံများသည် မိုးကြိုးသွားများဟုယူဆကာ သိမ်းဆည်းမှုများသာရှိခဲ့ကြသည်။ သို့သော် ဥရောပတိုက်သားများသည် ကျောက်လက်နက်များ၏ ယဉ်ကျေးမှုတန်ဖိုးကိုသိရှိခဲ့ကြကာ ၁၈၆၅ ခုနှစ်တွင် ဗိုလ်ကြီး အေဂျီဒတ်ဖ် (Captain A.G. Duff) သည် မြန်မာနိုင်ငံမှရရှိခဲ့သည့် ကျောက်လက်နက်ကိရိယာများကို ဗြိတိသျှပြတိုက်သို့ လှူဒါန်းခဲ့သည်။ ထို့အတူ ၁၈၇၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘူမိဗေဒလေ့လာရေးဌာနမှ သီအိုဘိုးလ် (W.T heobold)သည် မြန်မာ့ကျောက်လက်နက်များကို အိန္ဒိယနိုင်ငံ ကာလကတ္တားပြတိုက်သို့ ပေးပို့လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံ၏ ကျောက်ခေတ်ကာလ အထောက်အထားများကို ပြည်ပမှပညာရှင်များက ရှာဖွေဖော်ထုတ်ခဲ့ရာ ၁၈၉၄ ခုနှစ်မှ ၁၈၉၇ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ ဘူမိဗေဒတိုင်းတာရေးအဖွဲ့ (The Geological Survey of India) မှ Dr. Noetling သည် ရေနံချောင်းမြို့အနီးမှ ကျောက်လက်နက်တစ်ခုကို ပထမဆုံးအကြိမ် တွေ့ရှိခဲ့သည်။

၁၉၁၃- ၁၉၁၄ ခုနှစ်တွင် ဗြိတိသျှခရိုင်အုပ်ချုပ်ရေးအရာရှိ မစ္စတာမက္ကင်ဇီ(Mr.J.C.Mackenzie)သည် မြင်းခြံ၊ ပခုက္ကူနှင့် သရက်ခရိုင်အတွင်းမှ ကျောက်လက်နက်များကို ရှာဖွေစုဆောင်းခဲ့သည်။ ကိုလိုနီခေတ် ဘူမိဗေဒပညာရှင်များသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် ကွင်းဆင်းလေ့လာမှုများပြုလုပ်စဉ် မြေလွှာများမှရရှိခဲ့သည့် ကျောက်လက်နက်ကိရိယာများ အကြောင်းကို သုတေသနစာစောင်များတွင် ရေးသားခဲ့ကြသည်။

ကိုလိုနီခေတ်က မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် စတီးဘရားသား ရေနံကုမ္ပဏီမှ ဘူမိဗေဒအရာရှိ တီအိုမောရစ်စ် (T.O. Morris) သည် ကိုလံဘိုစီမံကိန်းအရ မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မောရစ်စ်သည် ၁၉၃၂ ခုနှစ်မှ ၁၉၃၆ ခုနှစ်အတွင်း စဉ့်ကူး၊ ရေနံချောင်း၊ သရက်နှင့် ပျဉ်းမနားဒေသများမှရရှိခဲ့သည့် ကျောက်ခေတ်သုံး လက်နက်ကိရိယာများအား အောက်ခံ ဘူမိဗေဒ မြေလွှာကို အထောက်အထားပြု၍ တင်ပြခဲ့သည်။

၁၉၃၇ ခုနှစ် မတ်လတွင် အမေရိကန်ပြည်ထောင်စု ဖီလာဒေးလ်ဖီယား သဘာဝသိပ္ပံအကယ်ဒမီကဦးစီး၍ နိုင်ငံတကာ ရှေးဦးလူသားများဆိုင်ရာ နီးနှောဖလှယ်ပွဲတစ်ခုကို ကျင်းပခဲ့သည်။ ရှေးဦးလူသားတို့၏ တိကျသော ရက်စွဲစဉ်ကို ရရှိနိုင်ရန် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်သို့တိုးချဲ့၍ တရုတ်နှင့်ဂျာဗားတို့တွင် ဆောင်ရွက်ရန်လိုအပ်ကြောင်း နီးနှောဖလှယ်ပွဲက သဘောတူညီခဲ့သည်။ မြန်မာနိုင်ငံသည် အနောက်ဘက်တွင် အိန္ဒိယ၊ အရှေ့ဘက်တွင် တရုတ်၊ အရှေ့တောင်ဘက်တွင် ဂျာဗားတို့ အကြား သုံးပွင့်ဆိုင်နယ်မြေ၏အလယ်၌ တည်ရှိနေသည့်အတွက် ရှေးဦးလူသား အထောက်အထားများရှာဖွေရာတွင် များစွာ အထောက်အပံ့ရနိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။

ထို့ကြောင့် Dr. H.de Tarra နှင့် Dr. H.L. Mouvius တို့ဦးဆောင်သော အရှေ့တောင်အာရှ အမေရိကန်စူးစမ်းရေးအဖွဲ့ (American Southeast Asia Expedition) သည် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ပြီး ၁၉၃၇ ခုနှစ် နိုဝင်ဘာလမှ ၁၉၃၈ ခုနှစ် မတ်လအထိ ဧရာဝတီမြစ်ရိုးတစ်လျှောက် မကွေး၊ ရေနံချောင်း၊ စလေ၊ ချောက်၊ စဉ့်ကူး၊ ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မင်းကွန်းနှင့် သပိတ်ကျင်းတို့မှ ကျောက်ခေတ်သစ်ဆိုင်ရာ အထောက်အထားများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ယင်းအဖွဲ့တွင်ပါဝင်ခဲ့သည့် ဘူမိဗေဒပညာရှင် ဒေါက်တာ အိပ်ချ်ဒီတာရားသည် မြန်မာနိုင်ငံ၏ ပလိုင်စတိုဆင်းခေတ် (The Pleistocene of Burma) ကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနပညာရှင် မိုးဗီးယပ်စ်က မြန်မာ့ကျောက်ခေတ်(Stone Age of Burma) ကိုလည်းကောင်း၊ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် အက်ဒွင် အိပ်ချ် ကိုးလ်ဘာ့တ် (Edwin H. Colbert)က မြန်မာနိုင်ငံမှ စုဆောင်းရရှိခဲ့သည့် ပလိုင်စတိုဆင်းခေတ် ကျောရိုးရှိသတ္တဝါများ (Pleistocene Vertebrates Collected in Burma)ကို လည်းကောင်း၊ သတ္တဗေဒပညာရှင် ဒေါက်တာ ဘေးကွတ်(Dr.J Bequaert) က ရှမ်းပြည်တောင်ပိုင်း ဂူမြေလွှာများမှ ရေချို ခရုများ(Fresh Water Shells from Cave Deposits in Southern Shan State) ကိုလည်းကောင်း စာတမ်းများ အသီးသီး ရေးသားကြ၍ ၁၉၄၃ ခုနှစ်တွင် မြန်မာနိုင်ငံရှေးဦးလူသား သုတေသန (Research on Early Man in Burma) စာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၆၉ ခုနှစ်တွင် မြန်မာ့ကျောက်ခေတ် လူနေဂူတစ်ခုဖြစ်သည့် ပြဒါးလင်းကို တူးဖော်နိုင်ခဲ့ပြီး ကျောက်ခေတ်လေ့လာမှုများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကာ ထောက်မကုန်း၊ တောင်သမန်၊ ရွှေစာရံ၊ တောင်ကိုင်းစသည့် ကျောက်ခေတ်သစ်နေရာများကိုလည်း လေ့လာနိုင်ခဲ့သည်။

**အညာသားယဉ်ကျေးမှု မြစ်ကမ်းဆင့်များ**

လွန်ခဲ့သည့်နှစ် တစ်သန်းမှ တစ်သောင်းအတွင်း လွင်ပြင်များထက်သို့ သည်းထန်သောမိုးများ ရွာသွန်းခဲ့ရာမှ ရေတိုက်စားမှုများဖြစ်ပေါ်ခဲ့ပြီး ဂဝံဆန်သည့် ကျောက်စရစ်မြေလွှာ ပေါ်ထွန်းခဲ့သည်။ နှစ်ပရိစ္ဆေဒ ကြာညောင်းလာချိန်တွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ယခု စလေနှင့် ချောက်မြို့ အကြား၌ မြစ်ကမ်းဆင့်ငါးခု ဖြစ်ပေါ်ခဲ့သည်။

ယင်းမြစ်ကမ်းဆင့်ငါးခုကို အမှတ်စဉ်များတပ်ကာ အမည်ပေးခဲ့ရာ မြစ်ကမ်းဆင့် အမှတ်(၁)သည် သက်တမ်း အရင့်ဆုံးဖြစ်၍ မြစ်ရေပြင်အထက် ပေ ၂၀၀ မှ ၄၅၀ အကြား တည်ရှိသည်။ မြစ်ကမ်းဆင့် အမှတ်(၁)၏ မြေလွှာကို တောင်ကုန်းမြင့် အပြန့်များတွင် တွေ့ရှိရကာ မြေလွှာဖွဲ့စည်းမှုသည် ဂဝံဆန်သောမြေနီ ဖြစ်သည်။

မြစ်ကမ်းဆင့် အမှတ်(၂) သည် ကျယ်ဝန်းသော ကုန်းမြေမြင့် ရှည်၊ ကမ်းပါးဟောင်းတစ်ခုအဖြစ် မြစ်ရေပြင်အထက် ပေ ၁၀၀ မှ ၂၅၀ အကြား၌ တည်ရှိသည်။ ယင်းမြစ်ကမ်းဆင့်သည် ရေစီးပို့ချခဲ့သော ထူထဲသည့် ခရမ်းရောင်သမ်းသော မြေလွှာဖြစ်ကာ ယင်းမြေလွှာပေါ်တွင် ကြမ်းတမ်းသော သဲနှင့် ရွံ့စေးတို့ပါဝင်သည့်မြေနီလွှာက ဖုံးအုပ်နေသည်။

မြစ်ကမ်းဆင့် အမှတ်(၃)သည် မြစ်ရေပြင်အထက် ပေ ၉၀ နှင့် ပေ ၁၀၀ အကြား တည်ရှိကာ ဧရာဝတီ မြစ်ကမ်းဆင့်ငါးခုအနက် အကျယ်ဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။ ယင်းမြစ်ကမ်းဆင့်တွင် နက်ရှိုင်းသော တိုက်စားရာများရှိကာ ကျောက်တုံးများနှင့် အနီရောင်မှ ပန်းရောင်အကြားရှိသည့် သဲနုန်းများဖြင့် ဖွဲ့စည်းထားကာအပေါ်၌ ပုဂံသဲနုန်းများက ဖုံးနေသည်။ အပေါ်ပိုင်း ဧရာဝတီကျောက်လွှာမှ ဆင်းလာသည့် သလင်းကြွယ် ကျောက်တုံးများနှင့် သစ်ပင်ကျောက်များကို ယင်းမြစ်ကမ်းဆင့် အပေါ်ပိုင်းတွင် မြင်ကြရသည်။ မြစ်ကမ်းဆင့်၏ အောက်လွှာ၌ ထုံးခဲတစ်များသည့် ကျောက်စရစ်လွှာ သို့မဟုတ် သံကျောက်လွှာ တည်ရှိသည်။

မြစ်ကမ်းဆင့် အမှတ်(၄)သည် မြစ်ရေပြင် အထက် ၅၅ ပေမှ ပေ ၇၀ အကြားတွင်တည်ရှိကာ အရွယ်အစားသေးငယ်သော ကျောက်စရစ်မြေနီလွှာ၊ မြေနီသဲလွှာတို့ဖြင့် ဖွဲ့စည်းထားသည်။ ယင်းမြေလွှာနှစ်ခုပေါ်၌ အဝါရောင်သမ်းသည့် ပုဂံသဲနုန်းများက ဖုံးအုပ်နေသည်။ မြေလွှာအထူသည် ပေ ၃၀ ရှိကာ ကျောက်စရစ် မြေလွှာတွင် ထုံးနှင့် သံခဲတစ်ပါရှိသည့် အစိုင်အခဲများ ရှိနေသည်။

မြစ်ကမ်းဆင့် အမှတ်(၅)သည် သက်တမ်းအနုဆုံးနှင့် အနိမ့်ဆုံးဖြစ်ကာ မြစ်ရေပြင်အထက် ပေ ၄၀ တွင် တည်ရှိသည်။ သဲနုန်းများဖြင့် ဖွဲ့စည်းကာ စဉ့်ကူးမြို့အနီးတွင် အထင်ရှားဆုံးမြင်တွေ့ရသဖြင့် စဉ့်ကူးသဲနုန်းဟု အမည်ပေးခဲ့သည်။

ကျောက်ကြမ်းခေတ်သုံး လက်နက်အသုံးအဆောင်များကို မြစ်ကမ်းဆင့် အမှတ်(၁)မှ အမှတ်(၄)အကြား မြေလွှာများမှ ရရှိခဲ့ကာ မြစ်ကမ်းဆင့် အမှတ်(၅)မှ ကျောက်ချောခေတ်သုံး လက်နက်များကို ရရှိခဲ့သည်။ ကျောက်ကြမ်းလက်နက်များကို အထက်မြန်မာပြည် အညာဒေသမှ အများအပြားရရှိခဲ့သဖြင့် သုတေသီများက မြန်မာ့ကျောက်ကြမ်းခေတ်ယဉ်ကျေးမှုကို အညာသားယဉ်ကျေးမှုဟု ကင်ပွန်းတပ်ခဲ့သည်။

မြစ်ကမ်းဆင့် အမှတ်(၁) သည် ဧရာဝတီမြစ်အနီးတွင် လူသားများ ပထမဆုံးနေထိုင်ခဲ့သည့် နေရာဖြစ်ကာ ကျောက်ခေတ်လူသားများ ကိုင်ဆောင်ခဲ့သည့် ကျောက်လက်နက် ပစ္စည်းအထောက်အထားများစွာကို ယင်းနေရာမှ ရရှိခဲ့သည်။ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းဆင့် အမှတ် (၁)မှ မြေလွှာများပျက်စီးကာ မြစ်ကမ်းဆင့် အမှတ်(၂) နှင့် အမှတ်(၃) တို့ပေါ်ထွန်းခဲ့သည်။ ထို့ကြောင့် မြစ်ကမ်းဆင့် အမှတ်(၃) တွင်လည်း ကျောက်ကြမ်းခေတ်လက်နက်ကိရိယာများကို တွေ့ရှိခဲ့သည်။

*စာမျက်နှာ ၁၉ သို့*

# စက်သုံးဆီများ၏ အရည်အသွေးနှင့်အခြင်အတွယ်မှန်ကန်စေရေး ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

ပုဂ္ဂလိက တင်သွင်းဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ် မှန်ကန်စေရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး စစ်ဆေးကြပ်မတ်စီမံ ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

၂၀၁၇ ခုနှစ်မှစ၍ ယနေ့အထိ စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုဆိုင်ပေါင်း ၆၀၊ Mobile Fuel Lab ဖြင့်စစ်ဆေးမှုဆိုင်ပေါင်း ၁၉၆ ဆိုင် ဆောင်ရွက်နိုင်ခဲ့ပြီး အရည်အသွေးမှန်ကန်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်စုစုပေါင်း ၆၆ ဆိုင်အား ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များကို ကာလသတ်မှတ် ကန့်သတ်ပိတ်သိမ်း၍ အရေးယူဆောင်ရွက်ခဲ့သည်။

စက်သုံးဆီ ဝယ်ယူသုံးစွဲသည့် ပြည်သူလူထုအနေဖြင့် စက်သုံးဆီအခြင်အတွယ်ပြည့်မီမှန်ကန်မှု မရှိဟုသံသယရှိပါက စက်သုံးဆီအရောင်းဆိုင်တိုင်းတွင် ထားရှိရသည့် ၂၀ လီတာစံခွက် (သို့မဟုတ်)လေးဂါလန်စံခွက်ဖြင့် အချိန်မရွေးစစ်ဆေးနိုင်ကြောင်း ကြေညာဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်ထိ စက်သုံးဆီအခြင်အတွယ် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတိုင်ကြားသဖြင့် အရေးယူဆောင်ရွက်ခဲ့ရသည့်ဖြစ်စဉ်မရှိသေးကြောင်းနှင့် စက်သုံးဆီဝယ်ယူသုံးစွဲသူပြည်သူလူထုမှ စံခွက်ဖြင့် တိုက်ဆိုင်စစ်ဆေးပြီး အခြင်အတွယ်မှန်ကန်မှု မရှိကြောင်း တိုင်ကြားလာပါက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ပုဂ္ဂလိကစက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှစက်သုံးဆီအရောင်းဆိုင်များကို နိုင်ငံအနှံ့ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပုဂ္ဂလိကအရောင်းဆိုင်အများစုသည် ၂၄ နာရီအချိန်ပြည့်ဖွင့်လှစ်ရောင်းချခြင်း၊ ဝန်ဆောင်မှုကောင်းမွန်လာခြင်း၊ ရောင်းချသည့် ဈေးနှုန်းများအား LED Board များဖြင့် ကြေညာထားခြင်း၊ ခေတ်မီဒီဇိုင်းပုံစံများနှင့် သပ်ရပ်သန့်ရှင်းလှပပြီး မီးဘေးအန္တရာယ်လုံခြုံမှုအတွက် စနစ်တကျစီမံဆောင်ရွက်ထားခြင်းစသည်တို့ကို ဆောင်ရွက်လာကြပြီး ပြည်သူလူထုအနေဖြင့်လည်း မိမိတို့နှစ်သက်ရာ စက်သုံးဆီအရောင်းဆိုင်ကို ရွေးချယ်၍ လွတ်လပ်စွာဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပျက်စီး

**ဇလွန် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ဇွန် ၁၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပြိုကျခြင်းနှင့်အမိုး၊ အကာပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဇလွန်မြို့နယ် လမ်းမတော်မြောက် ညောင်ပင်ဈေးသာစုချောင်း၊ ကူးတို့ဆိပ်၊ တောင်ပို့တစ်ရာ၊ အထွင့်၊ ကျေးရွာအုပ်စုခြောက်အုပ်စု၏ ကျေးရွာပေါင်း ၁၀ ရွာမှ လူနေအိမ် ၂၄ လုံးတွင် ၂၁ လုံးအမိုးလန်ခြင်း၊ သုံးလုံးမှာပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးနေအိမ်များ၏အိမ်ထောင်စုမိသားစုဝင် အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၅၉ ဦး စုစုပေါင်းလူဦးရေ ၁၁၃ ဦး လေဘေးသင့်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးသည်းထန်မှုကြောင့် တောင်နံ့ရံ့ရှိမြေသားများကွာကျမှု ဖြစ်

**ကျိုက်ထို ဇွန် ၁၁**

ကျိုက်ထိုမြို့နယ်၌ ယနေ့နံနက် ၇ နာရီခွဲခန့်က လေပြင်းတိုက်ခတ်၍မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုးရင်ပြင်တော်လမ်းဆုံ တောင်တက်ကားဝင်းအသစ်အရှေ့ဘက်နေ ဦးစိုးမိုး(၄၂ နှစ်)၏အဒေးစုံနှင့်ကွမ်းယာ ဆိုင်အနောက်ဘက်နှစ်ပေခန့်အကွာအဝေးရှိ အလျားပေ ၂၀၊ အနံ ငါးပေ၊ ထု ၁၀ ပေရှိတောင်နံ့ရံမြေသားများ ကွာကျခဲ့သည်။

အဆိုပါ မြေသားကွာကျမှုကြောင့်လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ဦးစိုးဦး၏နေအိမ်မှာ ဆက်လက်နေထိုင်ပါက အန္တရာယ်ရှိနိုင်သည့်အတွက် ၎င်းမိသားစုခြောက်ဦးသည် ဆိုင်၏အရှေ့ဘက် တောင်တက်ကားလမ်းတစ်ဖက်ရှိ လူနေထိုင်ခြင်းမရှိသည့် ဦးဘဂျမ်း၏အထည်ဆိုင်သို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## ဘော်ကြိုဒေသမှ ရင်သွေးငယ်များ မိုးလုံလေလုံပညာသင်နိုင်ရန် ကျောင်းဆောင်သစ်ဖွင့်

**သီပေါ ဇွန် ၁၁**- ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုဒေသအခြေခံပညာအထက်တန်းကျောင်းခွဲ၏ ကျောင်းဆောင်သစ် အဆောက်အအုံဖွင့်ပွဲကို ဇွန် ၁၀ ရက်က ကျင်းပရာ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်း၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့ ဦးစိန်ဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်ရွှေတို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုအေးက ကျောင်း၏ဖြစ်စဉ်သမိုင်းကြောင်း နှင့် ကျေးဇူးတင်စကားပြောကြားကာ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနက ငွေလုံး၊ ငွေရင်းခွင့်ပြုငွေကျပ်ဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး ဒေသခံများ၏ ရင်သွေးငယ်များ မိုးလုံ လေလုံစွာ ပညာသင်ကြားနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

*စာမျက်နှာ ၁၈ မှ*

မြန်မာ့ကျောက်ကြမ်းခေတ်သုံး လက်နက်ကိရိယာများကိုမကွေး၊ ချင်းအောင်မကုန်း၊ ချောက်၊ စလေ၊ ညောင်ဦး၊ မင်းဘူး၊ ရေနံချောင်း၊ ပုဂံ၊ ပခုက္ကူ၊ မင်းကွန်းစသည့် နေရာများတွင် တွေ့ရှိခဲ့ရသကဲ့သို့ ရှမ်းကုန်းပြင်မြင့်ရှိ ကျောက်ဂူများ အတွင်းမှလည်း တွေ့ရှိခဲ့ပေသည်။

**ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှု**

အညာသားယဉ်ကျေးမှုသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် ကျောက်ခေတ်ကာလအတွင်းနေထိုင်ခဲ့သည့် လူသားများ အသုံးပြုခဲ့သည့် ကျောက်လက်နက်အထောက်အထားများနှင့် ယင်းတို့နေထိုင်ခဲ့သည့် ဒေသဝန်းကျင်တို့ကိုဆက်စပ်၍ ပညာရှင်များဖော်ထုတ်တင်ပြခဲ့သည့် သမိုင်းမတင်မီကာလ မြန်မာ့ကျောက်ခေတ်လူသားများ၏ယဉ်ကျေးမှုဓလေ့ဖြစ်သည်။ အညာသားယဉ်ကျေးမှု လေ့လာမှုတွင် မြန်မာနိုင်ငံ ရှေးဦးလူသားသုတေသနစာအုပ်၌ရေးသားခဲ့သည့် ဒေါက်တာဒီတာရား၏ မြန်မာနိုင်ငံ၏ ပလိုင်စတိုဆင်းခေတ်စာတမ်းနှင့် ဒေါက်တာမိုးဗီးယပ်စ်၏ မြန်မာ့ကျောက်ခေတ်စာတမ်းသည် အလွန်အရေးပါခဲ့သည်။

ပလိုင်တိုဆင်းခေတ်သည် မတ်ရပ်လူသား(Homo Erectus) များ ပေါ်ထွန်းခဲ့သည့် ကာလဖြစ်ကာ ယင်းရှေးဦးလူသားများသည် ရေခဲခေတ်၊ မိုးစွေခေတ်စသည့် ရာသီဥတုပြောင်းလဲမှုခေတ်များကို ဖြတ်သန်းခဲ့ကြရသည်။ ယင်းတို့သည် ဧရာဝတီ မြစ်ဝှမ်းအလယ်ပိုင်းတွင် လှည့်လည်ခဲ့ကြရာ ဘူမိဗေဒအချိန်ဇယားအရ အစောပိုင်းအညာသား ယဉ်ကျေးမှုသည် နှစ်လေးသိန်းမှ နှစ်သိန်းကြားဟု လည်းကောင်း၊ နှောင်းပိုင်းအညာသားယဉ်ကျေးမှုသည် နှစ် ၁၅၀၀၀၀ မှ နှစ် ၂၀၀၀၀ ကြားဟုလည်းကောင်း ခန့်မှန်းခဲ့ကြသည်။ သို့သော် ယခုခေတ်သိပ္ပံနည်းကျတွက်ချက်မှုများအရ အညာသား ယဉ်ကျေးမှုထွန်းကားခဲ့ချိန်သည် နှစ် ၄၀၀၀၀၀ ထက်များစွာစောကြောင်း အညာသားကျောက်ခေတ်ယဉ်ကျေးမှုနောက်တွေ့အထောက်အထားများ စာတမ်းတွင် ဖော်ပြခဲ့သည်။

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံကို ဗဟိုပြု၍ပျံ့နှံ့ခဲ့သည့် အညာသားယဉ်ကျေးမှုအထောက်အထားများကို ကျောက်ခေတ် လက်နက် ပုံစံကွဲပြားမှုအပေါ် မူတည်လျက် အစောပိုင်းဓလေ့နှင့် နှောင်းပိုင်းဓလေ့ဟု နှစ်ပိုင်းခွဲခြားခဲ့သည်။ အစောပိုင်း အညာသားယဉ်ကျေးမှုသည် သုံးပိုင်းရှိ၍ နှောင်းပိုင်းယဉ်ကျေးမှုသည် နှစ်ပိုင်းရှိသည်။ ယင်းအပိုင်းများကို ကျောက်လက်နက်များတွေ့ရှိခဲ့သည့် မြေလွှာပေါ်တွင် အခြေတည်၍ ပိုင်းခြားသတ်မှတ်ခဲ့သည်။

ကျောက်ခေတ်ယဉ်ကျေးမှုများတွေ့ရှိခဲ့ရသော ဧရာဝတီမြစ်ကမ်းဆင့်များသည် မြေလတ်ပိုင်း၊ အညာဒေသများတွင် တည်ရှိသောကြောင့် မြန်မာအခေါ် အညာဒေသကို ရည်ညွှန်းကာ အညာသားယဉ်ကျေးမှု (Anyathian Culture) ဟု အမည်ပေးရန် ရေနံချောင်းမြို့မှ အစိုးရဘူမိဗေဒအရာရှိ Mr.E.J. Bradshaw က Dr. H.L. Mouvius ကို အကြံပြုခဲ့သည့်အတိုင်း Dr. H.L. Mouvius က အညာသားယဉ်ကျေးမှု (Anyathian Culture) ဟု အမည်ပေးခဲ့သည်။

Dr. H.de Tarra နှင့် Dr. H.L. Mouvius တို့ဦးဆောင်သောအဖွဲ့သည် အစောပိုင်းအညာသား ယဉ်ကျေးမှုဓလေ့ အထောက်အထားအဖြစ် ချောက်မြို့အနီး ချင်တောင်မကုန်း၊ စလေမြို့အနီး အရှေ့ဘက်တောင်ကုန်းနေရာတို့မှ အစောပိုင်းကျောက်ခေတ်လက်နက် ၂၃ ခုကို တွေ့ရှိခဲ့သည်။ ထို့အတူ ညောင်ဦးမြို့ အရှေ့ဘက်မြစ်ကမ်းဆင့် အမှတ် (၃) နေရာမှ ကျောက်လက်နက် ၁၀၀ နှင့် မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်၊ ပုဂံနှင့် ပခုက္ကူဒေသရှိ မြစ်ကမ်းဆင့် (၂) နှင့် မြစ်ကမ်းဆင့်(၃) ရှိကျောက်စရစ်လွှာများမှ ကျောက်လက်နက် ၄၀၀ ကို ရရှိခဲ့သည်။ ယင်းအချိန်သည် အစောပိုင်း အညာသား ယဉ်ကျေးမှု အဖွံ့ဖြိုးဆုံးကာလ ဖြစ်ခဲ့သည်။

နှောင်းပိုင်း အညာသားဓလေ့ အထောက်အထားများကို မကွေး၊ ရေနံချောင်းနှင့် ချောက်မြို့နယ်တို့မှ ရရှိခဲ့ရာ အစောပိုင်း အညာသားယဉ်ကျေးမှု အဆင့် (၃) လက်နက်ကိရိယာများနှင့် တူညီ၍ ပုံသဏ္ဌာန် ပိုမိုကောင်းမွန်ပီပြင်သည်။ မြန်မာ့ကျောက်ခေတ်ဟောင်းယဉ်ကျေးမှုတွင် အဓိကတွေ့ရှိရသည့် ကျောက်လက်နက်များသည် ခုတ်ထစ်ကိရိယာနှင့် ခုတ်စဉ်းကိရိယာများဖြစ်ကြသည်။

လွန်ခဲ့သော နှစ်တစ်သန်းဝန်းကျင်က ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းသည် ပုပ္ပားတောင်နေရာဖြစ်မည်ဟု သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ခန့်မှန်းခဲ့သည်။ဘူမိဖြစ်စဉ်ပြောင်းလဲလာမှုများကြောင့် ယခုအခါတွင် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းသည် ညောင်ဦးမြို့အထိ ရောက်ရှိနေပြီဖြစ်သည်။ ထိုကာလများက ကျောက်ခေတ်လူသားတို့နေထိုင်ခဲ့ရာ နေရာများသည် ကမ်းပါးအတွင်းပိုင်းသို့ရောက်ရှိနေခဲ့ပြီ ဖြစ်သောကြောင့် ကျောက်ခေတ်လူသားတို့ပြုလုပ်သုံးစွဲခဲ့သော ကျောက်လက်နက်တို့သည် မြစ်ကမ်းဆင့်များတွင် ကျန်ရှိနေခဲ့ကြပေသည်။

မြန်မာနိုင်ငံမှ ကျောက်ခေတ်လက်နက် အသုံးအဆောင်များသည် အဓိကအားဖြင့် ခုတ်ထစ်ကိရိယာ (Choppers)၊ ခုတ်စဉ်းကိရိယာ(Chopping Tools)၊ ကျောက်ပဲခွပ် (Hand Adzes)နှင့် ကျောက်ခြစ်(Scrapers)တို့ဖြစ်ကြပြီး ယင်းတို့ကို ဆီလီကာကြွယ်ဝသော မီးတောင်ကျောက်များ၊ အင်ကြင်းကျောက်များဖြင့် ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ထိုအချိန်ကာလတွင် နေထိုင်ခဲ့ကြသည့် လူသားများ၏ ရုပ်ကြွင်းများကိုမူ မတွေ့ရှိခဲ့ကြပါချေ။

**မြန်မာနှင့် ခေတ်ပြိုင်ရှေးဦးလူသားများ**

မြန်မာ့ရှေးဦးလူသားများသည် အခြားနိုင်ငံများမှ ရှေးဦးလူသားများနှင့် ခေတ်ပြိုင်နေထိုင်ခဲ့ကြကြောင်း အထောက်အထားများကို တွေ့ရှိခဲ့သည်။

မြန်မာ့ရှေးဦးလူသားများ နေထိုင်ခဲ့ပုံသည် ဂျာဗား၊ တရုတ်၊ အိန္ဒိယမြောက်ပိုင်းစသည့် အာရှတိုက်အရှေ့ပိုင်းတွင် ရှေးဦးလူသားများ နေထိုင်ခဲ့ပုံနှင့် ဆင်တူကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။ အထူးသဖြင့် မြန်မာ့ကျောက်ကြမ်းခေတ်ယဉ်ကျေးမှုသည်ခေတ်ပြိုင် တရုတ်ပြည်ကျောက်ကြမ်းခေတ်ယဉ်ကျေးမှုနှင့် အဆင့်ချင်းတူညီခဲ့ကြောင်း အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ရေးသားထားပေသည်။

မြန်မာ့ကျောက်ကြမ်းခေတ် အညာသားယဉ်ကျေးမှု ဖြစ်စဉ်များနှင့် တူညီသည့် ယဉ်ကျေးမှု အထောက်အထားများကို ထိုင်းနိုင်ငံ Fing Noi နှင့် လာအိုနိုင်ငံ Phuloi တို့တွင်လည်း တွေ့ရှိခဲ့သည်။ ယင်းဒေသများတွင် ကျောက်လက်နက်များအပြင် လူအရိုးများကိုပါ တွေ့ရှိခဲ့သည်။ ထို့အတူ ရှေးဦးလူသားများ၏ ကျောက်လက်နက်သုံးယဉ်ကျေးမှု အထောက်အထားများကို မြန်မာနိုင်ငံအပြင် ဂျာဗားကျွန်း၊ မလေးရှား၊တောင်အာဖရိကနှင့် အရှေ့အာဖရိကနိုင်ငံတို့မှလည်း တူးဖော်ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် ကျောက်ခုတ်စဉ်းကိရိယာသည် အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်မှ တွေ့ရှိခဲ့သည့် ကျောက်ကိရိယာများ၊ တရုတ်နိုင်ငံ ပီကင်းမြို့အနီးရှိ Choukoutien ကျောက်ဂူမှ ရရှိခဲ့သည့် ခုတ်စဉ်းကျောက်လက်နက်များနှင့် နီးစပ်စွာ တူညီနေသည်။ မြန်မာ့ကျောက်ကြမ်းခေတ် ကျောက်လက်နက်များသည် အဓိကအားဖြင့် ခုတ်ဖြတ်ကိရိယာ၊ ခုတ်စဉ်းကိရိယာ၊ ပဲခွပ်နှင့် ကျောက်ခြစ်များဖြစ်ကြသည်။

မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှုသည် လွန်ခဲ့သည့်နှစ်ငါးသိန်းခြောက်သိန်းမှ နှစ်တစ်သောင်းအကြားတွင် ထွန်းကားခဲ့သည်။ ထိုစဉ်က ကျောက်ခေတ်လူသားများသုံးစွဲခဲ့သည့် ကျောက်လက်နက်ကိရိယာများကို မီးတောင်ချော်များမှ ဖြစ်လာသည့် ကျောက်များဖြင့် ပြုလုပ်ထားကာ ယင်းတို့သည် သံခာတ်ကြွယ်ဝသည့် မြေတွင်နှစ်ပေါင်းကြာမြင့်စွာ တည်ရှိနေခဲ့သဖြင့် အနီရင့်ရောင်အညိုများ တက်နေလေ့ရှိသည်။ ထို့အတူ အင်ကြင်းကျောက်များဖြင့်ပြုလုပ်ခဲ့သည့် ကိရိယာတန်ဆာပလာများသည်လည်း အဝါဖျော့ရောင်၊ မီးခိုးဖျော့ရောင်အညိုများ ကပ်နေကြသည်။

ကျောက်ခေတ်သမိုင်းကို ခြေရာကောက်ရာတွင် ကျောက်လက်နက်များနှင့်အတူ ရှိနေနိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အရိုးများ၊ မီးသွေးပြာများ၊ မီးလောင်ကျွမ်းထားသည့် သစ်စေ့များ၊ အိုးအင်ခွက်ယောက်များ၊ လူနေအိမ်တိုင်ရာများကို ဂရုပြုမှတ်သားသင့်ကြောင်း ဆရာကြီး ဦးစိန်မောင်ဦးက ရေးသားခဲ့သည်။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် သုတေသီများ၏ စူးစမ်းဖော်ထုတ်မှုများကြောင့် မြန်မာ့ကျောက်ခေတ်သမိုင်းကို ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။ပညာရှင်များနှင့် သုတေသီများသည် ကျောက်ခေတ် အထောက်အထားများကို ဆက်လက်ရှာဖွေ သုတေသနပြုနေကြဆဲဖြစ်သောကြောင့် ပိုမိုပီပြင်သည့် မြန်မာ့ကျောက်ခေတ်ရုပ်ပုံလွှာများကို ဖော်ထုတ်လာနိုင်မည်သာ ဖြစ်ပေသည်။

ရှည်လျားသော မြန်မာ့သမိုင်းစဉ်ကို ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များဖြင့် ဖြတ်သန်းတည်ဆောက်ခဲ့သဖြင့် သမိုင်းမတင်မီကာလအတွင်း အညာသားယဉ်ကျေးမှုထွန်းကားခဲ့ချိန်သည် မြန်မာ့သမိုင်းတွင် အစောဆုံး ယဉ်ကျေးမှုထွန်းကားခဲ့သည့် ကာလဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏သမိုင်းမတင်မီကာလ တစ်စိတ်တစ်ပိုင်းကို မြန်မာ့ကျောက်ခေတ် လူသားများ၏ ကြွင်းကျန်ခဲ့သည့် ကျောက်လက်နက် အထောက်အထားများဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်ပေသည်။ သို့သော် ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ် ကျန်ရှိနေနိုင်သည့် ရှေးဦးကျောက်ခေတ်လူသား၊ သို့မဟုတ် ယင်းတို့၏ ဦးခေါင်းခွံ၊ သွား၊ ပေါင်ရိုး အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်း ရုပ်ကြွင်းများကို ရှာဖွေဖော်ထုတ်နိုင်ပါက ကျောက်ခေတ်မြန်မာနိုင်ငံသားများ၏ သမိုင်းမတင်မီ ပုံရိပ်များကို ယခုထက်ပို၍ ပီပြင်စွာ ဖော်ထုတ်နိုင်မည်ဖြစ်ပေသည်။ ။

**ကိုးကား**

**-အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း(ပထမတွဲ)**

**-မြန်မာ့သမိုင်းပုံ(ဒေါက်တာသန်းထွန်း)**

**-အညာသားကျောက်ခေတ် ယဉ်ကျေးမှု နောက်တွေ့အထောက်အထားများ(ဦးဝင်းကြိုင်)**

မြန် မာ့ ရိုး ရာ အား က စား

# အငြင်းပွားမှုများနှင့် အမြဲကြုံနေရသော ရိုးရာလက်ဝှေ့ အမှတ်ပေးပြိုင်ပွဲများ ရှေ့ဆက် ဘယ်လိုလျှောက်လှမ်းကြမလဲ

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်

**မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း၌ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်ပွဲများ ကျင်းပသကဲ့သို့ အမှတ်ပေးပြိုင်ပွဲများလည်း စဉ်ဆက်မပြတ် ကျင်းပလျက်ရှိသည်။ ကြိုးဝိုင်းဒိုင်များ၊ အမှတ်ပေးဒိုင်များ၊ ခုံဒိုင်ချုပ်များ၊ နည်းစနစ်ပိုင်းဆိုင်ရာ အတွေ့အကြုံရင့်ခုံဒိုင်သမာဓိအဖွဲ့များဖြင့် အဆင့်ဆင့်ကြီးကြပ်သော်လည်း ကျွမ်းကျင်မှုနည်းခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဘက်လိုက်ခြင်း၊ အဂတိလိုက်စားခြင်း စသော ဝေဖန်သံများက ယနေ့ရိုးရာ လက်ဝှေ့လောကတွင် အဓိက စိန်ခေါ်မှုပြဿနာတစ်ရပ် ဖြစ်နေသည်။**



အမျိုးသမီးပြိုင်ပွဲတွင် လင်းယုန်မေ(မန္တလေး)က လည်ပင်း၌ အကိုက်ခံရမှုအပေါ် ဆေးစစ်မှုခံယူနေစဉ်။

လတ်တလော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပနေသော (၁၆) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၌ပင် အငြင်းပွားမှုများ၊ ဘက်လိုက်မှုများ၊ မမျှတမှုများနှင့်အတူ ဒိုင်များ၏ အားနည်းချက်များကို ဝေဖန်ထောက်ပြနေမှုများက တစ်နေ့တခြား များပြားနေသည်။ အလားတူ ပြီးခဲ့သော ဇွန် ၂ ရက်က နေပြည်တော်၌ကျင်းပသော ငါးကြိမ်မြောက် WLC ပြိုင်ပွဲတွင်လည်း ရိုးရာလက်ဝှေ့လောက ပရိသတ်များရဲ့ ဝေဖန်သံများက အရှိန်အဟုန်မြင့်ခဲ့သည်။ အလားတူ နိုင်ငံတစ်ဝန်း၌ ကျင်းပသော အမှတ်ပေးပြိုင်ပွဲတိုင်းလိုလိုပင် အငြင်းပွားမှုများရှိနေကြသည်ကို ယနေ့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် အဖြေရှာသင့်ပြီ၊ နည်းလမ်းရှာသင့်ပြီဖြစ်ကြောင်း ရိုးရာလက်ဝှေ့ချစ်ပြည်သူများက ဝေဖန်ပြောဆိုနေကြပြီဖြစ်သည်။

### ပွင့်လင်းမြင်သာမှု

ယင်းစိန်ခေါ်မှု ပြဿနာများကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် ဘယ်လိုဖြေရှင်းမလဲ၊ ဘယ်လို ဆက်လက်ကိုင်တွယ်မလဲ စသည့်ဖြင့် မေးခွန်းများက ရိုးရာလက်ဝှေ့လောကတစ်ခွင် ပျံ့နှံ့လျက်ရှိသည်။ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများ ကျင်းပရာတွင် အလဲထိုးပွဲများ၌ အငြင်းပွားမှုနည်းသော်လည်း အမှတ်ပေးပြိုင်ပွဲများ ကျင်းပရာတွင် အငြင်းပွားမှုများနှင့်သာ အဆုံးသတ်နေကြရသည်။ အမှန်က အမှား၊ အမှားကအမှန် ဖြစ်နေကြကာ ဖြည်းဖြည်းချင်း သတ်မှတ်ထားသော နည်းဥပဒေ၊ စည်းကမ်းများကိုပင် လွှမ်းမိုးမှုဖြစ်နေသည်က သာဓကပြစရာဖြစ်နေသည်။ အကြောင်းရင်းကို အဖြေရှာလိုက်လျှင် နိုင်ငံတကာ အမှတ်ပေးပြိုင်ပွဲများနည်းတူ ကျင့်သုံးသော ထင်သာမြင်သာဖြစ်သည့် ပွင့်လင်းမြင်သာမှုရှိသော Score Board မပါရှိခြင်းက အကြောင်းရင်းတစ်ရပ် ဖြစ်နေသည်။

### နည်းစနစ်ပိုင်းဆိုင်ရာ

လတ်တလောကျင်းပနေသော (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုအခက်အခဲများနှင့်ပတ်သက်၍ ဦးတင်ဦး(မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး)က "ကြိုးဝိုင်းဒိုင်ရော၊ အမှတ်ပေးဒိုင်ရော မိန်းကလေးပွဲတွေမှာ စည်းမျဉ်းဥပဒေ ပိုပြီးနားလည်ဖို့လိုတယ်၊ အမှတ်ပေးဒိုင်အချို့ကတော့ ပြောစရာသိပ်မရှိပါဘူး၊ အမှားအယွင်းလည်း သိပ်မတွေ့ဘူး၊ ဒီနှစ် ပြိုင်ပွဲပေါင်း ၁၆၈ ပွဲရှိတဲ့ထဲက အမှတ်ပေးဒိုင်တွေအနေနဲ့ ၂-၁ ထွက်တာတွေတော့ ရှိတယ်၊ တချို့ကလည်း မှန်ပါတယ်၊ တချို့အမှားတွေရှိတော့ ပြောစရာတွေ၊ ဝေဖန်စရာတွေ ဖြစ်လာတာပေါ့၊ ဒီလိုပြိုင်ပွဲတွေမှာ ကွန်ပျူတာနဲ့ Score Board ထည့်ပေးထားရင်တော့ အကောင်းဆုံးပါပဲ၊ အခုလို အငြင်းစကားတွေ မပြောရတော့ဘူးပေ့ါ၊ ဒီနှစ် ပွဲတွေပိုများလာလို အရင်နှစ်တွေကထက် ပိုကောင်းလာတယ်၊ အရင်နှစ်တွေကဆို ပွဲပေါင်း ၁၂၀ လောက်ပဲ ရှိခဲ့တာ၊ ဒီနှစ်က ၁၆၈ ပွဲတောင်ရှိလာတယ်ဆိုတော့ ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားသူ ပိုများလာသလို၊ ထိုးချင်တဲ့ကစားသမား မျိုးဆက်သစ်တွေလည်း ပိုများလာတယ်၊ ဒီပြိုင်ပွဲကနေ မျိုးဆက်သစ်ကုန်ကြမ်းတွေ အများကြီးထွက်လာမယ်၊ ဒါပေမယ့် ဒီနှစ် အမျိုးသမီးပွဲတွေမှာ နည်းစနစ်ပိုင်းဆိုင်ရာ အတော်လေးအားနည်းနေတာ တွေ့ရတယ်၊ သူတို့ကို နည်းစနစ်တကျနဲ့ သေချာသင်ပေးမယ်ဆိုရင်တော့ ကောင်းလာမယ်လို့ ထင်တယ်၊ ကျွန်တော်မြင်တာကတော့ လေးငါးယောက်လောက်ပဲ နည်းစနစ်ပိုင်းဆိုင်ရာနဲ့ ကစားနေတာ တွေ့နေရတယ်"ဟု ပြောသည်။


ပြိုင်ပွဲအငြင်းပွားမှုအပြီးတွင် လင်းယုန်မေ(မန္တလေး)က ရွှေကိုလေး(ပဲခူး)အား အနိုင်ရရှိသွားစဉ်။

ယခုနှစ်တွင် ကျင်းပသော (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ၁၉၆၈ ခုနှစ်ကတည်းက ကရင်ပြည်နယ်လက်ဝှေ့အဖွဲ့ အတွင်းရေးမှူးလုပ်ခဲ့သော ကရင်ပြည်နယ် ရိုးရာလက်ဝှေ့အဖွဲ့မှ နည်းပြချုပ် ဦးသိန်းတူအား ဗဟိုခုံဒိုင်ချုပ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းထားပြီး ယင်းအဖွဲ့ကို လက်ဝှေ့သမားဟောင်း ဦးအောင်ဒင်၊ ပြည်တွင်း၊ ပြည်ပ ပွဲစီစဉ်သူ ဦးစိုးသန်းဝင်းနှင့် ဦးသိန်းတူတို့ဖြင့် ဖွဲ့စည်းထားသည်။ ပြိုင်ပွဲများတွင် အမှတ်ပေး အကူဒိုင်သုံးဦး၊ လက်ဝှေ့သမ္မာရင့် ဦးဒေါင်းနီ ဦးစီးသော ခုံဒိုင်ချုပ်အထက်တွင် ယင်းဗဟိုခုံဒိုင်ချုပ်သုံးဦး ရှိနေပြီး ပွဲရလဒ် အထူးထုတ်ပြန်ကြေညာရာတွင် အဆိုပါသုံးဦး သဘောတူညီမှုရမှသာ အရှုံး၊ အနိုင် ထုတ်ပြန်ကြေညာခွင့် ပေးထားကြောင်း သိရသည်။

### ကြေညာထုတ်ပြန်

"ဒီနှစ် တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲမှာ ခါတိုင်းနှစ် ကြိုးဝိုင်းဒိုင်ချတာတွေလို ရင်းနှီးခင်မင်မှုနဲ့ချတာ မရှိဘူး၊ ဒီနှစ်တော့ ရန်ကုန်ဝါရင့်ကစားသမားလည်းဖြစ်ခဲ့တဲ့ ဦးအောင်ဒင်ကိုယ်တိုင်က ဘယ်သူ့မျက်နှာမှမကြည့်ဘဲနဲ့ သေချာစိစစ်ပြီးတော့ ကြိုးဝိုင်းဒိုင်၊ အမှတ်ပေးဒိုင်တွေကို စနစ်တကျချတော့ လုပ်စားတာတွေ ပျောက်ကုန်တယ်၊ ရန်ကုန်အောင်ဒင်၊ ပွဲစီစဉ်သူ စိုးသန်းဝင်း၊ ကျွန်တော်ဦးသိန်းတူတို့အဖွဲ့က ကိုယ့်အစီအစဉ်နဲ့ကိုယ် အမှတ်ပေးတယ်၊ သုံးယောက်လုံး ကြီးကြပ်စိစစ်သူများ ခုံဒိုင်ချုပ်အနေနဲ့ အဓိက ဆုံးဖြတ်တာဖြစ်တယ်၊ အမှတ်ပေးဒိုင်သုံးယောက်ရဲ့ အမှတ်နဲ့ အဓိကဆုံးဖြတ်တာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ကြီးကြပ်သူ ခုံဒိုင်ချုပ်သုံးယောက်ရဲ့အမှတ်ပေးထားတဲ့အဖြေကိုယူပြီး အဓိက ကြေညာထုတ်ပြန်တာပါ၊ ခုပြိုင်ပွဲတွေမှာ ပြစ်မှုကျူးလွန်တဲ့ကစားသမားကို ကြိုးဝိုင်းဒိုင်က နောက်ဆုံး သတိပေး၊ သတိပေးရက်နဲ့ ထပ်လုပ်ရင် သာနေပါစေ အရှုံးပေးရမယ်၊ တချို့ကြိုးဝိုင်းဒိုင်တွေ၊ အမှတ်ပေးဒိုင်တွေ WHG ကို နားမလည်ဘူး၊ တချို့က သတ်ကိုးသတ်ကို နားမလည်ဘူး၊ ဒိုင်တွေက မကျွမ်းကျင်လို့လား၊ ပုဂ္ဂိုလ်စွဲရှိလို့လား၊ အဂတိလိုက်စားမှုကြောင့်လား တစ်ခုခုကျူးလွန်လိုက်တာနဲ့ ကစားတဲ့ကလေး နစ်နာပြီ၊ ကျွန်တော်တို့ဆီမှာ နိုင်ငံတကာလို Score Board လုပ်နိုင်ရင်တော့ ပိုကောင်းတာပေ့ါ၊ မလုပ်နိုင်တော့ ရှုံးနိမ့်တဲ့သူက သံသယဖြစ်တယ်၊ သူ မကျေနပ်ဘူး၊ ဒါကြောင့် နိုင်ငံတကာလို အဆင့်မြင့် Score Board နဲ့ ဆိုရင်တော့ ပွင့်လင်းမြင်သာမှုပိုရှိလာပြီး ဒီလောက်စကားမပြောရတော့ဘူးပေ့ါ၊ ကျွန်တော်တို့အနေနဲ့ အဖွဲ့ချုပ်ကို တင်ပြမှာက ပြတ်သားရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်၊ အဲဒီလို လိုအပ်ချက်လေးတွေ ထောက်ပြ တင်ပြသွားမှာပါ၊ ခုအမှတ်ပေးနေကြတာတွေက လေ့လာမှုအားနည်းတဲ့ ခုံဒိုင်တွေ၊ ကြိုးဝိုင်းဒိုင်တွေ လုပ်နေကြတာများတယ်၊ ဒီပွဲမှာ ပြစ်မှုကျူးလွန်ပြီး နိုင်သွားပြီး တစ်ဖက်က ရှုံးနိမ့်သွားတာကို ပြစ်မှုကျူးလွန်တဲ့သူကို ဖိုင်းချပြီး အရှုံးပေးတာ တစ်ခုမှမရှိသေးဘူး၊ တကယ်တော့ အဲဒီလိုကျူးလွန်တဲ့သူကို အရှုံးပေးတာတွေ လုပ်ရမှာ"ဟု တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အထူးဗဟိုခုံဒိုင်ချုပ်အဖွဲ့တွင် ပါဝင်သော ကရင်ပြည်နယ်ရိုးရာလက်ဝှေ့အဖွဲ့မှ နည်းပြချုပ် ဦးသိန်းတူက ပြောသည်။

### အားနည်းချက်

ယခုနှစ်ပြိုင်ပွဲများတွင် ပြိုင်ပွဲရလဒ်များအပေါ် မှားယွင်းမှုများ၊ မကျေနပ်မှုများ၊ ဘက်လိုက်မှုများ၊ ပွင့်လင်းမြင်သာမှုမရှိကြောင်းကို ဝေဖန်ပြောဆိုနေသော မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့အဖွဲ့မှ ကိုဒဿကလည်း "ဒီနှစ်ပြိုင်ပွဲမှာ အားနည်းချက်တွေ အများကြီးတွေ့ရတယ်၊ ဒီနှစ်ပြိုင်ပွဲမှာ မှားယွင်းနေတာကတော့ အများကြီးပဲ၊ ဒိုင်မှားတယ်၊ ဘက်လိုက်တယ်ဆိုရင် ပွဲစဉ်တစ်လျှောက်လုံး ပယ်သင့်တယ်၊ အမျိုးသမီးပွဲဆိုရင် တစ်ဖက် ပြိုင်ဘက်ကစားသမားက ဆံပင်ဆွဲပြီး ဒူးနဲ့တိုက်တယ်၊ လည်ပင်း ကိုက်တယ်၊ ဆံပင်ဆွဲ ဒူးနဲ့တိုက်၊ ပါးစပ်နဲ့ကိုက်တာကို မမြင်ဘူးဆိုတော့ ခက်ရောပေ့ါ၊ ဒီကြားထဲ ဆရာဝန်က သွားနဲ့ကိုက်တာမဟုတ်ပါဘူးလို့ ပြောတယ်၊ ဘာနဲ့ကိုက်တာလဲမေးတော့ မဖြေနိုင်ဘူး၊ သွားကာစွပ်ထားတော့ သွားရာမထင်ဘူး၊ ဆရာဝန်ကလည်း အဲဒီလို ဆုံးဖြတ်တယ်၊ အဓိကတော့ ကျွမ်းကျင်တဲ့ဒိုင်တွေ နည်းနေသေးတဲ့အတွက် အခုလိုအားနည်းချက်တွေ ဖြစ်နေတာပါ၊ တကယ်တော့ အခုလိုပြိုင်ပွဲကြီးတွေဆိုတာ ပွင့်လင်းမြင်သာမှုရှိအောင် Score Board နဲ့ သေချာလုပ်ပေးမှ ရိုးရာလက်ဝှေ့အနေနဲ့ နိုင်ငံတကာ ယှဉ်ပြိုင်တဲ့အခါ အဆင်ပြေမှာပါ၊ မန္တလေးတိုင်းဒေသကြီးအနေနဲ့ ဒီနှစ်မှာ ကစားသမား အင်အားပြည့်၊ ငွေအင်အားပြည့်နဲ့ လာပြိုင်တာဖြစ်တယ်၊ ညစ်တာတွေ၊ အဖွဲ့ချုပ်က တာဝန်မယူတာတွေရှိတော့ အတော်လေးဝမ်းနည်းတယ်၊ ဒီနှစ် မှတ်ပုံတင်စစ်တယ်၊ အခန်းထဲမှာ အားလုံးခေါ်ပြီး ပွင့်လင်းမြင်သာအောင် မစစ်ဘူး၊ ဆိုင်ရာ သူ့လူတွေပဲခေါ်တယ်၊ အားလုံးရှေ့မှာ ပွင့်လင်းမြင်သာမှုရှိရှိ မစစ်ဘူး"ဟု ပြိုင်ပွဲနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုခဲ့သည်။

### စောင့်မျှော်ကြည့်ရှု

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသော (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကြီးကို ဇွန် ၄ ရက်မှ ၁၃ ရက်အထိ နေ့စဉ် ကွာတားဖိုင်နယ်၊ ဆီးမီးနှင့် ဖိုင်နယ်ပွဲစဉ်များကို ကျင်းပလျက်ရှိရာ အရှုံး၊ အနိုင် ဆုံးဖြတ်ရာတွင် အငြင်းပွားမှုများ၊ ကန့်ကွက်မှုများ၊ ကစားသမား စည်းကမ်းမလိုက်နာမှုများ၊ ဒိုင်အားနည်းချက်များ စသည်ဖြင့်ရှိနေသော်လည်း ကစားသမားများအပေါ် အပြစ်ပေးထုတ်ပယ် ကန့်ကွက်ခြင်းမရှိဘဲ အနိုင်ပေးမှုများကြောင့် ရိုးရာလက်ဝှေ့ချစ်ပြည်သူများကြား ဝေဖန်မှုများ မြင့်တက်လျက်ရှိသည်။ သို့ဖြစ်၍ အငြင်းပွားမှုများနှင့် အမြဲကြုံနေရသော မြန်မာ့ရိုးရာလက်ဝှေ့ အမှတ်ပေးပြိုင်ပွဲများ ရှေ့ဆက် ဘယ်လိုလျှောက်လှမ်းကြမည်ကို စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း။ ။

## မင်းဘူးတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံ သစ်ပင်ပြိုလဲခြင်းနှင့် နေအိမ်ပျက်စီးမှုများဖြစ်

**မင်းဘူး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ဇွန် ၉ ရက်မှစ၍ ၁၁ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ သစ်ပင်ပြိုလဲခြင်းများ၊ နေအိမ်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေပေါ်ကျေးရွာအုပ်စု ရေပေါ်ကြီးကျေးရွာတွင် သစ်ပင်ပိ၍ နေအိမ်တစ်လုံး ပြိုလဲပျက်စီးခြင်း၊ ဆင်ခေါင်းကျေးရွာအုပ်စု ဆင်ခေါင်းကျေးရွာတွင် သစ်ပင်ပိ၍ နေအိမ်တစ်လုံး ပြိုလဲပျက်စီးခြင်း၊ လေးပင်ချောင်း ရေများနေခြင်း၊ မင်းဘူးမြို့ စက္ကိန်းတဲဘုရား မုခ်ဦးဝင်ပေါက်ရှေ့ မန်ကျည်းပင်လဲပြို၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခြင်း၊ မင်းဘူးမြို့ အမှတ် ၂ ရပ်ကွက် ကမ်းနား ၅ လမ်းတွင် ကုက္ကိုပင်ပြိုလဲခြင်း၊ သီးကုန်းကျေးရွာရှိ အနိမ့်ပိုင်းအိမ်များ ရေနစ်မြုပ်မှုနှင့်အတူ ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် အဖွဲ့ဝင်များက ခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး သစ်ပင်လဲပြိုသည့် နေရာများတွင် သစ်ကိုင်းများကို ရှင်းလင်းပေးခြင်း၊ ပြိုလဲပျက်စီးသည့် နေအိမ်များကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပြန်လည်ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ မြို့နယ်အတွင်းရှိ လေးပင်ချောင်းတွင် ရေများနေခြင်းကြောင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် မင်းဘူးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများက ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ စကုနယ်မြေရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

## မန်းချောင်းရေမြင့်တက်မှုကြောင့် ရွှေစက်တော်ဘုရား အောက်စက်တော်ရာ ရင်ပြင်အထက် ငါးပေခန့် ရေကျော်လွှမ်း

**ငဖဲ ဇွန် ၁၁**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ပြီး မုတ်သုံလေအားကောင်းလာမှုကြောင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် မိုးများရွာသွန်းလျက်ရှိပြီး အဆက်မပြတ်မိုးကြောင့် ငဖဲမြို့နယ်ရှိ မန်းချောင်းနှင့် ပန်းတိမ်းမန်းချောင်းများအတွင်းသို့ တောင်ကျချောင်းရေများ စီးဆင်းဝင်ရောက်ခဲ့၍ အဆိုပါချောင်းများ၏ အောက်ဘက်ရှိ ရွှေစက်တော်ဘုရား အောက်စက်တော်ရာဘုရား ရင်ပြင်တော်ပေါ်သို့ ငါးပေကျော်ခန့် ရေလွှမ်းခဲ့ကြောင်း သိရသည်။



ငဖဲမြို့နယ်အတွင်း ဇွန် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မုန်တိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ငဖဲမန်းချောင်းရေနှင့် ပန်းတိမ်းမန်းချောင်းရေများ မြင့်တက်ခဲ့၍ ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုများ ဖြစ်ခဲ့ရသည်။ "ငဖဲမြို့နယ်ရှိမန်းချောင်းရေလှောင်တမံမှာ ဇွန် ၁၁ ရက် နံနက် ၆ နာရီအချိန်တိုင်းထွာချက်အရ ရေအမှတ်မှာ ၆၁၁ ဒသမ ၈၀ ဖြစ်ပြီး ရေပိုလွှဲမှ ရေကျော်ဖို့ ၉ ပေလိုပါတယ်၊ မိုးရေချိန် ၅ ဒသမ ၄၅ လက်မ ဖြစ်နေလည်း လုံးဝစိုးရိမ်စရာမရှိပါဘူး၊ တောင်ကျရေတွေ ထပ်မံသိုလှောင်နိုင်ပါသေးတယ်၊ ငဖဲမန်းချောင်းအတွင်း ရေများနေတာဟာ ဆတ်သေချောင်းရေနဲ့ ပဇီချောင်းရေများနေလို့ဖြစ်ပါတယ်၊ မန်းတမံရေပိုလွှဲမှ ကျော်လွှန်စီးဆင်းလာတဲ့ရေ မဟုတ်ပါဘူး"ဟု မန်းချောင်းရေလှောင်တမံ ထိန်းသိမ်းရေးတာဝန်ခံ ဦးမောင်မောင်ဝင်းက ပြောသည်။

"ငဖဲမြို့နယ် တောင်ဘက်ခြမ်းက ရေလှောင်တမံကတော့ ဇွန် ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်မှာ ရေပိုလွှဲမှ စတင်ရေကျော်ပါတယ်၊ ဇွန် ၁၁ ရက် နံနက် ၆ နာရီ ရေအမှတ် ၆၀၃ ဒသမ ၅၀ ဖြစ်ပြီး ရေပြည့်အမှတ် ၆၀၂ ဒသမ ၀၀ အထက် ၁ ဒသမ ၅ ပေ ရေကျော်နေပါတယ်၊ တမံအားလုံး ပုံမှန်အခြေအနေဖြစ်ကာ ကြံ့ခိုင်ကောင်းမွန်ပြီး ၂၄ နာရီ ရေကင်းစောင့်တာဝန်များ ချထားကာ အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန်းရွှေစက်တော်သို့ စီးဆင်းသည့် ပန်းတိမ်း မန်းချောင်းရေနှင့် ငဖဲမန်းချောင်းရေများအတွင်း ပဇီချောင်းရေများ စီးဆင်းနေ၍ မန်းရွှေစက်တော် အောက်စက်တော်ရာ ရင်ပြင်အထက် ငါးပေခန့် ရေကျော်နေပြီး လူ၊ တိရစ္ဆာန်၊ ပစ္စည်းအားလုံး ဆုံးရှုံးမှုမရှိကြောင်းနှင့် မိုးဆက်လက်ရွာသွန်းပါက ထပ်မံရေတိုးလာနိုင်ကြောင်း သိရှိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



## မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်၍ လက်ပံတန်း၌ နေအိမ် ၈၀ ကျော် ပျက်စီး

**လက်ပံတန်း ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ဇွန် ၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၈၀ ကျော် အမိုးလန်ပျက်စီးခြင်း၊ ပြိုလဲပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဝိုင်းကျေးရွာအုပ်စု၊ ရေကန်ကျေးရွာအုပ်စုနှင့် ပေါက်တောစုကျေးရွာအုပ်စုတို့တွင် နေအိမ် ၇၂ လုံး အမိုးလန်ပျက်စီး၍ နေအိမ် ၁၂ လုံး ပြိုလဲပျက်စီးခဲ့ခြင်းဖြစ်သည်။ ပေါက်တောစုကျေးရွာအုပ်စုမှ နေအိမ်ပြိုလဲ ပျက်စီးမှုများအနက် မကျီးတောကျေးရွာမှ ဦးအောင်မြင့်နိုင်၊ ဒေါ်အေးသိန်းနှင့် သာယာကုန်းကျေးရွာမှ မစုလှိုင်နှင်းတို့မှာ နေအိမ်ပိ၍ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ လေဘေးသင့်ပြည်သူများအနေဖြင့် နီးစပ်ရာ ဆွေမျိုးများနေအိမ်၌ ယာယီနေထိုင်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက နေရာချထားပေးထားကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နမ့်ဆန်မြို့နယ်၌ ရက်ဆက်မိုးရွာသွန်းမှုကြောင့် လမ်းများတွင် မြေပြိုကျမှုဖြစ်ပွား

**နမ့်ဆန် ဇွန် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ဇွန် ၁၀ ရက်မှစ၍ ရက်ဆက်မိုးရွာသွန်းမှုကြောင့် နမ့်ဆန်-သီပေါ လမ်းပိုင်း ၁၆/၁၇ မိုင်ကြားနှင့် ၁၇/၁၈ မိုင်ကြားတွင် မြေနံရံပြိုကျပြီး လမ်းများပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အလားတူ နမ့်ဆန်မြို့အထွက် ဦးခမ်းဆိုင်ဆီဆိုင်ဘေးတွင်လည်း မြေထိန်းနံရံပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ကားများသွားလာမှု အခက်အခဲမဖြစ်စေရန်အတွက် ဆောက်လုပ်ရေးဌာနက ရေမြောင်းများဖောက်ထုတ် ပြုပြင်ခြင်းနှင့် ပြိုကျသည့်မြေနံရံများကို ရှင်းလင်းဖယ်ရှားခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမ်းမြို့၌ တောင်ကျရေတိုက်စားမှုကြောင့် ကားလမ်းပျက်စီးခြင်းနှင့် လမ်းရေကျော်မှုများဖြစ်ပွား

**အမ်း ဇွန် ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ဇွန် ၈ ရက်မှ ၁၁ ရက်အထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်းပြီး ရေတိုက်စားမှုများကြောင့် ကားလမ်းကျိုးပဲ့ပျက်စီးခြင်းနှင့် မြေနိမ့်ကားလမ်းနေရာများတွင် ရေကျော်နစ်မြုပ်ခြင်း ဖြစ်ပွားလျက်ရှိပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ခေတ္တရပ်တန့်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်-စစ်တွေကားလမ်း၏ မဲလက်မောင်းကျေးရွာနှင့် ကံ့ကော်မြိုင်ကျေးရွာကြား မိုင်တိုင်အမှတ်(၁၇/၃) မှ (၁၇/၅)ကြား နေရာတွင် ကားလမ်းပေါ်၌ အကျယ် ပေ ၂၀၀ ရေအနက် လေးပေခန့် ရေကျော်လျက်ရှိပြီး အမ်း-မအီကားလမ်း မိုင်တိုင်အမှတ်(၂၂/၆)အနီးတွင်လည်း မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများ စီးဆင်းကာ ရေတိုက်စားမှုကြောင့် ကားလမ်း ပေ၂၀ ခန့် ကျိုးပဲ့ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုနေရာတွင် မော်တော်ယာဉ်သွားလာမှုများ ပြတ်တောက်လျက်ရှိရာ ယာယီဘေလီတံတားဆောက်လုပ်နိုင်ရန်အတွက် ကားလမ်းကျိုးပဲ့သည့်နေရာသို့ ပစ္စည်းများ ရောက်ရှိပြီဖြစ်သော်လည်း ယာယီဘေလီ တံတားတည်ဆောက်ရန် အချိန် နှစ်ရက်ခန့် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ လမ်းပြုပြင်မှုကို အမြန်ဆုံးဆောင်ရွက်နိုင်ပြီး ပုံမှန်ဖြတ်သန်းသွားလာနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ် ဦးဆောင်သည့် လမ်းအထူးအဖွဲ့ ၁၆ မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်းတုန်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မင်းတုန်းချောင်းရေကြီး

**မင်းတုန်း ဇွန် ၁၁**

သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ပုသိမ်-မုံရွာလမ်း ဘူးတောင်းကျေးရွာနှင့် မင်းတုန်းမြို့ဆက်သွယ်ရေးကားလမ်းပေါ်သို့ မင်းတုန်းချောင်းရေများ ဇွန် ၁၁ ရက် နံနက်ပိုင်းမှစ၍ ရေကျော်ခဲ့ရာ ရေအနက်မှာ နှစ်ပေခန့်ရှိကြောင်းနှင့် မင်းတုန်းချောင်း တံတားတွင်လည်း တံတားကို ချောင်းရေထိရန် ခြောက်ပေခန့်သာလိုတော့ကြောင်း သိရသည်။

ယခုကဲ့သို့ ချောင်းရေကြီးခြင်းကြောင့် ဘူးတောင်း-မင်းတုန်း ဆက်သွယ်ရေးလမ်း ပြတ်တောက်သွားသော်လည်း ၄ မိုင် ၆ ဖာလုံလမ်းမှတစ်ဆင့် မော်တော်ယာဉ်များ သွားလာ၍ရနေသည့်အတွက် ဒေသ၏ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားခြင်းမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ညောင်တုန်းမြို့တွင် ရုတ်တရက်လေပြင်းတိုက်၍ အိမ်လေးလုံးအမိုးလန်ပြီး အိမ်တစ်လုံး ပြိုကျ

**ညောင်တုန်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ဇွန် ၁၁ ရက် နံနက် ၄ နာရီခွဲခန့်တွင် လူနေအိမ်လေးလုံး အမိုးလန်ပြီး အိမ်တစ်လုံး ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ် စက္ကော့ရေလယ်ကျေးရွာအုပ်စု ကပ္ပလီကျွန်းကျေးရွာတွင် ရုတ်တရက် လေပြင်းတိုက်ခတ်သောကြောင့် လူနေအိမ် လေးလုံး အမိုးလန် ပျက်စီးခဲ့သလို ဆင်ထုံးကျေးရွာအုပ်စု ရွှေဟင်္သာကျွန်း အောက်စုကျေးရွာတွင်လည်း လေပြင်းဒဏ်ကြောင့် အိမ်တစ်လုံး ပြိုကျခဲ့၍ စုစုပေါင်း အိမ်ထောင်စု ငါးစုမှ လူဦးရေ ၁၈ ဦး လေဘေးသင့်ခဲ့ကြောင်းနှင့် အဆိုပါ လေဘေးသင့်ပြည်သူများအား ဆွေမျိုးများ၏နေအိမ်များသို့ ယာယီပြောင်းရွှေ့နေရာချထားပေးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ညောင်တုန်း(ပြန်/ဆက်)**

## မကွေး၌ ခရီးသည်တင်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးရန် ဒေသခံများလိုလားနေ

**မကွေး ဇွန် ၁၁**

သက်တမ်း ၁၅ နှစ်ရှိ မကွေးလေယာဉ်ကွင်းသစ်၌ သုံးနှစ်ခန့်သာ လေကြောင်းခရီးစဉ်များ ပြေးဆွဲခဲ့ပြီး ၁၂နှစ်ကြာသည့်တိုင် ခရီးသည်တင်လေယာဉ်များ ဆင်းသက်မှုမရှိတော့သည့်အတွက် ဒေသဖွံ့ဖြိုးရေးကိုရှေးရှုကာ လေကြောင်းခရီးစဉ် ပြန်လည်ပြေးဆွဲပေးရန် မကွေးဒေသခံများက လိုလားနေကြောင်း သိရသည်။

၂၀၀၁ ခုနှစ်က စတင်ဆောက်လုပ်ပြီး ၂၀၀၃ ခုနှစ် ဇွန် ၆ ရက်တွင် လေယာဉ်ကွင်းသစ်ကြီး ဖွင့်လှစ်၍ ခရီးစဉ်များ တစ်ပတ်လျှင် နှစ်ကြိမ် ပြေးဆွဲခဲ့သော်လည်း ၂၀၀၆ ခုနှစ် နောက်ပိုင်းမှစ၍ ခရီးသည်တင်လေယာဉ်များ ဆင်းသက်မှုမရှိတော့ခြင်းဖြစ်သည်။

"စီးမယ့်သူမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ လေယာဉ်မဆင်းတာလို့ ကြားသိရပါတယ်၊ မကွေးမှာ လေယာဉ်ဆင်းရင် စီးမယ့်သူမရှိဘူးလို့ ပြောတယ်၊ တစ်ပတ်မှာ နှစ်ကြိမ်ဆင်းပေးပါ၊ ရှုံးတဲ့ဟာကို ကျွန်တော်ခံပါ့မယ်၊ လူမှုရေး၊ သက်ကြီးရွယ်အိုတွေရဲ့ ဆေးဝါးကုသရေး၊ နိုင်ငံတကာ ခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် NGO တွေ အဝင်အထွက်များနေတဲ့အချိန်မှာ ဒါက မကွေးတိုင်းဒေသကြီးရဲ့ လိုအပ်ချက်ဖြစ်နေပါတယ်၊ အချိန်ကို ချုံ့သွားရတဲ့ကိစ္စတွေ အများကြီးရှိပါတယ်"ဟု မကွေးတိုင်းဒေသကြီး ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစံထွေးက ပြောသည်။

လက်ရှိ လေယာဉ်ကွင်းမှာ မြေအကျယ် ၈၁၈ ဒသမ ၈၂ ဧကပေါ်တွင် တည်ရှိပြီး ပြေးလမ်းအရှည် ၈၅၀၀ ပေ၊ အကျယ် ပေ ၂၀၀ ရှိကာ မြန်မာ့လေကြောင်းပိုင် ခရီးသည် ၁၀၀ ကျော်ဆံ့သည့် လေယာဉ်ကြီးများလည်း ဆင်းသက်နိုင်ကြောင်း မကွေးလေဆိပ်မှ သိရပြီး မကွေးဒေသခံအများစုအနေဖြင့် လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးရန် လိုလားနေကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးရေးအတွက် လေယာဉ်ခရီးစဉ်များ ရှိစေချင်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် လေယာဉ်များ ဆင်းသက်ပျံသန်းရာတွင် အန္တရာယ်ကင်းရှင်းရေးကို အဓိကထား ဝန်ဆောင်မှုပေး ဆောင်ရွက်နေပြီး ညအချိန်၌ပင် လေယာဉ်များ ဆင်းသက်နိုင်အောင် လုပ်ဆောင်ထားကြောင်း၊ ခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရန် ဒေသတွင်းအစိုးရမှတစ်ဆင့် ပို့ဆောင်ရေးဝန်ကြီးဌာနထံ တင်ပြရမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မကွေးလေဆိပ်မန်နေဂျာ(လေကြောင်းထိန်း) ဦးမင်းအောင်က ပြောကြားသည်။

**ဇေယျတု(မကွေး)**



## တိုက်ကြီးမြို့နယ်တွင် ဉာဏ်တော် ၁၁ ပေရှိ နှီးဘုရားတစ်ဆူ တည်ထားလျက်ရှိ

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ရှမ်းစုရပ်ကွက် ရှမ်းကျောင်းကြီးကျောင်းတိုက်၌ နှီးဘုရားကြီးတစ်ဆူကို ရှမ်းကျောင်းကြီးကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တဝိမလ ဦးစီးပြီး ဂေါပကများနှင့် ရှမ်းစာပေ ယဉ်ကျေးမှုကော်မတီဝင်များ ပူးပေါင်း၍ စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် စတင် တည်ထားလျက်ရှိကြောင်း သိရသည်။

နှီးဘုရားကို တာချီလိတ်မြို့ရပ်ကွက်(၂) မကာဟိုခမ်းရပ်ကွက် ဘုရားကြီးကျောင်းဆရာတော် ဦးဝိမလဗုဒ္ဓိနှင့် ကျွမ်းကျင်ဗိသုကာပညာရှင်များက တည်ဆောက်နေခြင်းဖြစ်ပြီး ဘုရားမှာ ဒူးတော်အကျယ် ကိုးပေ၊ ဉာဏ်တော်အမြင့် ၁၁ ပေရှိကြောင်း သိရသည်။ ဆရာတော်နှင့် ပညာရှင်များအနေဖြင့် နှီးဘုရားတည်ဆောက်ခြင်းကို ပြည်တွင်းပြည်ပတွင် လိုက်လံဆောင်ရွက်ခဲ့ရာ ယခု ဘုရားကြီးမှာ ၁၁၁ ဆူမြောက်ဖြစ်ပြီး ငွေကျပ် သိန်း ၈၀ ကျော် ကုန်ကြမည်ဖြစ်ကြောင်း သိရသည်။

နှီးဘုရား တည်ဆောက်ပြီးပါက ဘုရားသီတင်းသုံးမည့် ဂန္ဓကုဋိတိုက်ကိုလည်း ဆက်လက်တည်ဆောက်မည်ဖြစ်ပြီး ငွေကျပ် သိန်း ၈၀၀ ကျော် ကုန်ကျမည်ဖြစ်၍ ပြည်သူများအနေဖြင့် ဖုန်း ၀၉၅၁၆၂၂၄၈ နှင့် ၀၉ ၇၆၃၅၀၈၂၀၈ တို့မှတစ်ဆင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

## ကချင်ပြည်နယ်အစိုးရသို့ တရုတ်မီဒီယာများက စာအုပ်၊ စာနယ်ဇင်းနှင့် စီဒီခွေများ လှူဒါန်း

**မြစ်ကြီးနား ဇွန် ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ သတင်းမီဒီယာအုပ်စုမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ စာအုပ်၊ စာနယ်ဇင်းနှင့် စီဒီခွေများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၁ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တယ်ဟုန်ပြည်နယ်ခွဲကော်မတီ၊ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဌာနမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

စာအုပ်များလှူဒါန်းပွဲတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ယခု တရုတ်နိုင်ငံမှ လှူဒါန်းသည့် စာအုပ်များတွင် တရုတ်စကားပြောစာအုပ်၊ တရုတ်လိုရေးထားသည့်စာအုပ်များ ပါရှိကြောင်း၊ တရုတ်နိုင်ငံ၏ ဒေသအကြောင်း၊ ယဉ်ကျေးမှုထုံးစံများကို ယခုလှူဒါန်းသည့် စာအုပ်များမှတစ်ဆင့် မြန်မာနိုင်ငံသားများ လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရန်အတွက် စာကြည့်တိုက်ယဉ်ကျေးမှုကို ပြန်လည်ဆန်းသစ်နေချိန်တွင် အခုလို စာအုပ်စာပေများ လှူဒါန်းသည့် တရုတ်သတင်းမီဒီယာအဖွဲ့၏ စေတနာကို အသိအမှတ်ပြုကြောင်း ပြောကြားသည်။

ထို့နောက် တယ်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ အတွင်းရေးမှူးက မြန်မာနှင့် တရုတ်မှာ သမိုင်းတစ်လျှောက်တွင် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခြင်း၊ စီးပွားရေး ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းများရှိကြောင်း၊ လတ်တလောတွင် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုတိုးမြင့်လာလျက်ရှိကြောင်း၊ ယခုလှူဒါန်းသော စာအုပ်များမှာ မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ်များဖြစ်ပြီး ကျန်းမာရေးကုသမှု၊ စိုက်ပျိုးထုတ်လုပ်ရေး၊ သဘာဝနှင့် သိပ္ပံပညာလက်တွေ့သုံးနည်း စသည့် ဘာသာရပ်စာအုပ်များဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တရုတ် သတင်းမီဒီယာအဖွဲ့က စာအုပ်၊ စာနယ်ဇင်းနှင့် စီဒီခွေများကို ပေးအပ်ရာ လူမှုရေးဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက တရုတ်မီဒီယာအဖွဲ့ထံ ပြန်လည်ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကျောက်တလုံးကြီးမြို့၌ မိုးသည်းထန်၍ တံတားနှင့် တံတားဘေး လမ်းပခုံးမြေသား ပြိုကျ



**ကျောက်တလုံးကြီး ဇွန် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပင်တွန်ကျေးရွာအုပ်စု ထီပုန်းကျေးရွာတွင် ဇွန် ၁၀ ရက် ညနေ ၃ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ကျောက်တလုံး-ပင်တွန်လမ်း မိုင်တိုင်အမှတ် ၁/၁ နှင့် ၁/၂ ကြားရှိ အကျယ် ၂၄ ပေ၊ အရှည် ငါးပေရှိသော တံတား(Box Culvert)တစ်စင်း၏ ဝဲဘက်အနောက်ခြမ်း ဘဲတောင်နှင့် တံတားဘေး လမ်းပခုံးမြေသားများ ပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ ကျောက်တလုံးကြီးမြို့အုပ်ချုပ်ရေးမှူး ဦးစောချမ်း၊ Willian Sky ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးခန့်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့် လက်ရှိအခြေအနေတွင် ပြည်သူများ သွားလာမှုအဆင်ပြေစေရန် လမ်းလွှဲဖြင့် ဖြတ်သန်းသွားလာနိုင်ရေးကို တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး ဒီမောဆိုမြို့နယ်၌ ဆွေးနွေး

**ဒီမောဆို ဇွန် ၁၁**

ကယားပြည်နယ် ဒီမောဆိုမြို့နယ်အတွင်းရှိ အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး၊ ဒေသန္တရအုပ်ချုပ်ရေးတွင် အမျိုးသမီးများ ပါဝင်လာစေရေးနှင့် နယ်ပယ်ပေါင်းစုံမှ အမျိုးသမီးများ၏ အခွင့်အရေးများကို လေးစားမြှင့်တင်၍ ကျား၊ မ ရေးရာ ညီမျှသော ပတ်ဝန်းကျင်နှင့် အုပ်ချုပ်မှုမူဝါဒများ ထွန်းကားလာစေရေး ရည်ရွယ်ချက်များဖြင့် ဖန်တီးအိမ်အဖွဲ့အစည်းက ဦးဆောင်၍ ရပ်ရွာနေ အမျိုးသမီးများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဆွေးနွေးပွဲတစ်ရပ်ကို ဇွန် ၁၁ ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားပြီး ဖန်တီးအိမ်အဖွဲ့အစည်းမှ ဒါရိုက်တာ ဒေါ်ခင်လေးငယ်က ဒေသန္တရအုပ်ချုပ်ရေးတွင် အမျိုးသမီးများ ပါဝင်လာစေရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် ရပ်ရွာနေ အမျိုးသမီးများနှင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ အပြန်အလှန်ဆွေးနွေးဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇေယျာမင်းက သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်း အကြောင်းရင်းများ၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး International Commission of Jurist (ICJ)မှ ဥပဒေရေးရာ သုတေသီတစ်ဦးက အမျိုးသမီးနှင့်ဆိုင်သော ဥပဒေများကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ အမျိုးသမီး အဖွဲ့အစည်းများက ကျား၊ မ အခြေပြု အကြမ်းဖက်မှုကာကွယ်တားဆီးရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖန်တီးအိမ်၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းခဲ့ကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## စေတုတ္တရာမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကျင်းပ

**စေတုတ္တရာ ဇွန် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ စေတုတ္တရာမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း နှင်းဆီဆောင်၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးနှင့် ဦးထွန်းထွန်းဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးလင်းထွဋ်က စီမံကိန်း(စတုတ္ထနှစ်စက်ဝန်း) အကောင်အထည်ဖော်မှုများကို ရှင်းလင်းခဲ့သည်။ ထို့နောက် ကျေးရွာလူထုများက အဖွဲ့လိုက်ဆွေးနွေးခဲ့ကြပြီး ရရှိသည့်ရလဒ်များကို ပြန်လည်တင်ပြကာ စီမံကိန်းလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်ခဲ့သည့် ကျေးရွာအုပ်စုနှင့် ကျေးရွာများကို ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

စေတုတ္တရာမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်)အတွက် ရရှိသော ထောက်ပံ့ရန်ပုံငွေ ကျပ် ၁၀၁၂ သန်းဖြင့် ကျေးရွာအုပ်စု ၄၆ စုမှ ရွာပေါင်း ၁၁၅ ရွာ၌ ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြင့်မားလာစေရန် သင်တန်းများပေးပြီး အခြေခံအဆောက်အအုံများဖြစ်သော လမ်းတံတားလုပ်ငန်း ၄၃ ခု၊ အဆောက်အအုံ ၆၃ ခု၊ ရေပေးရေးလုပ်ငန်း ၁၄ ခု၊ မီးလင်းရေးလုပ်ငန်း ၁၄ ခု၊ လုပ်ငန်းခွဲစုစုပေါင်း ၁၃၄ ခုတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## မောက်မယ်၌ လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေး ဆွေးနွေး

**မောက်မယ် ဇွန် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရေး ရည်ရွယ်လျက် ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် UN အဖွဲ့အစည်းတစ်ခုဖြစ်သည့် United Nations Office for Project Services (UNOPS) တို့ ပူးပေါင်းဆောင်ရွက်မည့် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်းနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို မောက်မယ်မြို့နယ် ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ဇွန် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြမြသန်းက အမှာစကားပြောကြားပြီး ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် အခက်အခဲများကို တင်ပြဆွေးနွေးကာ မြို့နယ်ကြက်ခြေနီတာဝန်ခံ ဒေါ်နန်းယွမ်းဗိုဟွမ်က ဘက်စုံမြို့နယ်ကျန်းမာရေးအစီအစဉ်အရ ၂၀၁၈ ခုနှစ်အတွင်း ဇန်နဝါရီလမှ ဇွန်လအထိ ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်သူများ ကျန်းမာရေးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်မည့် နည်းလမ်းများ၊ ရန်ပုံငွေရှာဖွေခြင်း၊ ပံ့ပိုးပေးနေသော လက်ရှိလုပ်ငန်းများနှင့် အခက်အခဲများ၊ ကျေးရွာများတွင် လုပ် ဆောင်နေသော လုပ်ငန်းများနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ကျန်းမာရေးကြီးကြပ်မှု ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower )များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၇)ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀)စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃)စင်း နှင့် ရွေ့လျားစက်လှေကား (၂၀)စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀)ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလုကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

**DEVELOPER-**

GA MONE PWINT CO.,LTD.

အမှတ်( ၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

## မာတိကာ

**ဒုတိယအကြိမ်မြောက် သတင်းရေးသား ထုတ်ပြန်ခြင်း သင်တန်းဖွင့်လှစ်**

စာမျက်နှာ - ၈

**သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ လစဉ်တိုးမြှင့် ထုတ်ဝေဖြန့်ချိလျက်ရှိ**

စာမျက်နှာ - ၁၁

**၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာ**

စာမျက်နှာ - ၁၂



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂျပန်နိုင်ငံ၌ ကျင်းပသည့် (၂၄) ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဂျပန်နိုင်ငံ၌ ကျင်းပသည့် (၂၄)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

အစည်းအဝေးပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အဖွဲ့သည် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Taro Kono၊ အတွင်းဝန်ချုပ် Mr. Yoshihide Suga၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုရေးရာဝန်ကြီးဌာနဝန်ကြီး Mr. Hiroshige Seko နှင့် နီပွန်ဖေါင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည် သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်ဖြစ်သူ Mr.Yohei Sasakawa တို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုများ၊ ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များ၊ အထူးသဖြင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများ ဖြစ်သည့် UNDP နှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်မှုနှင့် မြန်မာအစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခု ဖွဲ့စည်းသွားနိုင်မှုစသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Taro Kono တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

# ပင်လယ်ကမ်းစပ်၌ လူ ၁၀၄ ဦးနှင့် စက်လှေတစ်စင်းအား တွေ့ရှိ

**နေပြည်တော် ဇွန် ၁၁**

ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရသေ့တောင်မြို့နယ် အောင်ဗလချောင်းဝ အငူမော်ကျေးရွာနှင့် ဒုံးပိုက်ကျေးရွာအကြား ပင်လယ်ကမ်းစပ်တွင် စက်လှေတစ်စင်းနှင့် လူများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် သာစည်ကျေးရွာအနီး ပင်လယ်ကမ်းစပ်၌ စက်လှေ အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အနက် ၆ ပေရှိ ဝမ်းဗိုက်ထက်ခြမ်းကွဲ ပျက်စီးနေသော စက်လှေတစ်စင်း နှင့် အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၄ ဦးတို့အား စိစစ်တွေ့ရှိရသည်။

၎င်းတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မော်တော်ယာဉ် လေးစီးဖြင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ပို့ဆောင်ပေးခဲ့ရာ ညနေ ၅ နာရီ ၃၅ မိနစ်တွင် ရောက်ရှိခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ

*စာမျက်နှာ ၁၁ ကော်လံ ၅* ◆



ပင်လယ်ကမ်းစပ်သို့ ရောက်ရှိလာသည့် စက်လှေပျက်စီးနေမှုကို တွေ့ရစဉ်။

# G-7 ထိပ်သီးအစည်းအဝေးမှ မြန်မာနိုင်ငံ၏ ကတိကဝတ်ပြုမှုများကို ကြိုဆိုခဲ့

**နေပြည်တော် ဇွန် ၁၁**

ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ် La Malbaie မြို့တွင် ၂၀၁၈ ခုနှစ် ဇွန် ၈ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် G-7 ထိပ်သီးအစည်းအဝေးမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ အဆိုပါကြေညာချက်တွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရမှ မကြာသေးမီက ပြုလုပ်ခဲ့သည့် ကတိကဝတ်ပြုမှုများအပေါ် ကြိုဆိုကြောင်းဖော်ပြခဲ့သည်။

**နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီပေးမည်**

အဆိုပါ ကြေညာချက်တွင် မြန်မာနိုင်ငံမှ မကြာမီကထုတ်ပြန်ခဲ့သည့် ကတိကဝတ်များအား ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းအောင်မြင်မှုရရှိစေရေးအတွက် ကြိုးပမ်းမှုများကို ညှိနှိုင်းဆောင်ရွက်ပေးသွားကြရန် G-7 နိုင်ငံခေါင်းဆောင်များအနေဖြင့် ကတိပြုကြောင်း၊ အထူးသဖြင့် လက်ရှိပေါ်ပေါက်နေသော နေရပ်စွန့်ခွာသွားသူများကိစ္စတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား လွယ်ကူအဆင်ပြေချောမွေ့စွာပေးအပ်နိုင်ရေးနှင့် ၎င်းတို့ဆန္ဒအလျောက် သိက္ခာရှိရှိ ဘေးအန္တရာယ်ကင်းစွာဖြင့် ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား သဘောတူညီချက်ကိုအကောင်အထည်ဖော်ရန် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် အထောက်အကူပြုနိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဇွန် ၆ ရက်က မြန်မာအစိုးရနှင့် UNHCR ၊ UNDP တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့သည်။

**လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းသွားရန်ဆုံးဖြတ်**

ထို့အပြင် ၂၀၁၈ ခုနှစ် မေ ၃၁ ရက်ကလည်း ရခိုင်ပြည်နယ်အတွင်း ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဆောင်ရွက်ရာတွင် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာအစိုးရသည် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းသွားရန်ဆုံးဖြတ်ကြောင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ ယင်းကတိကဝတ်များကို G-7 နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ခြင်း ဖြစ်သည်။

မြန်မာအစိုးရ၏ အဆိုပါ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့ အပါအဝင် နိုင်ငံများကလည်း ကြိုဆိုကြောင်းထုတ်ပြန်ကြေညာခဲ့ကြသည်။ **သတင်းစဉ်**


ပညာမြင်းမိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။

ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့၍

ကျောင်းတွင်းထူးချွန်ဆုရကျောင်းသားများကိုလည်း နှစ်စဉ်နှစ်တိုင်းမွေးထုတ်ပေးနေသော ပညာမြင်းမိုရ်





တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။

ပညာမြင်းမိုရ်

၅-တန်း မှ ၁၀-တန်း အထိ

စာသင်တန်းများ စ ပြီ။

၁၀-တန်း Repeater တန်းခွဲသစ်များ လက်ခံနေပါပြီ။

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကကယ-၁၃/၀၉/၀၂၈

၅-တန်း မှ ၁၀-တန်း အထိ

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေ့တာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက် စိတ်ကြိုက်အပ်နှံနိုင်သောအမျိုးအစားများ

နေ့ကျောင်း၊ ဘော်ဒါ၊ တစ်ဝက်ဘော်ဒါ

- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။

Repeater တန်းခွဲသစ်များ June လ လယ် စမည်။

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။

09 965800961, 09 73004720, 09 778912697, 09 445340077, 01 8562830

ကျောင်းကား ရှိပါသည်။